

www.burmeseclassic.com
BURMESE
CLASSIC
.com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး နှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# ပြိတ္တာ

# တစ္ဆေမြောင်ဂူ

နှင့်

# အရိုပ်ဝိဇ္ဇာ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၁၆၂၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၃၅၇၀၃၀၉
အကြိမ် – ပထမအကြိမ်၊
၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀/–
ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။
အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြဲ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
တြိစက္က
တစ္ဆေမြောင်ဝှမှ အရိပ်ဝိညာဉ်/ တြိစက္က၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။
၂၄၀ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) တစ္ဆေမြောင်ဝှမှ အရိပ်ဝိညာဉ်


## ဒဿနလင်္ကာဆောင်

- မိုးရေတစ်စက်ချင်းကျလာသောအခါ ကျောက်တုံးက ပြုံး၍ မော့ကြည့်သည်။
  မိုးများလာသောအခါ အပြုံးရပ်သွားသည်။
  မိုးသက်မုန်တိုင်းအဖြစ် ပြောင်းသွားသောအခါ ကျောက်တုံးမှာ မိုးရေစက်များအတွက် နေရာဖယ်ပေးရတော့သည်။

- စဉ်းစားတွေးခေါ်တတ်သူသည် ဓရှည်ဓရီးလမ်းကို မျှော်ကြည့်ပြီး သိက္ခာရှိစွာဖြင့် တရားပေါ်မှာ ရပ်နေလေ့ရှိသည်။

- ပညာမဲ့သူသည် ထိုသိက္ခာကို ငွေကြေးဖြင့် လဲလှယ် ပစ်တတ်ပေသည်။

- သင်သည် မီးဖိုပေါ်မှ အိုးအတွင်းရှိ မလိုင်ကို လိုချင်ရင် မီး အပူဒဏ်ကိုတော့ ခံနိုင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

✪ ကောင်းမှု၏ အခြားမဲ့၌ မကောင်းမှုတစ်ခုသာရှိသည်။ မကောင်းမှု၏အခြားမဲ့၌ မကောင်းမှုပေါင်းများစွာ ရှိနေသည်။

✪ လောဘကြီး၍ ကောက်ကျစ်ယုတ်မာသူများနှင့် တွေ့ရခြင်းသည် ရှေးဘဝ ကံမကောင်းခဲ့ခြင်းကြောင့် ဖြစ်သည်။
ထိုအချက်ကိုသတိပြုမိ၍ ရှောင်ဖယ်နိုင်ပါက လွတ်မြောက်ရာ လမ်းစကို တွေ့ရပါလိမ့်မည်။

✪ သေးငယ်သောမကောင်းမှုကိုပြုခြင်းကိုလည်း သေးငယ်သည်ဟု ဥပေက္ခာမပြုသင့်ပေ။
သေးငယ်သော်လည်း သင်ပြုသောကုသိုလ်ကံ၏ အကျိုးပေးမှုက များပြားစွာ ရနိုင်သည်။

✪ ကောက်ကျစ်တတ်သူတို့၏အပြုံးနှင့် ချိုသာသော စကားသည် ဖျားရည်သုတ်ထားသော သင်တုန်းဓား ကဲ့သို့ ကြောက်စရာ ကောင်းလှသည်။

✪ ချစ်သူနှင့်တွေ့သောအချိန်မှာ ဒဿနစကားလုံးများကိုသာ ရွေးချယ်ပြောနေသူသည် အိမ်ထောင်ကျသွားသည့်အချိန်တွင် စိတ်ဓာတ်ကြွေင်သော စကားလုံးများကိုသာ ရွေးချယ်ပြောပေလိမ့်မည်။

✪ လောကတွင် အတော်ဆုံးလူတစ်ယောက်ဖြစ်လာဖို့ အမှားပေါင်းများစွာနှင့် မကောင်းမှုပေါင်းများစွာဘို့ကို အရင်းအနှီးပြုလုပ်ခဲ့ ရသည်။

✪ အဖြစ်ရှိသည့် မှားယွင်းသောလုပ်ရပ်များကြောင့် လိပ်ပြာမလုံသော အဘွေးများ၏ အချိန်နှင့်အမျှ နှိပ်စက်ခြင်းကို ခံရပေမည်။

✪ အခြေခံမကောင်းသော စာရိတ္တညံ့ဖျင်းသူသည် အင်္ဂတေမကောင်းသောအုတ်ချပ်များဖြင့် ဆောက်ထားသည့်တိုက်ကဲ့သို့ အဘယ်မျှပင် ကြီးမားလှပစေကာမူ အချိန်အနည်းငယ်မှာပင် ပြိုကျသွားနိုင်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း (၁) တစ္ဆေမြောင်လိုဏ်ခေါင်းမှ ခြေသံ

အခန်း (၂) လိုဏ်ခေါင်းအတွင်းမှ လျှို့ဝှက်အန္တရာယ်

အခန်း (၃) လျှို့ဝှက်အန္တရာယ်နှင့် သဲလွန်စများ

အခန်း (၄) ဦးမင်းဒင်နှင့် လျှို့ဝှက်အကြံအစည်

အခန်း (၅) တောနက်တွင်းမှ မျက်စိလည်သူများ

အခန်း (၆) ကျွန်းသေတ္တာအတွင်းမှ အလောင်း

အခန်း (၇) မဟူရာဂိုဏ်းသားများ

အခန်း (၈) တစ္ဆေမြောင်မှ သတင်းဆိုး

အခန်း (၉) လျှို့ဝှက်စာရေးနည်း၊ ဖတ်နည်းများ

အခန်း (၁၀) ဦးမွန်ထော်နှင့် မရဏဝိညာဉ်အရုပ်

အခန်း (၁၁) လူဝံနီပို့အန္တရာယ်

အမန်း (၁၂) တိုက်ပွဲအတွက် ပြင်ဆင်ကြခြင်း

အခန်း (၁၃) လူ့ဘီလူးကြီးနှင့် တွေ့ရလေပြီ

အခန်း (၁၄) ဂမုန်းဘီလူး၏ လှည့်စားမှုကို ခံရသူ

အခန်း (၁၅) အချစ်သည် လောက၏အလှကို ဖန်ဆင်းလေသည်။

အခန်း (၁၆) ဦးဘိုးဟန်နှင့် နောက်ဆုံးတိုက်ပွဲ

အခန်း (၁၇) အချစ်ဖြင့် တည်ဆောက်သော ဘဝလမ်း


☞ ☞ ☞ ☞ ☞

## အခန်း (၁)

## တစ္ဆေမြောင်လိုဏ်ခေါင်းမှခြေသံ

မြန်မာနိုင်ငံအနှံ့အပြားနေရာများတွင် သာသနာပြုလုပ်ငန်းများနှင့်ပတ်သက်သော နေရာအတော်များများရှိကြပေသည်။ ထိုအထဲမှာမှ ပြည်မြို့ဝန်းကျင်တစ်ဝိုက်တွင်လည်း အတော်များများရှိကြပေသည်။

ကျွန်ုပ်အနေနှင့် ၁၉၄၂ ခုနှစ်ဝန်းကျင်လောက်က ပြည်မြို့နှင့်အနီးဝန်းကျင်တစ်ဝိုက်မှာရှိကြသော တောရကျောင်းများရှိရာသို့ လှည့်လည်ခဲ့ဖူးသည်။

ထိုနေရာတစ်ဝိုက်တွင် စစ်မဖြစ်မီက တောရကျောင်းဟောင်းတစ်ဧကကျော်ရှိခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရှိခဲ့ရသေးသည်။

www.burmeseclassic.com



ကျွန်ုပ်ရောက်သွားစဉ်ကတော့ အချို့တောရကျောင်း အတော်များများမှာ နာမည်နှင့်နေရာသာရှိတော့ပြီး တောရကျောင်းများကတော့ မရှိတော့ပေ။

ကျွန်ုပ်သည် နိဗ္ဗိန္ဒ အထက်ကုန်းတောရသို့ ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် နိဗ္ဗိန္ဒ အောက်ကုန်းတောရသို့ ဝင်ခဲ့သည်။ ပြီးမှ အင်ကြင်းမြောင်တောရ၊ ဝက်ပါဂူတောရများသို့ လှည့်လည်ခဲ့သည်။

ဝက်ပါဂူသည် စစ်ကာလအတွင်းက သူတော်စင်တို့ မှီခိုနေထိုင်ရာ နေရာကောင်းတစ်ခုဖြစ်ခဲ့ပေသည်။ ပုံးဆံ အမြောက်ဆံများကင်းလွတ်ရာ၊ ရန်သူတို့ အလွယ်တကူ ရှာမတွေ့နိုင်သော နေရာပျောက်တစ်ခုအဖြစ် လူသိများခဲ့သော နေရာတစ်ခုဖြစ်ခဲ့လေသည်။

ထိုနေရာဒေသများဘက်သို့ လှည့်လည်သွားလာခဲ့စဉ် ကျွန်ုပ်စိတ်ဝင်စားခဲ့သော နေရာတစ်ခုလည်း ရှိခဲ့ပေသည်။

ထိုနေရာမှာ တစ္ဆေမြောင်ဂူပ ဖြစ်သည်။ တစ္ဆေမြောင်ဂူသည် အမည်နာမက စိတ်ဝင်စားဖွယ်ကောင်းသလို ဖြစ်ရပ်ဆန်းများလည်း ရှိခဲ့ပေသည်။

ထိုကား အခြားမဟုတ်ပေ။

နိဗ္ဗိန္ဒဆရာတော်ကြီးနှင့် ဆက်စပ်မှုရှိသော အကြောင်းအရာပင်ဖြစ်တော့သည်။

နိဗ္ဗိန္ဒဆရာတော်ကြီး နိဗ္ဗိန္ဒတောင်သို့ တောထွက်တော်မူလာခဲ့





ပြုံး နှစ်နှစ်ခန့်ကြာသောအချိန်၌ဖြစ်သည်။ မိုးရာသီတော်သလင်းလအချိန်တွင် ကျောင်းရှိ ကိုရင်တစ်စုတို့သည် တောထဲသို့ မှိုရှာသွားကြရာ ထူးဆန်းစွာ ရုပ်အဆင်းအင်္ဂါရှိသော အသက်ခြောက်ဆယ်အရွယ်ခန့် လူတစ်ဦး ထွက်လာသည်ကို အမှတ်မထင် တွေ့ကြရသည်။

ထိုသူမှာ လူတစ်ယောက်၏ ရုပ်သွင်နှင့်မတူဘဲ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေတို့နှင့် ပုံပန်းသဏ္ဌာန်တူသောကြောင့် ကြောက်လန့်တကြားနှင့် ထွက်ပြေးကြရန် ကြိုးစားကြလေသည်။

သို့သော် ထိုကိုရင်များထဲမှာ ကိုရင်ကြီးတစ်ပါး ပါလာသဖြင့် ထိုကိုရင်ကြီးက ပြောသည်။

"ဟော့ ... နေကြဦး ...နေကြဦး၊ ဒါ ...တစ္ဆေသရဲမဟုတ်ဘူး၊ လူကွ"

"ဟုတ်ရဲ့လား ကိုရင်ကြီး၊ လူသာဆိုတယ်၊ လူရုပ်နဲ့လဲ မတူပါလား"

"ဟုတ်တယ်၊ သူ့နာမည်က ဦးမှဲ့ဘူးလို့ခေါ်တယ်၊ ပျောက်နေတာအတော်ကြာပြီ၊ သူက တစ္ဆေမြောင်ဂူထဲမှာ လာပုန်းနေတာ ဖြစ်ရမယ်"

"သူက ဘာကြောင့်လာပုန်းနေတာလဲ"

"ဒါတော့ ဘယ်သိပါ့မလဲ၊ သေချာတာကတော့ သူက တစ္ဆေသရဲမဟုတ်ဘူး။ လူတစ်ယောက်ပဲ"

ထိုသို့ပြောတော့မှ ကိုရင်များလည်း ထွက်မပြေးကြတော့ဘဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရပ်နေကြလေသည်။ ထိုအခါမှ ဦးမှဲ့ဘူးဆိုသောလူကြီးကို အသေအချာ ကြည့်ဝံ့ကြလေသည်။

ဦးမှဲ့ဘူး၏ ရုပ်ဆင်းအင်္ဂါမှာ လူတစ်ယောက်၏ ရုပ်ဆင်းအင်္ဂါမျိုး မရှိတော့ဘဲ ပိန်ကပ်မည်းခြောက်လျက် အရိုးခေါက်ခက်ဖြင့် မှင်စာတစ်ကောင်၏ရုပ်မျိုးနှင့် တူနေလေတော့သည်။

မျက်လုံးအိမ်က အတွင်းသို့ ရှုံ့ဝင်နေပြီး မျက်လုံးများက ဖြူးကြောင်ကြောင်ဖြစ်နေလေသည်။ သွားများက ကျိုးတိုးကျဲတဲနှင့် အပြင်သို့ ခေါ်ထွက်နေ၏။ ဦးမှဲ့ဘူးအား မှတ်မိနေသော ကိုရင်ကြီးက အနီးသို့ ကပ်သွားသည်။

"ဦးမှဲ့ဘူး မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ကိုရင်တို့နဲ့ လိုက်မလား"

ခေါင်းညိတ်ပြသည်။ ထို့ကြောင့် ကိုရင်တစ်စုက ဦးမှဲ့ဘူးဆိုသော လူကြီးအား ဆရာတော်ကြီးထံသို့ ခေါ်လာခဲ့ကြလေသည်။

ဆရာတော်ရှေ့မှောက်သို့ ရောက်သောအခါ ဆရာတော်က အကျိုးအကြောင်းမေးမြန်းသော်လည်း စကားမပြောနိုင်တော့ပေ။ စကားမပြောနိုင်ခြင်းထက် စကားမပြောတတ်ခြင်းဆိုက ပို၍ မှန်ပေမည်။ ၎င်းမှာ အခြားသူများပြောသော စကားကို နားလည်သော်လည်း ပြန်မပြောနိုင်တော့ပေ။



ပြန်ပြောပြန်တော့လည်း ကျေးငှက်သံများကဲ့သို့ အသံသေးသေးလေးသာရှိတော့ပြီး နားမလည်နိုင်တော့ပေ။ တစ္ဆေမြောင်ဂူအတွင်း၌ နှစ်ပေါင်း သုံးလေးဆယ်ကြာအောင် တစ်ယောက်တည်းနေခဲ့ရသောကြောင့် ထိုကဲ့သို့ စကားမပြောနိုင်တော့ခြင်းလည်းဖြစ်ပေသည်။

အဘယ့်ကြောင့် ထိုကဲ့သို့ လူတွေနှင့် အတွေ့မခံကာ တစ်ယောက်တည်းပုန်းနေသည်ကိုတော့ မည်သူမှ မသိနိုင်တော့ပေ။

နိဗ္ဗိန္ဒတောင်ဆရာတော်ကြီးက ဦးမှဲ့ဘူးကို သနားသဖြင့် ကျောင်း၌ခေါ်ထားကာ ကိုယ်တိုင်စောင့်ရှောက်ကျွေးမွေးလေသည်။ ထို့ပြင် စကားပြောတတ်သော်လည်း သင်ကြားပေး၏။

လအနည်းငယ်ကြာတော့ ကျေးငှက်သံများ တဖြည်းဖြည်းပျောက်သွားကာ လူသံ၊ စကားသံများ ပြောတတ်လာသည်။ နိုင်းစရာတာလည်း လွယ်ကူလာသည်။

နောက်တော့ ဆရာတော်ကြီးက ဦးမှဲ့ဘူးကို ပိုမိုယဉ်ကျေးလာစေရန် ရသေ့ဝတ်စေပြီး ဆွမ်းခံသံဃာများနောက်မှ သပိတ်တစ်လုံးပိုက်ကာ လိုက်စေသည်။

ဦးမှဲ့ဘူးသည် ဆရာတော်ကြီးနှင့်အတူ တစ်နှစ်ကျော်ကျော်မျှ အတူနေထိုင်ရသော်လည်း ပျော်ပိုက်မှုမရှိပေ။ သူသည် မကြာအဆိုသလို တစ္ဆေမြောင်ဂူရှိရာသို့ ပြန်ထွက်ပြေးလေသည်။

ထိုအခါ ဆရာတော်ကြီးက ဦးမှဲ့ဘူးအား တွေ့အောင်ရှာ၍



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ်လာသူအား စားသုံးရန် ဝတ္ထုများစွန့်မည်ဟု ပြောသောအခါ ထင်းခွေ၊ ဖက်ချိုးသူများက တွေ့သဖြင့် ပြန်ခေါ်လာသောကြောင့် ကျောင်းသို့ ပြန်ရောက်လာသည်။ သို့သော်လည်း ကြာကြာမနေဘဲ ပြန်ထွက်ပြေးပြန်လေသည်။

တစ်နေ့သောအခါ ဦးကုလားဆိုသူတစ်ယောက်မှာ ထင်းရှာရင်းနှင့် တစ္ဆေမြောင်ဂူဘက်သို့ ရောက်သွားလေရာ ဂူထဲ၌ ပဒပ်များ၊ မြွေများကို ကင်စားနေသော ဦးမဲ့ဘူးကို တွေ့သဖြင့် ကျောင်းသို့ ပြန်ခေါ်လာလေသည်။

တကယ်တော့ ဦးမဲ့ဘူးမှာ လူအများနှင့် ရောရောထွေးထွေး မနေလို၍သာ တစ္ဆေမြောင်ဂူသို့ ပြန်ပြေးသော်လည်း အစားအသောက်နှင့် ဝတ်စရာရှိသည်မဟုတ်ပေ။

လူများကို ကြောက်ရွံ့သောကြောင့် နေ့အချိန်များတွင် ဂူအတွင်း၌ ပုန်းအောင်းနေပြီး အမှောင်ဖုံးသော ညဥ့်အခါရောက်မှ အပြင်သို့ ထွက်လေ့ရှိသည်။

လူအများနေထိုင်သောနေရာများသို့ လှည့်လည်သွားလာကာ အစားအသောက်နှင့် အဝတ်အထည်များကို တွေ့လျှင် ယူလာလေ့ရှိသည်၊ တစ်ခါတစ်ရံလည်း သစ်သီးဝလံများ ခူးဆွတ်ယူလာလေ့ရှိသည်။ သူသည် အခြားနေရာမှာလည်း ရွှေ့ပြောင်းမနေဘဲ တစ္ဆေမြောင်ဂူအတွင်းမှာသာ နေလေ့ရှိသဖြင့် လိုက်ရှာသူများက သူ့ကို





အလွယ်တကူ ရှာဖွေတွေ့ကာ ဆရာတော်ကြီးရှိရာ ကျောင်းသို့ ပြန်ခေါ်သွားလေ့ရှိသည်။

ဦးမဲ့ဘူးမှာ ရုပ်ဆင်းသွင်ပြင်ဆိုးသော်လည်း ပင်ကိုစိတ်သဘောက နူးညံ့သိမ်မွေ့သူဖြစ်သည်။

ကိုရင်များ၊ ကျောင်းသားများက သူ့ကိုစိတ်ဆိုးအောင် စကြနောက်ပြောင်ကြသော်လည်း တစ်ကြိမ်တစ်ခါမှ စိတ်ဆိုးသောအမူအရာ မရှိခဲ့ပေ။

ဆရာတော်ကြီး နိဗ္ဗာန်စံတော်မူ ထူထောင်သည်မှာ ငါးနှစ်တာ ကာလကြာမြင့်သည်အထိ ဦးမဲ့ဘူးမှာ ကျောင်း၌လာနေလိုက်၊ တစ္ဆေမြောင်ဂူသို့ ပြန်သွားလိုက်နှင့်ရှိနေရာ နောက်ဆုံးတော့ တစ္ဆေမြောင်ဂူသို့ အပြီးပြန်သွားလေတော့သည်။

တစ်နေ့ပြန်လာနိုးဖြင့် စောင့်သော်လည်း ပေါ်မလာတော့ပေ၊ တစ်နေ့တော့ ထင်းရှာသွားသူများက တောထဲ၌ ရသေ့ကြီးဦးမဲ့ဘူး အနိစ္စရောက်နေသည်ကို တွေ့ခဲ့ရကြောင်း ဆရာတော်ကြီးကို လာရောက်လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ကြီးကိုယ်တိုင် တပည့်ယောဂီများနှင့် သွားရောက်ရှာဖွေသော်လည်း တောထဲ၌ နေရာမမှတ်မိသဖြင့် မတွေ့ခဲ့ရပေ။

ထိုအခါ ရသေ့ကြီးဦးမဲ့ဘူး၏ရုပ်ခန္ဓာကလောင်းအား မတွေ့ရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေ၍ ကျောင်းသို့လာရောက်ပို့ပါက ဝတ္ထုငွေများ စွန့်ကြမည်ဟု ကြေညာရပြန်လေသည်။

တစ်နေ့တွင် ထင်းခွေ၊ ဖက်ချိုးသူများက တောထဲ၌ လိုက်လံရှာဖွေကြရာ ဦးမဲ့ဘုး၏ ရုပ်အလောင်းကိုတွေ့သဖြင့် ယူဆောင်လာကြလေသည်။

ထူးဆန်းသောအချက်မှာ ရသေ့ကြီးဦးမဲ့ဘုး၏အလောင်းမှာ သာမန်အလောင်းများကဲ့သို့ ပုပ်ပွပျက်စီးခြင်းမရှိဘဲ ငါးကျည်းခြောက် ကျပ်တင်ထားသကဲ့သို့ လှုပ်မပျက် ခြောက်နေသည်ကို တွေ့ရသည်။

ထိုအခါ နိမ္မိန္ဒဆရာတော်ကြီးက ရသေ့ကြီးဦးမဲ့ဘုး၏အလောင်းကို ဝေပုလ္လတောင်စွန်းတစ်နေရာသို့ သယ်ယူသွားစေပြီး ဆရာတော်ကြီးနှင့် ယောဂီများကိုယ်တိုင် သဂြိုလ်ပေးလိုက်သည်။

ဦးမဲ့ဘုး နှစ်ပေါင်းများစွာနေထိုင်ခဲ့သော တစ္ဆေမြောင်ဂူနှင့် ပတ်သက်သည့်အကြောင်းများ။ ဦးမဲ့ဘုးတစ်ယောက် တစ္ဆေမြောင်ဂူအတွင်း၌ နှစ်ပေါင်းများစွာကြာအောင် တစ်ယောက်တည်း နေထိုင်ခဲ့ပြီး ဘာတွေလုပ်နေသည်၊ ဘယ်ကဲ့သို့သော ကျင့်ကြံအားထုတ်မှုများ ပြုလုပ်ခဲ့သည်၊ ဘယ်အတိုင်းအတာအထိ ပေါက်မြောက်အောင်မြင်ခဲ့သည်တို့ကိုတော့ နိမ္မိန္ဒဆရာတော်ကြီးမှာသာ သိနိုင်ပြီး သာမန်လူများကတော့ ဉာဏ်တစ်ထွာတစ်မိုက်နှင့် လိုက်၍မီတော့မည် မဟုတ်ပါချေ။





ထိုအကြောင်းများက လွန်ခဲ့သောနှစ်များစွာက နိမ္မိန္ဒတော ဘက်သို့ သွားရောက်ခဲ့စဉ်က တစ္ဆေမြောင်ဂူနှင့်ပတ်သက်သော အကြောင်းအချက်အချို့ ဖြစ်ပေသည်။

ထိုအချိန်မှအစပြု၍ ကျွန်ုပ်၏စိတ်ထဲမှာ တစ္ဆေမြောင်ဂူ ဟူသော အမည်တစ်ခုမှာ စိတ်ထဲ၌ စွဲလမ်းနေမိတော့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် နောက်ထပ် နှစ်အနည်းငယ်ကြာသောအခါ ကျွန်ုပ်စိတ်ဝင်စားခဲ့သော တစ္ဆေမြောင်ဂူနှင့်ပတ်သက်သော အဖြစ်အပျက်အချို့နှင့် ကြုံတွေ့ခဲ့ရလေသည်။

သို့သော်လည်း နောက်တစ်ကြိမ်တွေ့ခဲ့ရသော တစ္ဆေမြောင်ဂူမှာ နိမ္မိန္ဒတောရဘက်မှ ဂူမဟုတ်ဘဲ ပဲခူးရိုးမဟု ခေါ်တွင်သော အလယ်ရိုးမတစ်နေရာ၌ ဖြစ်ခဲ့လေသည်။

ထိုနေရာဘက်တွင် သစ်တောအမှုထမ်းတာဝန်ကျနေသော တောအုပ်ကြီး ဦးထန်ဖုန်းရှိန်၏ ဖိတ်ကြားချက်ကြောင့် ထိုနေရာဒေသသို့ ရောက်သွားခဲ့ရာမှ ထိတ်လန့်အံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်များနှင့် ကြုံခဲ့ရခြင်းဖြစ်ပေသည်။

ထိုအချိန်မှာ ၁၉၄၅ ခုနှစ်ဝန်းကျင်အချိန်လောက်က ဖြစ်ပေသည်။

ထိုအချိန်က ၁၉၄၂ ခုနှစ်ဝန်းကျင်လောက်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့သော ဖက်ဆစ်ဂျပန်တို့သည် တိုင်းရင်းသားတို့အား ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်လာသဖြင့် တိုင်းရင်းသားများမှာ နေရာ



www.burmeseclassic.com

www.burmeseclassic.com



အနှံ့အပြားတွင် ခုခံတိုက်ခိုက်နေသောအချိန်လည်းဖြစ်သည်။

၁၉၄၅ ခုနှစ်ရောက်သောအခါ ဖက်ဆစ်ဂျပန်တို့ မြန်မာ့မြေပေါ်မှ ဆုတ်ခွာထွက်ပြေးရကာနီးအချိန်လည်း ဖြစ်ပေသည်။

အလယ်ရိုးမဟု ခေါ်သော ပဲခူးရိုးမသည် မြန်မာနိုင်ငံ၏ အလယ်၌ အချက်အချာကျသောနေရာတွင်ရှိပြီး တော်လှန်ရေးသမားများ ခိုအောင်းရာနေရာလည်း ဖြစ်ခဲ့လေသည်။

ရိုးမတောတွင်း၌ ခိုအောင်းနေသော တော်လှန်ရေးသမားများမှာ အခြားဒေသများရှိ တော်လှန်ရေးသမားများနှင့် ဆက်သွယ်ရန်လည်း လွယ်ကူပေသည်။

အရှေ့ဘက်တွင် ကရင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် ကယားပြည်နယ် အနောက်တောင်ဘက်တွင် ဧရာဝတီတိုင်း အနောက်ဘက်တွင် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ယွန်းယွန်းတွင် ယောနယ်တို့နှင့် ဆက်စပ်မှုရှိလေသည်။

ထိုပြင် ရိုးမတောကြီးသည် မန္တလေးတိုင်း၊ ကရင်ပြည်နယ်တို့နှင့်လည်း ဆက်သွယ်မှုကောင်းလေသည်။ အလယ်ရိုးမတစ်ခုလုံး တောတောင်ထူထပ်ပြီး သစ်တောကြီးများက ဖုံးလွှမ်းထားသဖြင့် တော်လှန်ရေးသမားများအတွက် ခြေကုပ်ယူစရာ နေရာကောင်းတစ်ခုလည်း ဖြစ်ပေသည်။

ထိုရိုးမတောနက်ကြီးတစ်နေရာတွင် ကြောက်မက်ဖွယ်ကောင်းသော ဂူကြီးတစ်လုံးရှိလေသည်။ ထိုဂူကြီး၏အမည်မှာ တစ္ဆေမြောင်ဂူ ဖြစ်သည်။ အဘယ်ကြောင့် ထိုနာမည်ကို ပေးထားသည်ကို မသိရသော်လည်း ကြောက်မက်ဖွယ်ကောင်းသော ဂူကြီးတစ်ဂူဖြစ်သည်ကိုတော့ ထိုနေရာတစ်ဝိုက်ကို ရောက်ဖူးသူများက သိထားကြလေသည်။





အကြောင်းမဲ့တော့ ထိုဂူကြီးရှိရာသို့ မည်သူမှ မသွားဝံ့ကြဘဲ သစ်တောအလုပ်သမားများနှင့် တောပစ်အမဲလိုက်သူများသာ တစ်ခါတစ်ရံ ရောက်လာတတ်သည်။

ထိုဂူကြီးတစ်ဝိုက်တွင် ကျောက်တောင်များ၊ နက်ရှိုင်းသော ချောက်ကမ်းပါးများ၊ လှိုဏ်ကြီးများ၊ သစ်တောကြီးများက ဝန်းရံဖုံးလွှမ်းထားလေသည်။ အချို့ ထိုဂူကြီးအနီးသို့ ရောက်သွားသည့်တွင် အတွင်းဘက်မှ ကြောက်မက်ဖွယ်ရာကောင်းသော အော်သံလိုလို အသံကြီးမျိုးကို ကြားကြရလေသည်။

ထိုအသံမှာ သတ္တဝါတစ်ကောင်ကောင်အော်သံလေလား။ သို့တည်းမဟုတ် လိုဏ်ခေါင်းဟီးသံလေလား။ မည်သူမှ တပ်အပ်မသိနိုင်ကြပေ။

တစ်ခါက တောလိုက်သမားတစ်ယောက်သည် အရဲစွန့်၍ ထိုတစ္ဆေမြောင်ဂူလိုဏ်ဂူအတွင်းသို့ အတန်အသင့်ခရီးပေါက်အောင် ဝင်ကြည့်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ဝပတ်ဝန်းကျင်တစ်ဝိုက်ရှိ သစ်ပင်များ၊ ကျောက်နံရံများတွင် ပွတ်တိုက်၊ နင်းခြေထားသော အရာများကို တွေ့ကြရသည်။ အချို့သစ်ပင်သစ်ကိုင်းတို့တွင် သတ္တဝါတို့၏ သားရေများ အသားစများ၊ သွေးစသွေးနများ ချိတ်တွယ်လျက် ရှိနေသည်ကို တွေ့ကြရသည်။

ဂူပေါက်ဝတစ်ဝိုက်မှာတော့ ရေအိုင်သဖွယ် ဖြစ်ထွန်းနေသော သွေးကွက်များ၊ သွေးအိုင်များကိုတွေ့ကြရသည်။ လက္ခဏာအနေအထားအရ ကျွဲနွားအစရှိသော တိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်၍ ဂူအတွင်းသို့ ဆွဲသွင်းယူသွားဟန် ရှိလေသည်။

ထိုသို့ ဆွဲယူရာမှာလည်း ဒရွတ်တိုက်၍ ဆွဲယူသွားဟန်ရှိလေသည်။ ၎င်းတို့လူစု အရဲစွန့်လျက် အတွင်းဘက်သို့ ဝင်ကြည့်ရာ မြေပျော့နေသောနေရာတွင် ထင်ကျန်နေသော ခြေရာကြီးများကို တွေ့မြင်သောအခါမှ များစွာ အံ့သြထိတ်လန့်မှု ဖြစ်ကြရတော့သည်။

အဘယ့်ကြောင့်ဆိုသော် . . .

ထိုခြေရာများမှာ အခြားသတ္တဝါတစ်ကောင်ကောင်၏ ခြေရာမျိုးမဟုတ်ဘဲ လူခြေရာနှင့်သဏ္ဌာန်တူသော ခြေရာမျိုးဖြစ်နေသောကြောင့်ပင်။

ထိုခြေရာမှာ လူခြေရာနှင့် တူသော်လည်း များစွာ ကွာခြား၏ တစ်တောင်ကျော်ကျော်ခန့်ရှည်ပြီး အလယ်က ခွက်နေသည်။





ရှေ့ခြေထောက်နေရာမှာ များစွာကျယ်ဝန်းပြီး ခြေသည်းချွန်များဖြင့် ကုတ်ထားသည်ကိုလည်း တွေ့ရသည်။

ဖနောင့်နေရာမှာ မြေသားအတွင်းသို့ ချိုင့်ဝင်နေပြီး ခြေတစ်လှမ်း၏အကျယ်မှာ ခြောက်ပေခန့် ကျယ်ဝန်းလေသည်။ သာမန်လူတစ်ယောက် ခုန်ကျော်မှ ရောက်နိုင်မည့်အကွာအဝေးကို ထစ်လှမ်းချင်း ပုံမှန်လျှောက်သွားဟန်ရှိသည်။

သာမန်လူတစ်ယောက် ခြေလှမ်းကျဲကျဲဖြင့် လမ်းလျှောက်ပါက သုံးပေထက်မပိုသော အခြေအနေတွင် ယခုခြေလှမ်းများက ခြောက်ပေကျော်ကျော်ခန့် ရှိသဖြင့် သာမန်လူထက် နှစ်ဆကျော် သုံးဆခန့် အရပ်အမောင်း၊ အလုံးအထည်ရှိသော လူထွားကြီးပင် ဖြစ်တန်ရာ၏။

"ဘယ်လိုခြေရာမျိုးလဲ၊ ကြီးလှချည်လား၊ ဒီလောက်ကြီးတဲ့ ခြေရာမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ခြေရာကတော့ လူခြေရာမျိုးပဲ၊ ဒါပေမယ့် လူတော့မဟုတ်နိုင်ဘူးထင်တယ်"

"ဒါဖြင့် ဘာကောင်လဲ၊ မျောက်ဝံလား၊ လူဝံလား၊ ဒါမှမဟုတ် သူဘီလူးကြီးများလား"

"ဒါတော့ ဘယ်သိပါ့မလဲ၊ ကျွဲတစ်ကောင်၊ နွားတစ်ကောင်လုံးကို ဒီတိုင်း ဆွဲယူသွားမှတော့ နည်းတဲ့သတ္တဝါဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ အတွင်းသို့ အနည်းငယ်တိုးဝင်ကြည့်သော အခါ ပုပ်အက်အက်၊ ညှီစို့စို့အနံ့များက မခံနိုင်အောင်ရှိနေပြီး လိုဏ်ခေါင်းအတွင်းပိုင်းဘက်ဆီမှ တဒုန်းဒုန်းနှင့် နင်းလျှောက်လာသော ခြေသံကြီးကို ကြားရသဖြင့် ကြောက်လန့်ကာ ပြန်ထွက်ပြေးခဲ့ကြရလေသည်။





အခန်း (၂)

## လိုဏ်ခေါင်းအတွင်းမှ လျှို့ဝှက်အန္တရာယ်

တစ္ဆေမြောင်ဂူနှင့် တစ်မိုင်သာသာခန့် ကွာဝေးသောနေရာတွင် ရွာကြီးတစ်ရွာရှိလေသည်။

ရှေးယခင်ကတော့ ထိုရွာ၏ အမည်ဟောင်းမှာ ပျဉ်းမကုန်းရွာဖြစ်သော်လည်း ယခုနောက်ပိုင်း တစ္ဆေမြောင်လိုဏ်ခေါင်းကို အကြောင်းပြုပြီး တစ္ဆေမြောင်ရွာဟုသာ လူသိများခဲ့ပေသည်။

အင်္ဂလိပ်များ ရေးဆွဲထားခဲ့သော မြေပုံပေါ်မှာတော့ ထိုနေရာကို ပျဉ်းမကုန်း ရွာဟုသာ ဖော်ပြထားလေသည်။

ထိုရွာ၌ နေထိုင်ကြသူအများစုကတော့ မြန်မာလူမျိုးအချို့နှင့် ကရင်လူမျိုးအတော်များများ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရွှေမြောင်ရွာသည် ရိုးမတောနက်အတွင်း၌ ရှိသည်က တစ်ကြောင်း၊ အခြားရွာများနှင့် နီးစပ်မှုမရှိသည်က တစ်ကြောင်း အပြင် ခရီးလမ်းပန်း အဆက်အသွယ်ကလည်း ခက်ခဲကြမ်းတမ်းသောကြောင့် အခြားရွာများနှင့် အဆက်အသွယ်မရှိလှပေ။

အခြားရွာများက အဆက်အသွယ်မရှိကြသလို တရွှေမြောင်ရွာသူရွာသားများကလည်း အခြားရွာများနှင့် အကြောင်းမရှိဘဲ အဆက်အသွယ်မလုပ်ကြရာ တောနက်ထဲမှာ သီးခြားရွာတစ်ရွာသဖွယ် တည်ရှိနေလေသည်။

အခြားရွာများက တရွှေမြောင်ရွာဘက်သို့ အကြောင်းမရှိဘဲ မလာရောက်ကြသည်မှာ အကြောင်းတစ်ခုရှိလေသည်၊ အခြားမဟုတ်ပေ။

တရွှေမြောင်လိုဏ်ခေါင်းအတွင်း၌ နိုအောင်းနေသော မိစ္ဆာကောင်ကြီးအား ကြောက်ရွံ့ကြသောကြောင့် ဖြစ်သည်။ ထိုလိုဏ်ခေါင်းအတွင်း၌ ခိုအောင်းနေသော မိစ္ဆာကောင်ကြီးမှာ မည်သည့်သတ္တဝါမှန်းမသိရသေးသော်လည်း ကြောက်မက်ဖွယ်ကောင်းသည်ကတော့ အမှန်ပင်ဖြစ်၏။

တစ်ခါတစ်ရံ တောစပ်၌ လွှတ်ကျောင်းထားသော ကျွဲနွားများကို အကောင်လိုက်ဖမ်းယူသွားသည်လည်း ရှိသည်။ တစ်ခါတစ်ရံလည်း ညအမှောင်ထုဖုံးနေသော အချိန်များတွင် တရွှေမြောင်ရွာ



အတွင်းသို့ဝင်လာပြီး ကျွဲနွားများကို ဖမ်းယူသွားတတ်လေသည်။

မြေပေါ်၌ ထင်ကျန်နေသော ခြေရာမှာ အဆမတန် ကြီးမားနေသည်ကလွဲပြီး လူခြေရာနှင့် အတော်ကလေးဆင်လှသည်။ ကျွဲတစ်ကောင်၊ နွားတစ်ကောင်ကို အရှင်လတ်လတ် ဖျက်ပြီး အကောင်လိုက်ဆွဲယူသွားနိုင်သောအားမှာ နည်းတဲ့ခွန်အားမဟုတ်မှန်းတော့ သိကြသည်။

ထို့ပြင် မြေပြင်ပေါ်မှာ လေးဖက်ထောက်သွားတာမျိုး မဟုတ်ဘဲ လူတစ်ယောက်ကဲ့သို့ ခြေနှစ်ချောင်းဖြင့် မတ်တတ်ရပ်ကာ သွားသည်ကို တွေ့ရတော့ ပို၍ အံ့သြမိကြသည်၊ ၎င်းတို့ကတော့ တောသူတောင်သားများဖြစ်သဖြင့် ထိုခြေရာပိုင်ရှင်မှာ တောတွင်း၌ ကျက်စားလေ့ရှိသော လူဝံ ဒါမှမဟုတ် မျောက်ဝံတစ်ကောင်ဖြစ်မည်ဟုသာ ထင်မှတ်ကြလေသည်၊

အခြားအနီးဝန်းကျင်မှ နယ်ကျော်၍ တရွှေမြောင်လိုဏ်ခေါင်းအနီးသို့ ရောက်လာကြသော ကျွဲနွားများမှာလည်း ထိုနေရာအနီးသို့ရောက်သည်နှင့် ပျောက်ချင်းမလှ ပျောက်သွားကြလေသည်၊

အချို့က အရဲစွန့်ကာ လူစု၍ လိုဏ်ခေါင်းအတွင်းအထိ ဝင်ရောက်ရှာဖွေကြခဲ့သော်လည်း သွေးကွက်နှင့် ကျောက်စွန်းများဖြင့် ချိတ်ငြိ၍ ကျန်ခဲ့သော သားရေပြားများ အမွေးအစအနများကို သာ တွေ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ လိုဏ်ခေါင်းအရှည်က မည်ရွေ့မည်မျှ ရှည်လျား မည်ကို မသိကြရသဖြင့် ဆုံးခန်းတိုင်အောင်တော့ မည်သူမှ မဝင်ဝံ့ ကြပေ။

တစ်ခါတစ်ရံလည်း အတွင်းပိုင်းဘက်ဆီမှ ကျယ်လောင်လှ သော အော်ဟစ်သံကြီးကို ပဲ့တင်သံများနှင့်အတူကြားရသဖြင့် ကြောက်လန့်တကြားဖြင့် ပြန်ထွက်ပြေးခဲ့ကြလေသည်။

နောက်ပိုင်းမှာတော့ ထိုနေရာတစ်ဝိုက်နှင့် ဝေးနိုင်သမျှဝေး အောင် ရှောင်နေကြသည်။ ဤသို့ဖြင့် တစ္ဆေမြောင်လိုဏ်ခေါင်းနှင့် ပတ်သက်သော ကြောက်လန့်ဖွယ်ရာများကြောင့် တစ္ဆေမြောင်ရွာ ကိုပါ အသွားအလာသိပ်မရှိကြတော့ပေ။

အင်္ကြောင်းကိစ္စကြီးငယ်ရှိမှသာ သွားလာဝံ့ကြလေသည်။ အချို့ဆိုလျှင် အလည်အပတ်ပင် မလာဝံ့ကြသောကြောင့် လူသူ အရောက်အပေါက် သိပ်မရှိတော့ဘဲ သီးသန့်ရွာတစ်ရွာကဲ့သို့ ဖြစ် နေတော့သည်။

တစ်ခါတစ်ရံမှသာ ဂျပန်တပ်များ ရောက်လာလေ့ရှိသည်။ ဂျပန်တပ်များမှာ ရွာသို့ ရောက်လာသည်နှင့် ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ နွား စသည်တို့ကို သတ်ဖြတ်စားသောက်သွားကြသည့်အပြင် ရှိသမျှ အစားအသောက်များကိုသာ သိမ်းကျုံးယူသွားတတ်ကြပေသည်။

တစ်ခါတစ်ရံလည်း တော်လှန်ရေးသမားများရှိသည်ဟု





သတင်းရသဖြင့် မမျှော်လင့်ဘဲရောက်လာကာ တစ်ရွာလုံး မြေလှန် ရှာဖွေကြရုံမက စိတ်မထင်ပါက သတ်ဖြတ်သွားကြသေးသည်။

တစ္ဆေမြောင်ရွာသားများသည် ရွာပတ်လည်၌ သစ်လုံးကြီး များ ကာရံထားပြီး အဝင်ပေါက်ကို သစ်လုံးတံခါးမ တပ်ထားသည်။ ထိုတံခါးကို အဝင်အထွက်ပြုသူက ပြန်ပိတ်ရလေသည်။ ဝင်သည်ပဲ ဖြစ်စေ၊ ထွက်သည်ပဲဖြစ်စေ ထိုတံခါးပိတ်ဖို့တော့ မည်သူကမှ မမေ့ ကြပေ။

တစ်နေ့တော့ ထိုရွာသို့ ဂျပန်စစ်သားအချို့ ရောက်လာလေ သည်။ ၎င်းတို့နှင့်အတူ ဂျပန်စကားပြန်အပြင် သစ်တောစခန်းမှ အလုပ်သမားအချို့လည်း ပါလာလေသည်။ သစ်တောအလုပ်သမား များက လမ်းပြကာ ခေါ်လာရခြင်းဖြစ်လေသည်။

ဂျပန်စစ်သားများ ရောက်လာတော့ ရွာလူကြီးနှင့် ရွာသား အချို့ ထွက်လာကြသည်။

"ဒီရွာမှာ မြန်မာစစ်သားတွေရှိသလား"

"မရှိဘူး"

ရွာလူကြီးက ကရင်လူမျိုးပီပီ စကားကို တိုတိုတုတ်တုတ်ပဲ ပြောလေသည်။

"မညာနဲ့နော်၊ ညာပြောရင် တစ်ရွာလုံး သတ်ပစ်မယ်"

"မညာပါဘူး၊ မရှိလို့ မရှိဘူးပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



စကားပြန်လုပ်သူက ဂျပန်စစ်ဗိုလ်ကို အကျိုးအကြောင်း ပြန်ပြောပြလေသည်။ ထိုအခါ ဂျပန်စစ်ဗိုလ်က တစ်စုံတစ်ခု ပြန်ပြောလိုက်ရာ စကားပြန်က ပြောသည်။

"မာစတာက ဒီလိုပြောရုံနဲ့ မကျေနပ်နိုင်ဘူးတဲ့၊ ရွာထဲကို သူကိုယ်တိုင်ဝင်ရှာရမှ ကျေနပ်နိုင်မယ်လို့ ပြောတယ်၊ နောက်ပြီး ဒီရွာမှာ မနက်စာစားမယ်လို့ ပြောတယ်၊ ဒီတော့ မာစတာတွေ စားသောက်ဖို့ ရွာလူကြီးကပဲ စီစဉ်ပေးပါ"

ထိုသို့ပြောသောအခါ ရွာလူကြီးက သူ့အနီးမှာရှိသော ရွာသားများကို ကရင်ဘာသာစကားဖြင့် ပြောလိုက်ရာ ရွာထဲသို့ ပြန်ဝင်သွားကြလေသည်။

ဂျပန်များ ရွာတွင်းသို့ ဝင်လာသောအခါ သက်ကြီးရွယ်အိုများသာ တွေ့ရပြီး ယောကျ်ားလေး၊ မိန်းကလေး လူငယ်လူရွယ်များကို တစ်ယောက်မှ မတွေ့ရတော့ပေ။ ဂျပန်များက ရွာထဲမှာရှိသမျှ အိမ်များကို တစ်အိမ်မကျန် လိုက်လံရှာဖွေကြလေသည်။

"ဒီရွာထဲမှာ လူကြီးတွေပဲရှိသလား၊ လူရွယ်လူငယ် မိန်းမယောကျ်ားတွေ ဘယ်ရောက်ကုန်ပြီလဲ"

"တောထဲကို အလုပ်သွားကြတယ်"

"ဟုတ်ရဲ့လား၊ မှန်မှန်ပြောနော်၊ ဝှက်ထားတာကိုတွေ့ရင်တော့ တစ်ယောက်မကျန် သတ်ပစ်မယ်"



ရွာလူကြီးက ဘာမှမပြောတော့ပေ။

ဂျပန်များက တစ်ရွာလုံးရှိအိမ်များသို့ နံ့စပ်အောင် ရှာဖွေပြီး ဘာမှ ထူးထူးခြားခြား မတွေ့ရတော့မှ ရွာလူကြီးအိမ်သို့ ပြန်လာကြသည်။

ထိုအချိန်တွင် ရွာသူရွာသားများ ချက်ပြုတ်ထားသော ထမင်းဟင်းနှင့် အရက်ပုလင်းများက စားသောက်ရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်လေသည်။

သို့ကြောင့် ဂျပန်စစ်သားများ၊ စကားပြန်၊ သစ်တောအလုပ်သမားများမှာ မောမောပန်းပန်းနှင့် စားသောက်ကြလေသည်။ စားသောက် ပြီးကာနီးသောအခါ ရွာသားတစ်ယောက် ရောက်လာပြီး သတင်းတစ်ခု လာပြောလေသည်။

"တော်လှန်ရေးသမားတွေရှိတဲ့နေရာကို သတင်းကြားလို့ လာပြောတာ"

"ဟေ ..... ဘယ်နေရာမှာလဲ"

"ကျုပ် တောထဲကို ထင်းသွားရှာရင်းနဲ့ တစ္ဆေမြောင်ဂူအပေါက်ဝနားအရောက်မှာ ချက်ပြုတ်စားသောက်နေကြတာကို မြင်ခဲ့ရတာပါ"

တစ္ဆေမြောင်ဂူဟူသောအမည်ကို ကြားလိုက်သည်နှင့် စကားပြန်နှင့် သစ်တောအလုပ်သမားများမှာ မျက်စိမျက်နှာပျက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဂျပန်စစ်ဗိုလ်နှင့် စစ်သားများကတော့ ထိုအကြောင်းများကို မသိကြပေ။ တော်လှန်ရေးသမားများဟူသော သတင်းကိုကြား လိုက်သည်နှင့်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

သို့ကြောင့် စားလက်စထမင်းဟင်းများကိုပင် ဆက်မစားတော့ ဘဲ အမြန်သွားရန် ပြင်ဆင်ကြလေသည်။ ထိုအခါ ကျန်လူများက လည်း ထိုနောက်မှလိုက်ရန် ကပျာကယာ ပြင်ဆင်ကြရသည်။

တစ္ဆေမြောင်ရွာနှင့် တစ္ဆေမြောင်လိုဏ်ခေါင်းရှိသောနေရာ မှာ တစ်မိုင်ကျော်ကျော်ခန့်သာ ဝေးလေသည်။ တောလမ်းခရီးမှ လျှို့ဝှက် စွာ သွားကြရသောကြောင့်သာ တစ်နာရီခန့်ကြာအောင် သွားကြ ရလေသည်။

ထိုနေရာတစ်ဝိုက်မှာ မိစ္ဆာကောင်ကြီးရှိသည် သတင်းကြား သဖြင့် တော်ရုံလူတို့ မလာဝံ့လေရာ တောများက ကောင်းချင်တိုင်း ကောင်းနေတော့သည်။

တစ္ဆေမြောင်လိုဏ်ခေါင်းအပေါက်ဝရောက်သောအခါ အငွေ့ မသေသေးသော မီးပုံအချို့နှင့် စားကြွင်းစားကျန်များကို တွေ့ရသည်။

"ဟိုလူ လာပြောတာမှန်တယ်၊ ဒီနေရာမှာ သူတို့စခန်းချသွား တာအမှန်ပဲ၊ ဒီမှာ မီးဖိုတွေတောင်မှ မီးမငြိမ်းရသေးဘူး"

"အဲဖြင့် ငါတို့လာတဲ့အသံကြားလို့ ပုန်းနေတာဖြစ်မယ်၊ ဟော့





ဒီနားတစ်ဝိုက်မှာ လိုက်ရှာကြစမ်း"

ဟု ဂျပန်စစ်ဗိုလ်က အမိန့်ပေးလိုက်သဖြင့် စစ်သားများက သေနတ်များကို အဆင်သင့်ပြင်ကာ အနီးပတ်ဝန်းကျင်တောတွင်း သို့ လိုက်လံရှာဖွေကြသော်လည်း အစအနမျှပင် မတွေ့ကြရသဖြင့် ဒြန်လှည့်လာကြသည်။

"ဒီလူတွေ တခြားသွားတာမဟုတ်ရင် ဒီဂူထဲမှာပဲ ဝင်ပုန်းနေ တာဖြစ်ရမယ်၊ အတွင်းကို ဝင်ရှာကြမယ်"

"မ ..... မဖြစ်ဘူးထင်တယ် မာစတာ"

"ဘာကြောင့်မဖြစ်ရမှာလဲ"

"ဒီဂူထဲမှာ မကောင်းဆိုးဝါးကောင်တစ်ကောင် ရှိပါတယ်၊ ဝင်တဲ့လူမှန်သမျှ သတ်ပစ်လေ့ရှိပါတယ်"

"မကောင်းဆိုးဝါးဆိုတာ ဘာလဲ"

"လူတွေကိုသတ်တဲ့ အကောင်မျိုးပါ"

"အဲဒီလို အကောင်မျိုးရှိရက်နဲ့ သူတို့က ဘာကြောင့် ဝင်သွား နိုင်တာလဲ၊ ခူးတကား ... မကောင်းဘူးရှိတယ်ကား၊ ခူးတကား မကောင်းဘူးရှိတယ်ကား"

ဟု ဒေါသတကြီး အော်ဟစ်ပြောဆိုကာ စကားပြန်၏ ပါးနှင့် ထက်ကို ဘယ်ပြန်ညာပြန် ရိုက်ချလေသည်။

"ဖြန်း ....... ဖြန်း ...."



www.burmeseclassic.com

www.burmeseclassic.com



"အား ...."

"ဒီအထဲကို ဝင်ကြမယ်"

ဟု ပြောကာ သေနတ်များကို အဆင်သင့်ပြင်ဆင်ကာ တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းသို့ စတင်ဝင်ကြလေသည်။ ၎င်းတို့မှာ ဂျပန်စစ်သားများရော၊ စကားပြန်နှင့် သစ်တောအလုပ်သမားများအပါအဝင် ဆယ်ယောက်ခန့်ရှိကြသည်။ သတင်းလာပို့သောသူကတော့ ဂူပေါက်ဝရောက်သည်နှင့် မတွေ့ရတော့ပေ။

ဘယ်အချိန်က ပြန်ပြေးသွားမှန်း မသိလိုက်ကြပေ။ အတွင်းပိုင်းသို့ဝင်မိသောအခါ အတွင်းမှ လေနှင့်အတူ လိုက်ထွက်လာသော အပုပ်နံ့နှင့် သွေးညှီနံ့များကြောင့် အသက်ရှူမဝသကဲ့သို့ ဖြစ်သွားကြသည်။

လိုဏ်ခေါင်းအတွင်းသို့ အတန်ငယ်ဝင်မိသောအခါ အပြင်မှ အလင်းရောင်မရောက်နိုင်တော့ဘဲ အမှောင်ရိပ်များက တစ်စတစ်စ သိပ်သည်းလာသည်။

သို့ကြောင့် ဂျပန်စစ်သားများက ကျောပိုးအိတ်များအတွင်းမှ လက်နှိပ်ဓာတ်မီးများကိုထုတ်၍ ပတ်ဝန်းကျင်ကို ထိုးကာ လိုက်လံရှာဖွေကြလေသည်။

လိုဏ်ခေါင်းအတွင်းပိုင်းတစ်လျှောက်တွင် ကျောက်စရစ်ကဲ့သို့ ကျောက်ခဲကလေးများရှိသော်လည်း အချို့နေရာများမှာ မြေသား





ကြီးသေ်ာသက်ရှိပြီး ထိုနေရာများမှာ ကြီးမားသော ခြေရာကြီးများကို တွေ့ရသောအခါ အားလုံး မျက်လုံးပြူးသွားကြလေသည်။

ဂျပန်စစ်ဗိုလ်ပင် ထိုမျှကြီးမားသော ခြေရာကြီးများကို တွေ့ရသောအခါ မျက်လုံးပြူးသွားလေသည်။

"ဒါ ဘာကြီးလဲ"

"ခြေရာကပေ့ာ လူ့ခြေရာမျိုးပါပဲ၊ ဒါပေမယ့် လူတွေထက် နှစ်ဆသုံးဆလောက်ပိုကြီးမယ့် လူတစ်ယောက်ရဲ့ ခြေရာမျိုးပဲ ဖြစ်မှာပါ"

"ဘယ်လိုလူမျိုးလဲ"

"ကျွန်တော်တို့လဲ မသိနိုင်ပါဘူး၊ ဒါပေမယ့် သူနဲ့ ရင်ဆိုင်တွေ့ရင်တော့ အန္တရာယ်ရှိမှာအမှန်ပါပဲ"

"ဘယ်လိုအန္တရာယ်လဲ၊ ငါတို့မှာ သေနတ်တွေက အများကြီးပါလာတယ်၊ သေနတ်နဲ့တွေ့ရင် သူ ခံနိုင်ပါ့မလား၊ အတွင်းကို ဆက်ဝင်ကြမယ်"

ဟု စစ်ဗိုလ်က အမိန့်ပေးသဖြင့် အတွင်းသို့ ဆက်ဝင်ရန် ပြင်ဆင်နေကြစဉ်မှာပင် ဂူအတွင်းပိုင်းတစ်နေရာမှ ထွက်လာသော မြားတံနှစ်ချောင်းက ရှေ့ဆုံးမှာရပ်နေသော ဂျပန်စစ်သားနှစ်ယောက်ကို ထိမှန်ကာ လဲကျသွားလေတော့သည်။

"ဒုတ် .... ဒုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အား ....."

မြားထိပြီး လဲသွားသည်နှင့် ကျန်စစ်သားများက မြားလာရာဘက်သို့ သေနတ်များဖြင့် ပစ်ကြလေသည်။

"ဒိုင်း .... ဒိုင်း ..... ဒိုင်း ...."

သေနတ်သံများက ဂူတစ်ဂူလုံး ပဲ့တင်ထပ်သွားလေတော့သည်။ အတန်ကြာမှ ပဲ့တင်သံများ ငြိမ်ကျသွားလေသည်။

အခြေအနေစောင့်ကြည့်သော်လည်း ဘာမှ မထူးခြားတော့ပေ။ ထိုအခိုက်မှာပင် ဂူကြီးအတွင်းပိုင်းတစ်နေရာမှ ကျယ်ကျယ်လောင်လောင် အော်ဟစ်လိုက်သည့်အသံကြီးတစ်ခုက အတွင်းပိုင်းမှ ပဲ့ တင်ထပ်ကာ အပြင်သို့ ထွက်လာသည်။

"ဟင် .... ဘာသံကြီးလဲ၊ ကြောက်ဖို့ကောင်းလိုက်တာ"

ထိုအော်သံကြီး ကြားလိုက်ရပြီးနောက် ပြန်လည်တိတ်ဆိတ်သွားလေသည်။ ဂျပန်စစ်သားများကတော့ မီးရောင်ဖြင့်နေရာအနှံ့ လိုက်လံထိုးကြည့်နေလေသည်။

ထိုအခိုက်မှာပင် ဂူကြမ်းပြင်များ အနည်းငယ်လှုပ်လာသည်။ ရေဝပ်နေသော ရေအိုင်ကလေးများ လှုပ်လာသည်။ မြေပြင်ပေါ်သို့ နင်းလာသော လေးလံသည့်ခြေသံမျိုး ကြားလာရသည်။

သစ်တောအလုပ်သမားများကတော့ အခြေအနေမဟန်လျှင် နောက်ကြောင်းသို့ ပြန်လှည့်ပြေးရန် ပြင်နေကြသည်။ ဂျပန်စစ်ဗိုလ်





နှင့် စစ်သားများကတော့ အတွင်း၌ ရန်သူရှိနေသည်အထင်နှင့် အတွင်းသို့ဝင်ရန်သာ ပြင်နေကြသည်။

ထိုအခိုက်မှာပင် အတွင်းပိုင်းမှ ထွက်လာသော ခြေသံကြီးကလည်း ပိုမိုကျယ်လောင်စွာ ကြားလာရသည်။

"အထဲကိုဝင်ကြ"

ဟု အမိန့်ပေးလိုက်သည်နှင့် ဂျပန်စစ်သားများက အတွင်းသို့ ဝင်သွားကြသည်။ နေရာမှာတော့ သစ်တောအလုပ်သမားသုံးယောက်သာ ကျန်ခဲ့တော့သည်။ ၎င်းတို့သုံးယောက်မှာ အတွင်းသို့ ဝင်လိုက်သွားရကောင်းနိုးနိုး၊ နောက်ကြောင်းသို့ ပြန်လှည့်ပြေးရကောင်းနိုးနိုးဖြင့် ရှိနေကြစဉ် ဂူနံရံအပေါ်ပိုင်းတစ်နေရာမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"ဘာလုပ်နေတာလဲ၊ သေမင်းထွက်လာနေပြီ၊ မြန်မြန်ပြေးကြပါတော့လား"

"ဟင်"

ထိုအသံကြားရာသို့ မော့ကြည့်ပြန်တော့လည်း အမှောင်ထုများ ဖုံးလွှမ်းနေသဖြင့် ဘာမှမမြင်ရပေ။

"ဘာငိုင်နေကြတာလဲ၊ အမြန်သွားကြပါတော့လား"

ဟု အသံသြသြကြီးဖြင့် ထပ်အော်ပြောလိုက်သောအခါမှ သစ်တောစခန်းမှ အလုပ်သမားသုံးယောက်တို့မှာ ထွေထွေထူးထူး ငြင်းခုံ

www.burmeseclassic.com

www.burmeseclassic.com



မနေဟော့ဘဲ လာရာလမ်းအတိုင်း လိုဏ်ခေါင်းအပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

ထိုနှင့် မရှေးမနှောင်းမှာပင် ဂူအတွင်းပိုင်းဆီမှ သေနတ်သံများ အော်ဟစ်ဆူညံသံများ ပေါ်ထွက်လာတော့သည်။ တစ်ချီတစ်ချီမှာလည်း ကြောက်မက်ဖွယ်ကောင်းသောအော်သံကြီးလည်း ပေါ်ထွက်လာသည်။

ထိုအခိုက်မှာပင် ဂူအမိုးပိုင်း ကျောက်စွန်းကြားတစ်ခုအတွင်းမှ တစ်ကိုယ်လုံး အဝတ်နက်များ ဝတ်ဆင်ထားသော လူနှစ်ယောက် အောက်သို့ခုန်ဆင်းလာကြသည်။ ၎င်းတို့မှာ မျက်စိအပေါက်ကလေးသာဖော်ထားပြီး တစ်ကိုယ်လုံး အဝတ်နက်များဝတ်ဆင်ထားသဖြင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိနိုင်ကြပေ။

၎င်းတို့လက်ထဲမှာ လင်းလေးတစ်လက်စီ ကိုင်ထားကာ ကျောမှာလည်း မြားဘူးများ လွယ်ထားကြသည်။ ၎င်းတို့နှစ်ယောက်သည် ဂူအတွင်းပိုင်းမှ အသံများကို တစ်ချက်နားစွင့်ကြည့်လိုက်ပြီးနောက် လိုဏ်ခေါင်းအပြင်ဘက်သို့ သွက်လက်သောခြေလှမ်းများဖြင့် ပြေးထွက်သွားကြလေတော့သည်။

ဂူအတွင်းဝင်သွားကြသည့် ဂျပန်စစ်သားတို့၏ ကံကြမ္မာကား ...

❑ ❑ ❑





အခန်း (၃)

## လျှို့ဝှက်အန္တရာယ်နှင့် သဲလွန်စများ

နောက်ပိုင်းရက်များမှာတော့ တစ္ဆေမြောင်ရွာနှင့် ပတ်သက်သော ကြောက်မက်ဖွယ်ရာများ တစ်ခုပြီးတစ်ခု ဖြစ်နေတော့သည်။ အခြားမဟုတ်ပေ။

ဂျပန်စစ်သားများ ပျောက်ဆုံးသွားသဖြင့် အစစ်အဆေးခံရုံမက ...န်များ၏ ရိုက်နှက်နှိပ်စက်ခြင်းများကိုပင် ခံကြရလေသည်။ ထို... တောထဲသို့ သွားကြသော အမဲလိုက်သမားများ၊ သစ်တောအ...မားများမှာလည်း မကြာခဏ ကြောက်လန့်ဖွယ်ရာများဖြင့် ကြုံ...ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်းခုတ်သွားသောအဖွဲ့တစ်ဖွဲ့ဆိုလျှင် နေစောင်းခါနီးအချိန် အလုပ်သိမ်း၍ ပြန်ရန်ပြင်ဆင်နေကြစဉ်မှာပင် တောတွင်းမှ ကျော်ထွက်လာသော အလောင်းတစ်လောင်းက သူတို့နှင့် မနီးမဝေးသို့ ဗုန်းခနဲ လာရောက်ကျသဖြင့် ကြောက်လန့်တကြား ကြည့်လိုက်လျှင် ပုပ်ပွနေပြီဖြစ်သော ဂျပန်စစ်သားတစ်ယောက်၏ အလောင်းတစ်လောင်းဖြစ်ကြောင်း တွေ့ရသည်။

အလောင်းမှာ တလော့က အဖွဲ့လိုက်ပျောက်သွားသော ဂျပန်စစ်သားအလောင်းမှန်းသိသော်လည်း ဘယ်နေရာမှ ဘယ်သူပစ်လိုက်မှန်းတော့ မသိရပေ။

ထိုအဖွဲ့မှာ ကြောက်လန့်တကြားနှင့် ရွာသို့ပြန်ပြေးလာကြပြီး ထိုအကြောင်းကို တစ်ရွာလုံး လျှောက်ပြောသည်။ အချို့ကလည်း ယုံကြည်ကြသည်။ အချို့ကလည်း မယုံကြည်ကြပေ။

မယုံကြည်သူများထဲတွင် စိန်သန်းတို့သုံးယောက်လည်း အပါအဝင်ဖြစ်ပေသည်။ ၎င်းတို့သုံးယောက်မှာ စိန်သန်း၊ ထွန်းမောင်နှင့် မောင်မှတ်တို့ ဖြစ်ကြသည်။

အသက်သုံးဆယ်ကျော်အရွယ်များလည်းဖြစ်ပြီး အရက်သောက်လည်း အတူတူ၊ သွားအတူ လာအတူနှင့် အမဲလိုက်ထွက်လျှင်လည်း အတူတူဖြစ်သည်။ တစ်ခါတစ်ရံလည်း မှောင်ခိုသွားလာနေသူများကို လမ်းပြလိုက်ပေးလေသည်။





အဖွဲ့ကို ဦးဆောင်သူမှာ စိန်သန်းဖြစ်သည်။ စိန်သန်းဆီ၌ တောပစ်သေနတ်တစ်လက်ရှိသည်။ ဘယ်သူ့ဆီက ဘယ်လိုရထားသည်တော့ မသိပေ။ ထိုသေနတ်ရှိနေသဖြင့် စိန်သန်း တစ်ယောက် ဘယ်သူမှ လူမထင်ဘဲ တစ်ဗိုလ်တစ်မင်း နေနိုင်လေသည်။

ရွာလူကြီးဦးထီးကော်ထံမှာပင် နှစ်လုံးပြူးသေနတ်မရှိသော အခါသမယတွင် အမဲပစ်သေနတ်တစ်လက်လောက် ကိုင်နိုင်သော စိန်သန်းအဖို့ ဘဝင်မြင့်မည်ဆိုက မြင့်စရာပင်။

သို့သော်လည်း ပေါ်ပေါ်ထင်ထင် ကိုင်ဝံ့သည်တော့ မဟုတ်ပေ။ ဂျပန်စစ်သားများ ရောက်လာလျှင်သော်လည်းကောင်း၊ သစ်တောဌာနမှ တောအုပ်၊ တောခေါင်းများ တောလှည့်ရင်းနှင့် ရောက်လာသောအခါက လိုင်စင်မရှိသော သူ့သေနတ်ကို လုံခြုံအောင် သိမ်းထားရသည်။

ရွာသူရွာသားများနှင့် လူကြီးကလည်း မိမိရွာတွင် သေနတ်တစ်လက်ရှိနေခြင်းပင် အားကိုးစရာတစ်ခုဖြစ်နေသည်က တစ်ကြောင်း၊ စိန်သန်းတို့အဖွဲ့ကို ကြောက်ရွံ့ကြရသည်ကတစ်ကြောင်းတို့ကြောင့် မည်သူကမှ မပြောဝံ့ကြပေ။

တစ်နေ့တော့ အရက်ဝိုင်းဖွဲ့သောက်ရင်း ထွန်းမောင်က ပြောသည်။

"စိန်သန်း .... အခုတလော တောထဲမှာ တစ္ဆေမြောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲက မိစ္ဆာကောင်ကြီး အပြင်ပြန်လာပြီး လူတွေ လိုက်သတ် နေတယ်လို့ သတင်းကြားတယ်ကွ"

ထိုအခါ စိန်သန်းဟာ အရက်သောက်ကာ ပြန်မေးလိုက်သည်။

"ဒါထက် နေပါဦး၊ အဲဒီမိစ္ဆာကောင်ကြီးဆိုတာကို ဘယ်သူတွေ တွေ့ရပြီလဲ"

"တို့ရွာက လူတွေနဲ့တော့ ဘယ်သူမှတွေ့တယ် သတင်း မကြားရသေးဘူး"

"ဟုတ်ရောဟုတ်ရဲ့လားကွာ၊ တောထဲမှာဆိုတာ တောသတ္တဝါ တွေအများကြီးရှိတာပဲ၊ ဒါထက် နေပါဦး၊ သူတို့က ဘယ်လိုသတ္တဝါ မျိုးလို့ ပြောနေကြတာလဲ"

"ဘီလူးလို့ ပြောသံကြားတယ်"

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ထွန်းမောင်ရယ်၊ ဒီခေတ်မှာ ဘယ်မှာ ဘီလူးရှိတော့မှာလဲ၊ ဘီလူးဆိုတာ ဇာတ်ထုပ်တွေထဲမှာ နာမည်ပဲ ရှိတော့တာပါကွာ၊ တကယ်ဆိုရင် ဒီရိုးမတောကြီးထဲမှာ လူနဲ့သင်ဆင်တူပြီး လူကို အန္တရာယ်ပေးနိုင်တဲ့ လူပုံတို့ မျောက်ဝံ တို့ဆိုတာကမှ လူကြားလို့ တော်ပါသေးတယ်"

စိန်သန်းက သူ၏ထင်မြင်ယူဆချက်ကိုပြောကာ အရက်ခွက် ကို မော့သောက်လိုက်ပြီး ပြန်ချထားလိုက်သည်။ ထိုအခါ သူတို့အဖွဲ့ တွင် အငယ်ဆုံးဖြစ်သော မောင်မှတ်က ဝင်ပြောသည်။





"ကိုစိန်သန်း အရမ်းမပြောနဲ့ဗျ၊ တစ္ဆေမြောင်လိုဏ်ခေါင်းထဲမှာ မကောင်းဆိုးဝါးကြီးတစ်ကောင်ရှိနေတာကတော့ အမှန်ပဲ၊ ဟိုတ လောက ကျုပ်တို့ရွာကိုလာသွားကြတဲ့ ဂျပန်စစ်သားတွေ အဲဒီလိုဏ် ခေါင်းအတွင်းကို ဝင်သွားကြတာ တစ်ယောက်မှ ပြန်ထွက်မလာနိုင် ကြဘူးလို့ ပြောသံကြားလိုက်ရတယ်"

"ဟုတ်ရဲ့လားဟ၊ ဒါ တောပစ်သွားနေလို့ မသိလိုက်တာ ဖြစ် ရမယ်"

"ဂျပန်တွေက တော်လှန်ရေးသမားတွေ အထဲမှာ ပုန်းနေတယ် ထင်လို့ ဝင်သွားကြတာ တစ်ယောက်မှ ပြန်မထွက်လာနိုင်ဘူးလို့ ပြောသံကြားတယ်၊ သူတို့ကိုလိုက်ပို့တဲ့ သစ်တောစခန်းက လူတွေ တောင် ပြန်ပြေးလို့ အသက်ဘေးက လွတ်ကြတာတဲ့"

ထိုစကားကြားသောအခါ စိန်သန်းက မေးသည်။

"ဒီစကားအမှန်ပဲလား မောင်မှတ်"

"အမှန်ပေါ့ဗျ၊ ကျုပ်က မဟုတ်တာပြောပါ့မလား"

"ဒီလိုဆိုရင်တော့ ဟန်ကျပြီ"

ဟု ဝမ်းသာအားရ ပြောလေသည်။

"ဟင် .... ဘယ်လိုဟန်ကျတာလဲဗျ"

"ဟန်ကျတာပေါ့ကွ၊ ဂျပန်တွေဆီမှာ သေနတ်တွေပါသွားမှာ သေချာတဲ့ဥစ္စာ၊ ဒီသေနတ်တွေက အခုဆိုရင် ပိုင်ရှင်မရှိဘဲ ဂူထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်းရှိနေမှာ သေချာပြီ”

ထိုအခါ ထွန်းမောင်ကပါ ဝင်ပြောလေသည်။

“မှန်တာပေါ့၊ အခုတလော တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းက မိစ္ဆာကောင်ကြီးရဲ့သတင်းက ပြန့်နှံ့နေတော့ အဲဒီနေရာဘက်ကို ဘယ်သူမှ သွားဝံ့လာဝံ့ကြမှာမဟုတ်ဘူး၊ လူတွေအားလုံးသေပြီဆိုတာ သေချာရင် သေနတ်တွေကတော့ ကျန်မှာအမှန်ပဲ”

“ဟန်တာပေါ့ကွာ၊ ငါ့ဆီမှာ သေနတ်အဟောင်းကလေးတစ်လက်လောက်ရှိနေတာတောင် ဒီလောက်ဟန်ကျနေမှတော့ အဲဒီဂူထဲက ဂျပန်တွေကိုင်တဲ့ သေနတ်အကောင်းစားတွေများရလို့ကတော့ ငါ့အကြံအစည် အထမြောက်ပြီလို့သာ မှတ်ကြပေတော့”

ဟု အားပါးတရ ပြောလိုက်လေသည်။

“ဒါထက် နေစမ်းပါဦး ကိုစိန်သန်းရဲ့၊ အဲဒီသေနတ်တွေရတော့ ဘာလုပ်မှာလဲ၊ တော်လှန်ရေးသမားတွေနဲ့ ပေါင်းမှာလား”

“မင်း အတော် ‘အ’ ပါလား မောင်မှတ်ရယ်၊ သေနတ်တွေရမှတော့ တော်လှန်ရေးသမားတွေနဲ့ ပေါင်းတော့ ဘာအကျိုးရှိမှာလဲ၊ တောထဲမှာ ပုန်းလျှိုးကွယ်လျှိုးနဲ့ အငတ်ငတ်အပြတ်ပြတ် နေရရုံအပြင် ဘာရှိမှာလဲ၊ ဒီလောက် အင်အားများတဲ့ဂျပန်တွေကို လက်တစ်ဆုပ်စာလောက်ရှိတဲ့ တော်လှန်ရေးသမားတွေက ဘယ်လိုလုပ်ပြီး အံတုနိုင်မှာမို့လဲ”





“ကဲ ... ထားပါတော့၊ ခင်ဗျားတရော အဲဒီသေနတ်တွေရတော့ ဘာလုပ်မှာလဲ”

“ဓားပြဂိုဏ်းထောင်မှာပေါ့ကွ၊ ဒီလောက်ခေတ်ပျက်ကြီးထဲမှာ ဓားပြဂိုဏ်းထောင်မှ ချမ်းသာမှာပေါ့၊ အခုဆိုရင် ငါတို့တစ်တွေ ဘယ်လောက် ဆင်းရဲကြသလဲ၊ ဓားပြဂိုဏ်းထောင်လိုက်ရင် ချက်ချင်း ချမ်းသာလာမှာကွ သိရဲ့လား”

ဟု အားပါးတရပြောကာ အရက်ခွက်ကို ကောက်ယူ၍ တစ်ရှိုတည်း မော့သောက်ချလိုက်သည်။

“ကဲ ... ထားပါတော့၊ အခု ဘာလုပ်မှာလဲ”

“ဘာလုပ်စရာလိုသေးလို့လဲ၊ တစ္ဆေမြောင်လိုဏ်ခေါင်းထဲ ဝင်ပြီး ဂျပန်တွေရဲ့ သေနတ်တွေကို မတွေ့တွေ့အောင် ရှာကြရမှာပေါ့”

ထိုစကားကြားသောအခါ ထွန်းမောင်ထက် မောင်မှတ်ကပို၍ မျက်စိမျက်နှာပျက်သွားလေသည်။

“မဖြစ်ဘူးထင်တယ် ကိုစိန်သန်း၊ ဒီရက်ထဲမှာတော့ တစ္ဆေမြောင်လိုဏ်ခေါင်းထဲကို ဝင်လို့ မသင့်သေးဘူးထင်တယ်”

“ဘာဖြစ်လို့လဲ မောင်မှတ်ရဲ့”

“ဂူထဲမှာရှိနေတဲ့ မိစ္ဆာကောင်ကြီး သောင်းကျန်းနေတဲ့သတင်းတွေ ဒီလောက်ထွက်နေတဲ့အချိန်မှာ အထဲဝင်ရင် အားလုံးသေကုန်မှာပေါ့ဗျ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလဲ၊ ငါတို့နဲ့ ပေါင်းနေပြီးမှ ဒီလောက်ကြောက်တတ်ရသလား မောင်မှတ်ရယ်၊ လူနဲ့တီရဏ္ဍာန်ပဲ၊ ဒီလောက်ကြောက်ဖို့ မလိုပါဘူး၊ ငါတို့ဝင်တာနောက်ကျရင် သေနတ်တွေကို တခြားလူတွေက ဝင်ယူသွားမှာပေါ့ နောက်ပြီး ဂျပန်စစ်သားတွေလည်း ထပ်ရောက်မလာဘူးလို့ မပြောနိုင်ဘူး၊ ဒီတော့ မြန်မြန်စီစဉ်ပြီး မြန်မြန်သွားကြရအောင်"

ဟု ပြောဆိုတိုင်ပင်ကာ တစ္ဆေမြောင်လိုဏ်ခေါင်းသို့သွားရန် ပြင်ဆင်ကြလေတော့သည်။

စိန်သန်းတို့သုံးယောက်က အရက်ဆိုင်တွင်တိုင်ပင်ပြီး နောက်တစ်နေ့တွင် တစ္ဆေမြောင်လိုဏ်ခေါင်းသို့ သွားကြရန် ပြင်ဆင်နေကြစဉ် ထိုနေ့ညမှာပင် တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းသို့ အဝတ်နက်ကြီးများ ခြုံထားသော လူမည်းကြီးသုံးယောက် ဂူအတွင်းသို့ ဝင်လာကြသည်။

ထိုလူမည်းကြီးများ ဝင်လာသောအချိန်မှာ ညဦးပိုင်းအချိန်ဖြစ်သည်။ အပြင်ဘက်၌ လရောင်အနည်းငယ်ရှိသောကြောင့် အလင်းရောင် အတန်အသင့်ရှိနေသော်လည်း လိုဏ်ခေါင်းကြီးအတွင်းမှာတော့ မှောင်ပိန်းနေလေသည်။

လူသုံးယောက်တွင် အသေးစားလက်နှိပ်ဓာတ်မီးများ ပါလာသဖြင့် မီးရောင်ကို ခပ်အုပ်အုပ်ထိုးကာ အတွင်းသို့ ဝင်လာကြသည်။





ထိုအခိုက်မှာပင် ရိုးမတောတွင်းမှ တောခွေးအုပ်များ ဆွဲဆွဲငင်ငင်အူလိုက်သံများ ပေါ်ထွက်လာသည်။

ထိုအသံများက တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်ကို လှုပ်နှိုးလိုက်သကဲ့သို့ ရှိလေသည်။ လူမည်းကြီးသုံးယောက်တို့မှာ သတိထားဟန်ဖြင့် ဂူအတွင်းသို့ ဝင်လာကြရာ ထုံးစံအတိုင်း အတွင်းပိုင်းသို့ ရောက်လာသောအခါ သွေးညှီနံ့ အပုပ်နံ့များက လေနှင့်အတူ ဝေ့ဝဲပြန့်နှံ့လျက်ရှိနေသည်။

ထိုအခိုက်မှာပင် ဂူအတွင်းပိုင်းမှ ကျယ်လောင်စွာ အော်လိုက်သောအသံကြီးကို စတင်ကြားရသည်။ ထိုအသံကြားရသောအခါ လူသုံးယောက်တို့မှာ လှမ်းလက်စခြေလှမ်းများကို ရပ်တန့်ကာ အခြေအနေကို နားစွင့်လိုက်ကြသည်။ အတန်ကြာအောင် နောက်ထပ် အော်သံ ကြားရပြန်သည်။

ဒီတစ်ကြိမ်တော့ အော်သံက ပိုမိုနီးကပ်လာသလို ဝဲဒုန်းဒုန်းဖြင့် နင်းလျှောက်လာသော ခြေသံကြီးကိုပါ ကြားကြရသည်။ ခြေသံကြီးက လိုဏ်ခေါင်းအသံဖြင့် ပိုမိုကျယ်လောင်နေလေသည်။

မြေပြင်ပေါ်ကို နင်းလိုက်သောခြေသံမှာ အသံကျယ်ရုံမဟုတ်ဘဲ တုန်လှုပ်မှုလည်း ရှိလေသည်။ ၎င်းခြေသံကြောင့် လိုဏ်ခေါင်းတစ်ခုလုံး မြေငလျင်လှုပ်သကဲ့သို့ ရှိနေချေသည်။

ထိုအသံများကို ကြားရသည်နှင့် အဝတ်မည်းခြုံထားသော လူ



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်တို့မှာ ဝှန်ရုံတစ်နေရာရှိ ကျောက်တုံးများနောက်သို့ ဝင်ရောက်ကာ ပုန်းအောင်းနေကြလေသည်။

ထိုအချိန်မှာပင် ခြေသံက တဖြည်းဖြည်းနီးကပ်လာသလို တုန်လှုပ်မှုများကလည်း ပိုမိုပြင်းထန်လာသည်။

"ဒုန်း ....ဒုန်း ... ဒုန်း"

ခြေသံကြီးက သူတို့သုံးယောက် ပုန်းအောင်းနေသော နေရာသို့ ရောက်လာတော့သည်။ သို့သော်လည်း ခေါင်းမဖော်ဝံ့တဲ့ ကျောက်တုံးများနောက်ဘက်၌ ပြားပြားဝပ်နေကြသည်။

ထိုနေရာရောက်တော့ ခြေသံက ရုတ်တရက် ရပ်တန့်သွားသည်။ ထိုအခိုက်အတန့်လေးမှာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ထိုသို့ ငြိမ်သက်သွားသောအချိန်မှာမှ သတ္တဝါကြီး၏ အသက်ရှူသံပြင်းပြင်းကို အတိုင်းသား ကြားကြရသည်။

"ရှူး ..... ရှူး ..... ရှူး ...."

ထိုအသံကြောင့် တစ်ယောက်က ကျောက်တုံးအကွယ်မှ ခေါင်းထောင်ကာ လှမ်းကြည့်လိုက်သည်။ ဝှအတွင်းမှာ မှောင်နေသော်လည်း အပေါက်ဝဘက်မှ တိုးဝင်လာသော အလင်းရောင်တစ်စွန်းတစကြောင့် သတ္တဝါကြီး၏ ပုံပန်းသဏ္ဍာန်ကို ဝိုးတဝါး လှမ်းမြင်ရသည်။

သတ္တဝါကြီးမှာ လူတစ်ယောက်ကဲ့သို့ ခြေထောက်နှစ်ချောင်း





ခေါ်မှာပင် မတ်မတ်ရပ်နေခြင်းဖြစ်သည်။ အရပ်အမောင်းက လူထက်နှစ်ဆခန့်မြင့်ပြီး အလုံးအထည်ကလည်း ကြီးမားသည်။

တစ်ကိုယ်လုံး အမွေးအမှင်များ ရှိဟန်တူသည်။ ပထမတော့ လှုံကြီးတစ်ကောင်ဖြစ်မည်ဟု စိတ်ထဲမှာ ထင်လိုက်မိသော်လည်း လှုံကဲ့သို့ ခါးကိုင်းမနေဘဲ လူတစ်ယောက်ကဲ့သို့ မတ်မတ်ရပ်နေသည်ကို တွေ့ရသဖြင့် အံ့ဩသွားလေသည်။

သတ္တဝါလည်းမဟုတ်၊ လူလည်းမဟုတ်သော မည်းမည်းသဏ္ဍာန်ကြီးသည် ထိုနေရာ၌ အတန်ကြာအောင် ရပ်တန့်နေပြီးမှ လိုဏ်ခေါင်းအပြင်ဘက်သို့ ထွက်သွားလေတော့သည်။

ခဏကြာတော့ အပြင်ဘက်တောနက်အတွင်းမှ တောခွေးများ ဟောင်သံနှင့် တောကြက်များ၊ ငှက်များ အလန့်တကြား ထပျံသံ၊ အော်သံများ ပေါ်ထွက်လာကြသည်။

အတန်ကြာတော့ အတော်ဝေးသောနေရာ ရောက်သွားလေသည်။ ထိုအခါမှ အဝတ်မည်းခြုံထားသော လူသုံးယောက်တို့မှာ ကျောက်တုံးများနောက်မှ အလျင်အမြန်ထကာ ဝှအတွင်းသို့ ဝင်သွားကြလေသည်။

ဝှအတွင်းပိုင်းရောက်လေလေ သွေးညှီနံ့နှင့် အပုပ်နံ့များ ပိုများလာသည်။ တစ်နေရာရောက်တော့ ပုပ်ပွနေပြီဖြစ်သော အလောင်းနှစ်လောင်းကို အရင်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံး အပုပ်နံ့များက လှိုင်နေသော်လည်း ၎င်းတို့မျက်နှာပေါ်မှာ အဝတ်စည်းထားသောကြောင့် သက်သာခွင့်ရနေကြသည်။ ၎င်းတို့သည် ကြမ်းပြင်ပေါ်မှာ ရှိနေသော အလောင်းနှစ်လောင်းကို လက်နှိပ်မီးဖြင့် အသေအချာထိုးကြည့်ကြရာ တစ်နေရာတွင် စိုက်ဝင်နေသော မြားတံနှစ်ချောင်းကို တွေ့သဖြင့် နုတ်ယူလိုက်ကြသည်။ ပြီးမှ ရှေ့ဆက်ဝင်သွားကြသည်။

ဝူကြမ်းပြင်တစ်လျှောက်မှာတော့ အခြား ဘာမှ ထူးထူးခြားခြား မတွေ့ရတော့ဘဲ အရိုးစုအချို့သာ ဟိုနေရာတစ်ခု ဒီနေရာတစ်ခု တွေ့ရသည်။

အရိုးစုများမှာ အများအားဖြင့်တော့ ကျွဲနွားအရိုးစုများသာ ဖြစ်ပေသည်။ ဝူမှာ အတွင်းပိုင်းရောက်လာလေလေ ပိုမိုကျယ်ဝန်းလာလေလေဖြစ်ပြီး ကျောက်စွန်းကျောက်ချွန်များက ပိုမိုများပြားလာလေသည်။

အချို့နေရာများတွင် စမ်းချောင်းကဲ့သို့ ရေစီးကြောင်းများ ရှိနေသည်။ ချောင်းဖြစ်နေသော နေရာများမှာ အချို့နေရာတွင် ခုနစ်ပေ ရှစ်ပေခန့် ကျယ်သော်လည်း သတ္တဝါကြီးက ဒီဘက်ကမ်းမှ ဟိုဘက်ကမ်းကို ခြေလှမ်းတစ်လှမ်းတည်းဖြင့် ခုန်ကူးသွားဟန်ရှိလေသည်။

မြေပျော့ပျော့ပေါ်မှာ ထင်ကျန်နေခဲ့သော ဖနောင့်ရာကြီးများမှာ မြေသားပျော့ပျော့ပေါ်တွင် ချိုင့်ခွက်ကြီးများ ဖြစ်ကျန်ခဲ့လေ





သည်။ ချောင်းတစ်ခုကိုကျော်ပြီး တစ်ဖက်ကမ်းသို့ ရောက်သွားသည်နှင့် ကျောက်တုံး ကျောက်ချွန်များ ထူထပ်သောနေရာသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ နံရံတွင် ကြီးမားသော ဝူပေါက်ကြီးအချို့ ရှိနေသည်ကို တွေ့ကြရသည်။ သတ္တဝါကြီး မည်သည့် အပေါက်မှ ထွက်လာသည်ကိုတော့ မသိကြရပေ။

ဝူပေါက်ဝများအနီးသို့ လိုက်လံကြည့်ကြသောအခါ တစ်နေရာအရောက်တွင် ဝူကြမ်းပြင်ပေါ်မှာ သေဆုံးနေသော ဂျပန်စစ်ဗိုလ်နှင့် စစ်သားတို့၏ အလောင်းများကို တွေ့ကြရသည်။ အလောင်းများမှာ ပုပ်ပွနေပြီး တစ်နေရာစီ ပြန့်ကျဲနေလေ၏။

သေဆုံးနေပုံမှာလည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေကြခြင်းဖြစ်လေသည်။ ဇက်ကျိုးပြီး မျက်နှာက နောက်ရောက်သူရောက်၊ ခြေလက်များ အပိုင်းပိုင်းကျိုးသူကကျိုး၊ ခါးကျိုးပြီး ရင်ဘတ်က နောက်ဘက်ရောက်သူကရောက်၊ ကျောက်တုံးများဖြင့် ကိုင်ရိုက်ထားသဖြင့် တစ်ကိုယ်လုံးအရိုးမရှိတော့သလို အသတ်ပုံကြီးကဲ့သို့ ဖြစ်နေသူက ဖြစ်နေ၊ တစ်ကိုယ်လုံး လိမ်ချိုးထားသဖြင့် လျှော်ပြီးသား ရေစိုအဝတ်ကို ငြိမ်ညှစ်ထားသဖြင့် ဖြစ်နေသူကဖြစ်နေနှင့် ဂျပန်ဒါးယောက်တို့၏ အဖြစ်မှာ ကြည့်ရှုစရာမရှိတော့လောက်အောင် ဆိုးဝါးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝဝါ်နက်ခြုံထားသော လူသုံးယောက်တို့သည် မြေပေါ်တွင်ကျနေသော သေနတ်များကို လိုက်လံရှာဖွေရာ ဂျပန်စစ်ဗိုလ်ကိုင်သော ခြောက်လုံးပြူးသေနတ်တစ်လက်ကိုသာ အကောင်းအတိုင်းတွေ့ရပြီး စစ်သားများကိုင်သော သေနတ်အရှည်လေးတစ်လက်ကတော့ ရစရာမရှိတော့လောက်အောင် ကျိုးပဲ့ပျက်စီးနေလေပြီ။

သေနတ်များမှာ သတ္တဝါကြီးက ချိုး၍သော်လည်းကောင်း ကျောက်တုံးများဖြင့် ကိုင်ရိုက်ထား၍သော်လည်းကောင်း အပိုင်းပိုင်းကျိုးလျက်ရှိသည်။

လူသုံးယောက်တို့သည် ထိုသေနတ်အကျိုးအပဲ့များကိုပင် ယူကာ လိုဏ်ခေါင်းအပြင်ဘက်သို့ အလျင်အမြန် ပြန်ထွက်သွားကြလေတော့သည်။

❑ ❑ ❑

[illegible]





အခန်း (၄)

## ဦးမင်းဒင်နှင့် လျှို့ဝှက်အကြံအစည်

စိန်သန်းတို့သုံးယောက်က တစ္ဆေမြောင်လိုဏ်ခေါင်းအပေါက်သို့ ရောက်လာသောအချိန်မှာ နေ့လယ်ပိုင်းအချိန်ဖြစ်သည်။ ထိုအချိန်တွင် မိုးရိပ်မိုးသားများ ရှိနေသောကြောင့် တောထဲ၌ အနည်းငယ်မှောင်ရိပ်များ သမ်းနေသလို တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းမှာလည်း မှောင်နေလေသည်။

"စိန်သန်း .... အထဲဝင်လို့ ဖြစ်ပါ့မလား၊ တော်ကြာ မိစ္ဆာကောင်ကြီးနဲ့ တည့်တည့်တိုးနေရင် ခက်မယ်"

"ကြောက်မနေပါနဲ့ကွာ၊ ငါ စုံစမ်းကြည့်သမျှတော့ ဒီသတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက နေ့အချိန် အပြင်မထွက်ဘူး၊ ညအချိန်ရောက်မှ ထွက်တာလို့ ပြောကြတယ်၊ ဒီအချိန်မှာ ဂူထဲမှာ အိပ်ချင်အိပ်နေမှာပေါ့"

"ဒါပေမယ့် သတိတော့ထားနော်၊ ဒီလိုဏ်ခေါင်းထဲမှာ သူ ရှိနေပြီဆိုမှတော့ အန္တရာယ်ကလည်း အချိန်မရွေးရှိနေမှာပဲ"

ဟု မောင်မှတ်က ဝင်ရောက်သတိပေးလိုက်လေသည်။

ထို့နောက် သုံးယောက်သား လိုဏ်ခေါင်းအတွင်းသို့ ဝင်ခဲ့ကြသည်။ တစ်နေရာရောက်တော့ ဂူပေါက်ဝနှင့် မနီးမဝေးနေရာမှာ သေဆုံးနေသော ဂျပန်စစ်သားနှစ်ယောက်ကို အရင်တွေ့ရသည်။

အပုပ်နံ့များက လှိုင်နေသဖြင့် ပါလာသောအဝတ်များဖြင့် နှာခေါင်းနှင့်ပါးစပ်ကို ပိတ်စည်းထားရသည်။ ထိုနေရာတွင် သေနတ်များမတွေ့ရသဖြင့် ရှေ့သို့ ဆက်ဝင်သွားကြသည်။ အတွင်းပိုင်းရောက်သည်အထိတော့ အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့ကြရသေးပေ။

သူတို့သုံးယောက်စလုံးမှာ အတွင်းပိုင်း အတော်ရောက်သည်အထိ တစ်စုံတစ်ရာ အနှောင့်အယှက်များ မတွေ့ရသောကြောင့် အနည်းငယ်အားရှိလာကာ ရှေ့သို့ဆက်ဝင်သွားကြရာ တစ်နေရာရောက်သောအခါ ကြမ်းပြင်ပေါ်၌ ဖရိုဖရဲ လဲကျသေဆုံးနေသော ဂျပန်အလောင်းများကို တွေ့ကြရသဖြင့် လာရကျိုးနပ်လောက်ပြီဟု ထင်လိုက်ကြသည်။





ဂျပန်စစ်သားများ၏အလောင်းများကိုသာ တွေ့ရပြီး သေနတ်များကို လိုက်လံရှာဖွေသောအခါ တစ်လက်မှ မတွေ့ရပေ။ မကျေနပ်သဖြင့် အနီးဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရပေ။

"ဘယ်လိုဖြစ်တာလဲ၊ သေနတ်တွေလဲ တစ်လက်မှ မတွေ့ရတော့ပါလား"

"အေး .... ဟုတ်ပါရဲ့၊ ဂျပန်တွေ သေနတ်မပါဘဲနဲ့များ ဒီဂူထဲဝင်လာကြရော့သလား"

"ဟာ ... မဖြစ်နိုင်ပါဘူး၊ ဒီလောက်အရေးကြီးတဲ့အချိန်ကာလမှာ သေနတ်မပါဘဲနဲ့တော့ သွားမှာမဟုတ်ပါဘူး"

"ဟုတ်တော့ဟုတ်တယ်၊ ဒီမှာတော့ သေနတ်မပြောနဲ့ သေနတ်နဲ့တူတာတောင် မတွေ့ရပါလား"

"တစ်ယောက်ယောက်များ ဝင်ယူသွားသလား"

"ဒီလောက်ကြောက်စရာကောင်းတဲ့ ဂူထဲကို ဘယ်သူက ဝင်ဝံ့ကြမှာလဲဟ"

"ဘယ်ပြောနိုင်မှာလဲ၊ တော်လှန်ရေးသမားတွေက ဒီသတင်းကြားပြီး လာယူရင် ယူမှာပေါ့"

သူတို့အဖွဲ့ထဲမှာ အသက်အငယ်ဆုံးဖြစ်သော်လည်း အတွေးအခေါ် အယူအဆက သူတို့နှစ်ယောက်ထက် ပိုကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



မောင်မှတ်စကားကြားသောအခါ စိန်သန်းနှင့်ထွန်းမောင်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဒါပေမယ့် သေချာအောင် လိုက်တော့ရှာကြဦးကွာ"

"ဒီထဲရောက်လာမိမှတော့ ဒီတိုင်းလှည့်ပြန်လို့တော့ မဖြစ်ဘူး။ တကယ်လို့ သေနတ်တွေရှိရင်လဲ ဒီနေရာတစ်ဝိုက်လောက်မှာပဲ ရှိမှာပါ။ တစ်ယောက်တစ်နေရာစီ လိုက်ရှာကြကွာ"

ဟု ပြောဆိုတိုင်ပင်ပြီး လိုက်လံရှာဖွေကြရာ တစ်နေရာအရောက်တွင် ကျောက်တုံးများကြား၌ ကျနေသော သေနတ်မောင်းတံတစ်ခုကို တွေ့ရသည်။

"ဟောဒီမှာတွေ့ပြီ"

"သေနတ်တွေ့တာလားဟေ့"

"မဟုတ်ဘူး၊ မောင်းရိုက်တံကိုတွေ့တာ"

"ဟာ ..."

စိန်သန်းမှာ မချင့်မရဲ ဖြစ်သွားလေသည်။ ထို့နောက် ထွန်းမောင်ရှာတွေ့သော အရာကို အသေအချာကြည့်သောအခါ ရိုင်ဖယ်တစ်လက်မှ ပြုတ်ထွက်နေဟန်ရှိသော မောင်းရိုက်တံတစ်ခု ဖြစ်သည်ကို တွေ့ရလေသည်။

"ဒီဂူထဲကို ဝင်လာတုန်းက ဂျပန်တွေဆီမှာ သေနတ်တွေပါလာတယ်ဆိုတာ သေချာပြီ၊ ဒါတခြားမဟုတ်ဘူး၊ ရိုင်ဖယ်သေနတ်





ရဲ့ မောင်းရိုက်တံပဲ၊ ဒီနေရာတစ်ဝိုက်မှာ ရှိလိမ့်ဦးမယ် ရှာကြစမ်းကွာ"

ဟု လိုက်လံရှာဖွေနေကြစဉ် လိုဏ်ခေါင်းအတွင်းပိုင်းလောက်ဆီမှ ကျယ်လောင်သော မာန်ဖီသံကြီးတစ်ချက်ကို ကြားလိုက်ကြရသည်။ အတန်ကြာတော့ ထိုမာန်ဖီသံကဲ့သို့ အသံကြီးမှာ ပိုမိုကျယ်လောင်လာသည်။

"ကိုစိန်သန်း ... အခြေအနေမကောင်းဘူး၊ သွားကြရအောင်"

"နေစမ်းပါဦးကွ၊ ဘာကောင်လဲဆိုတာ သိရအောင် စောင့်ကြည့်ရရင် မကောင်းဘူးလား"

"ဟာ ... မလုပ်နဲ့၊ ခင်ဗျားကြည့်ချင်သပဆိုရင် တစ်ယောက်တည်းသာ နေခဲ့ပေတော့၊ ကျုပ်တို့တော့ မနေဝံ့ဘူး၊ ပြေးတော့မယ်"

ဟု ပြောကာ မောင်မှတ်က အရင်ပြေးလေရာ နောက်မှ ထွန်းမောင်လည်း ပြေးလိုက်သွားလေတော့သည်။

စိန်သန်းမှာ မိုက်ရူးရဲတစ်ယောက်ဖြစ်သည်ကတစ်ကြောင်း၊ တကယ်မှာလည်း သေနတ်တစ်လက်ရှိနေသည်က တစ်ကြောင်းကြောင့် ရုတ်တရက် မပြေးသေးဘဲ နေရာမှာ ရပ်နေသည်။

ထိုသို့ ရပ်နေရာမှ ကြားနေရသောအော်သံနှင့် မြေသံကြီးမှာ ဖြည်းဖြည်းနီးလာရာမှ ရုတ်တရက် အသံပျောက်သွားလေသည်။ ထို့ကြောင့် စိန်သန်းမှာ အနည်းငယ် အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် စောင့်ကြည့်နေသော်လည်း မည်သည့်နေ ရာမှ အသံမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် စိတ်ထဲမှာ သေတ်ဖြစ်လာမိသောကြောင့် နောက်သို့ လှည့်ကြည့်လိုက်လေသည်။ ထိုအခါမှ မမျှော်လင့်သောမြင်ကွင်းကို တွေ့ရတော့သည်။

အခြားမဟုတ်ပေ။

သူ့နောက်ဘက်ရှိ ဝှပေါက်ဝတွင် မည်းမည်းသဏ္ဌာန်ကြီး တစ်ကောင် မားမားကြီးရပ်နေသည်ကို တွေ့ရသောကြောင့်ပင် အမှောင်ရိပ်ထဲမှာ ရပ်နေသော သတ္တဝါကြီးမှာ အရပ်အမြင့် (၁၀) ပေခန့်ရှိပြီး အလုံးအထည်ကလည်း ကြီးမားသည်။

တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးအုပ်ထားပြီး အလင်းရောင် မှိန်ပျပျအောက်မှာပင် မျက်လုံးကြီးနှစ်လုံးက ပြူးကျယ်ကာ နီရဲ လျက်ရှိနေကြသည်။ အမှောင်ရိပ်ကြောင့် ၎င်း၏မျက်နှာကို သေချာ စွာမမြင်ရသော်လည်း ကြောက်မက်ဖွယ်ကောင်းသော မျက်နှာတစ်ခု ဖြစ်မည်ကို သိလိုက်သဖြင့် စိန်သန်းမှာ နေရာတွင် ဆက်မနေနိုင် တော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ပြေးလေတော့သည်။

သူထွက်ပြေးသည်နှင့် သတ္တဝါကြီးက ခြေလှမ်းကျဲကြီးများဖြင့် နောက်ဘက်မှ လိုက်လာလေသည်။ ထိုအခါမှ စိန်သန်းမှာ ဆောက် တည်ရာမရယောက်အောင် ကြောက်ရွံ့မှုဖြစ်ပြီး လိုဏ်ခေါင်းအပေါက် ဝရောက်အောင် တရကြမ်း ပြေးရလေတော့သည်။



ထိုအခိုက်မှာပင် နောက်ဘက်မှ အသံတစ်သံကြားလိုက်ရပြီး သူ့ရှေ့သို့ တစ်စုံတစ်ခု ကျလာတော့သည်။

"ဝုန်း ...."

ကျလာသောအရာမှာ အခြားမဟုတ်ဘဲ ပုပ်ပွနေသော ဂျပန် တစ်ယောက်၏ အလောင်းဖြစ်ပြီး သတ္တဝါကြီးက ကောက်ယူ၍ ပစ်ပေါက်လိုက်ခြင်းဖြစ်ပေသည်။

စိန်သန်းမှာ ရုတ်တရက် ရှေ့သို့ကျလာသော အလောင်းကြီးကို မည်သို့မှ မရှောင်သာတော့ဘဲ ခလုတ်တိုက်ကာ အရှိန်ဖြင့် ရှေ့သို့ ပစ်လဲကျသွားလေတော့သည်။

"အား ....."

တစ်ကိုယ်လုံး ပွန်းပဲ့နာကျင်သွားသော်လည်း နောက်မှ လိုက် လာသောခြေသံက နီးလာပြန်သဖြင့် မလှမ်းမကမ်းမှာ ကျသွားသော သေနတ်ကို ကပျာကယာ ရှာဖွေကောက်ယူပြီးနောက် ထပြေးပြန် ရာ နောက်ဆုံးတော့ ကံအားလျော်စွာ အပေါက်ဝသို့ ပြန်ရောက် သွားလေတော့သည်။

စိန်သန်းသည် အပေါက်ဝရောက်သည်နှင့် ထိုနေရာနှင့် ဝေးရာ ရောက်အောင် တရကြမ်းပြေးပြီးနောက် အတော်ဝေးဝေးရောက်သော အခါမှ နောက်သို့ လှည့်ကြည့်လိုက်သောအခါ လိုဏ်ခေါင်းအပေါက် ဝမှာ မားမားကြီးရပ်နေသော ကြောက်မက်ဖွယ်ရာသဏ္ဌာန်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်ရသေးသည်။

ထို့နောက်တွင် ထွန်းမောင်တို့နှင့် ပြန်ဆုံကာ ရွာသို့ ပြန်ခဲ့ကြလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်တစ်လခန့် အချိန်ကြာသောအခါ တစ္ဆေမြောင်ရွာသို့ လူတစ်စုရောက်လာလေသည်။

ဦးဆောင်လာသူမှာ အသက်ငါးဆယ်ကျော်အရွယ်ရှိ ဦးမင်းဒင်ဆိုသူဖြစ်ကာ ၎င်းနောက်မှာ တပည့်လေးယောက် ပါလာသည်။

၎င်းတို့သည် ရွာတွင်းရောက်သည်နှင့် ရွာလူကြီးဦးထီးကော်အိမ်သို့သွားကာ အကူအညီတောင်းကြလေသည်။

"ကျုပ်နာမည်က ဦးမင်းဒင်လို့ခေါ်ပါတယ်၊ ကျုပ် ဆေးဆရာတစ်ယောက်ပါ။ ဒီနယ်ဘက်မှာ ဂမုန်းနက်ရှာဖို့ လာခဲ့ကြတာပါ"

ထိုအခါ ရွာလူကြီးက .....

"တောထဲမှာ ဂမုန်းနက် ဘယ်နေရာရှိမှန်းမှ ကျုပ်တို့မသိတာ၊ ဘယ်လိုအကူအညီပေးရမလဲ"

ဟု ကရင်လူမျိုးပီပီ ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

"ဒီအတွက် စိတ်မပူပါနဲ့၊ ဂမုန်းနက် ဘယ်မှာရှိတယ်ဆိုတာ ကျုပ်တို့ဘာသာ ရှာမှာပါ။ ရွာလူကြီးအနေနဲ့ ကျုပ်တို့ကို အကူအညီပေးရမှာက လမ်းပြရှာပေးဖို့ပါ"

"ဒါထက် ခင်ဗျားတို့က ဘယ်နေရာသွားမှာလဲ"





"တစ္ဆေမြောင်လိုဏ်ခေါင်းရှိတဲ့ နေရာတစ်ဝိုက်ပါ"

"ဟင်"

ထိုစကားကြားသောအခါ ရွာလူကြီး ဦးထီးကော်မှာ မျက်စိမျက်နှာပျက်သွားလေသည်။

"ဘာဖြစ်လို့လဲဗျ"

"အဲဒီနေရာကိုသွားမယ်ဆိုရင် ဘယ်သူမှ လမ်းပြလိုက်ဝံ့ကြမယ်မထင်ဘူး"

"ဘာကြောင့် မလိုက်ဝံ့တာလဲ"

"အဲဒီနေရာက နယ်မြေကြမ်းတယ်"

"ကိစ္စမရှိပါဘူးလေ၊ ကျုပ်ဆီမှာ ဆေးကောင်းဝါးကောင်းတွေပါလာပါတယ်၊ ဘယ်လောက်ကြမ်းတဲ့ မိစ္ဆာဖြစ်ဖြစ် နိုင်အောင် နှိမ်နင်းနိုင်ပါတယ်"

"ခင်ဗျားတို့က နှိမ်နင်းနိုင်တယ်ဆိုပေမယ့် လိုက်ဝံ့တဲ့သူ ရှိမယ်မထင်ဘူး"

"ကျုပ်တို့က တနယ်တကျေးကလာကြတာဆိုတော့ တစ်ဆိတ်လောက်တော့ အကူအညီပေးပါ သူကြီးရယ်၊ လမ်းပြကိုလဲ ကျေနပ်လောက်အောင် ပေးပါ့မယ်၊ နောက်ပြီး ကျုပ်တို့ ရောက်နေတဲ့အချိန်မှာလဲ ရွာထဲမှာရှိတဲ့ မကျန်းမာတဲ့သူတွေကိုလဲ ပျောက်ကင်းသက်သာအောင် ဆေးကုပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောသောအခါ ဦးထီးကော်လည်း မငြင်းသာအောင် ဖြစ်သွားလေတော့သည်။ အဘယ့်ကြောင့်ဆိုသော် သူ့အိမ်မှာပင် သူ့မိသားစုအပါအဝင် နေမကောင်းသူအချို့ ရှိနေသောကြောင့်ပင်။

ထို့နောက်မှာတော့ ဦးမင်းဒင်က ၎င်းမှာပါလာသော ဆေးဝါးများဖြင့် နေမကောင်းသောလူနာများကို ဆေးဝါးကုသပေးရာ သက်သာပျောက်ကင်းမှု ရကြလေသည်။

တကယ်တော့ ၎င်းတို့ဖြစ်နေသောရောဂါများမှာ သာမန်ဝမ်းရောဂါ၊ အဖျားရောဂါများသာ အဖြစ်များကြရာ ဆေးတစ်ခွက် နှစ်ခွက်တိုက်ရုံဖြင့် သက်သာပျောက်ကင်းကြလေသည်။

ရွာသူရွာသားများကတော့ ရောဂါတစ်ခုဖြစ်လာလျှင် မည်သည့်ဆေးဝါးသုံးရမည်မသိဘဲ ဆေးနည်းတိုများဖြင့်သာ ကုကြရာ ပျောက်သည့်အခါလည်းရှိ၊ တစ်ခါတစ်ရံလည်း ရောဂါနှင့်ဆေး မတည့်သဖြင့် အသက်ဆုံးရှုံးရသည်လည်းရှိသည်။

ယခု ဦးမင်းဒင်မှာ ဆေးကောင်းဝါးကောင်းများ ပါလာသဖြင့် ရောဂါစွဲကပ်နေသူများကို ဆေးတစ်ခွက်၊ နှစ်ခွက်ထက် ပိုမတိုက်ရဘဲ ရောဂါသက်သာကြသဖြင့် ရွာလူကြီးဦးထီးကော်ကိုယ်တိုင် ယုံကြည်မှုရှိလာကြသည်။

"ခင်ဗျားတို့ ဆေးကုပေးတဲ့အတွက် ကျုပ်မိန်းမနဲ့ကလေးတွေလဲ အတော်နေကောင်းလာကြပြီ၊ ဒီတော့ ခင်ဗျားတို့ လမ်းပြလိုချင်တဲ့ကိစ္စကို ကျုပ် အကူအညီပေးပါ့မယ်"

ဟု ကတိပေးကာ စိန်သန်းကို အခေါ် လွှတ်လိုက်သည်။ ခဏကြာတော့ စိန်သန်း ရောက်လာရာ ဦးထီးကော်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"လမ်းပြလိုက်တာကတော့ ဟုတ်ပါပြီ၊ ဒါထက် ဆရာကြီးတို့က ဘယ်နေရာကို သွားချင်တာလဲ"

"ဒီနယ်မှာ တစ္ဆေမြောင်လိုဏ်ခေါင်းဆိုတာ ရှိတယ်မဟုတ်လား၊ အဲဒီနေရာကို သွားချင်တာ"

"မဖြစ်ဘူးထင်တယ်ဗျ၊ အဲဒီနေရာက အန္တရာယ်ရှိတယ်"

"အန္တရာယ်ရှိလဲ ကြောက်စရာမလိုပါဘူး၊ ကျုပ်တို့မှာ ဆေးကောင်းဝါးကောင်းတွေ ပါပါတယ်"

"အဲဒီအန္တရာယ်က ဆေးနဲ့လုပ်လို့ရမယ်မထင်ဘူး"

"ဆေးနဲ့မရတော့လဲ တခြားနည်းပေါ့ မောင်ရယ်၊ ဒီအတွက် စိတ်မပူပါနဲ့၊ မောင်က လမ်းပြပေးရုံသာ ပြပါ၊ ကျန်တဲ့ကိစ္စတွေကို ကျုပ်တို့ဘာသာ ရှင်းပါ့မယ်"

ထိုစကားကြားသောအခါ စိန်သန်းမှာ အနည်းငယ် စိတ်ဝင်စားသွားသည်။ ထို့ပြင်လောက် ရဲရဲဝံ့ဝံ့ ပြောနေပုံထောက်လျှင် အန္တရာယ်နှင့်တွေ့လျှင် မည်သို့မည်ပုံ ရှင်းမည်ကို သိချင်နေသည်။

"ဒါထက် ဆရာကြီးတို့က အဲဒီဂူကို ဘာသွားလုပ်ကြမှာလဲ"







www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဝှထဲမှာ လူ့အသက်ကိုရှည်စေပြီး ရောဂါမှန်သမျှ ပျောက်စေနိုင်တဲ့ နတ်ဆေးဂမုန်းလို့ခေါ်တဲ့ ဂမုန်းနက် သွားရှာမလို့ကွယ့်"

"ဗျူပ်က ဝှပေါက်ဝရောက်အောင် လမ်းပြပေးရုံပဲမဟုတ်လား"

"ဒီလောက်ဆိုရင်ပဲ ရပါပြီကွယ်၊ ကျန်တာတော့ ကျုပ်တို့ဘာသာပဲ လုပ်ပါ့မယ်"

"ဒီလိုဆိုရင် လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ ဟောဒီမှာ မောင်ရင့်အတွက် အလုပ်သဘောအရ စရံငွေပေးလိုက်ပါ့မယ်"

ဟု ပြောကာ ဦးမင်းဒင်က ၎င်း၏လွယ်အိတ်အတွင်းမှ ငွေဒင်္ဂါးပြားကို ထုတ်ပေးရာ စိန်သန်းမှာ မျက်လုံးပြူးသွားလေသည်။ ခေတ်ပျက်ကာလဟု ခေါ်ဆိုရမည့် ဂျပန်ခေတ်ကာလတွင် ငွေဆိုလို့ မှုံးလို့ ရှာစရာတောင်မရှိသော အချိန်ကာလမျိုးတွင် ယခုကဲ့သို့ ငွေဒင်္ဂါးပြားကို ရက်ရက်ရောရော ထုတ်ပေးသော ဦးမင်းဒင်ကို အံ့သြသွားလေသည်။

ငွေဒင်္ဂါးဆိုတာ တစ္ဆေမြောင်တစ်ရွာလုံး လိုက်ရှာလျှင်တောင် တစ်ပြားရဖို့မလွယ်ပေ။

"ငွေဒင်္ဂါးတွေက ကျုပ်ကိုပေးတာလား"

"ဟုတ်ပါတယ်၊ မင်းကို စရံပေးတာပါ၊ တကယ်လို့ ငါလုပ်ငန်းအောင်မြင်ရင် ထပ်ပေးပါဦးမယ်"





"ဟင်"

"ဟုတ်ပါတယ်ကွယ့်၊ ဒါက စရံသဘောမျိုးပေးတာပါ၊ တကယ်လို့ ခရီးစဉ်အောင်မြင်ခဲ့ရင် ဒါထက်မက ထပ်ရဦးမှာပါ"

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ လိုက်ပို့ပေးပါ့မယ်"

ထိုစကားကြားသောအခါ ဦးမင်းဒင်က သဘောကျစွာ ပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် စိန်သန်းက ဦးမင်းဒင်တို့အဖွဲ့အား ၎င်းနေအိမ်သို့ ခေါ်သွားလေတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

## တောနက်တွင်းမှ မျက်စိလည်သူများ

မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသော ဗြိတိသျှတို့အား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် တွန်းလှန်တိုက်ခိုက်သောကြောင့်သော်လည်းကောင်း၊ ကူးစက်ပြန့်နှံ့လာသော ဒုတိယကမ္ဘာစစ်၏ မီးလျှံများကြောင့် တစ်ကြောင်းကြောင့် ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လက်လွှတ်ကာ အိန္ဒိယသို့ ဆုတ်ကြရလေသည်။

ထိုအချိန်တွင် ရခိုင်မျိုးချစ်လူငယ်များသည် ဒီပဲရုံ၊ အမြင့်ကျွန်း၊ ကျောက်တန်း၊ စသည့် နယ်မြေများကိုကျော်ကာ မယူလမ်းမကြီးထိ သိမ်းပိုက်မိကြလေသည်။





ထိုမှတစ်ဆင့် ညောင်ပင်စခန်း၌ တပ်စွဲနေသော ဗြိတိသျှတပ်များကို ဆက်လက်တိုက်ထုတ်ကြရာ ဗြိတိသျှတို့ ဆုတ်ခွာခဲ့ရပြန်သည်။ ဤသို့ဖြင့် ၁၉၄၂ ခုနှစ်ရောက်သောအခါ တိုင်းရင်းသားမျိုးချစ်တော်လှန်ရေးသမားတို့၏ စုပေါင်းညီညွတ်မှုအားဖြင့် မြန်မာနိုင်ငံကို မတရားသိမ်းပိုက်ခဲ့ကြသော ဗြိတိသျှနယ်ချဲ့တို့အား အပြီးအပိုင်မောင်းနှင် ထုတ်နိုင်ခဲ့ကြပေသည်။

အင်္ဂလိပ်တပ်များမှာ နေရာအနှံ့မှ နည်းလမ်းအသွယ်သွယ်ဖြင့် အိန္ဒိယသို့ရောက်အောင် ဆုတ်ခွာကြရာတွင် မြန်မာနိုင်ငံမှ မတရားယူထားသော ရွှေငွေရတနာများကိုပါ တစ်ပါတည်း ယူဆောင်သွားကြလေသည်။

ထိုသို့ ယူဆောင်သွားရာတွင် အချို့လည်း လမ်းခရီး၌ တော်လှန်ရေးတပ်များနှင့် ရင်ဆိုင်တိုး၍ တိုက်ပွဲများဖြစ်ပွားကြရာ ယူဆောင်သွားသော ရွှေငွေရတနာများမှာ အချို့လည်းကျန်ခဲ့ပြီး အချို့လည်း ၎င်းတို့နှင့် ပါသွားလေသည်။

ထိုကဲ့သို့ ဆုတ်ခွာသော ဗြိတိသျှတပ်များတွင် အလယ်ရိုးမတောကြောမှ ရခိုင်ရိုးမရောက်အောင် ဆုတ်ခွာကြသော ဗြိတိသျှတပ်မှာ လက်ဖ်တင်နင် မစ်ချယ် (Lieut Mitchel) ဦးဆောင်သော တပ် ဖြစ်သည်။

၎င်းတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ဘုရားပုထိုးစေတီ



www.burmeseclassic.com

www.burmeseclassic.com



များကို ဖြိုဖျက်၍သော်လည်းကောင်း၊ အခြားနည်းဖြင့် ရထားသော ရတနာပစ္စည်းများကိုပါ တစ်ပါတည်း သယ်ဆောင်သွားကြလေသည်။

ထိုပစ္စည်းများကို သယ်ယူထမ်းပိုးရန် အလုပ်သမားများကိုလည်း ရွေးဝာပ်ဆွဲခေါ်သွားလေသည်။ ထိုအလုပ်သမားများထဲတွင် သေလာမဏိရွာမှ ဦးခမ်းလုံ၊ ဦးဘဖုံနှင့် ဦးဘိုးဟန်တို့သုံးယောက်လည်းပါသွားကြသည်။

၎င်းတို့သုံးယောက်သည် မိမိတို့ အမြတ်တနိုးထားကြသော ဘုရားစေတီတို့မှာ ဌာပနာပစ္စည်းများကို မတရားယူဆောင်လာမှန်းသိကြသောကြောင့် အခွင့်သာပါက ထိုပစ္စည်းများကို အရပြန်ယူရန်ကြံစည်စိတ်ကူးနေကြလေသည်။

ဤသို့ဖြင့် အလယ်ရိုးမတစ်နေရာရှိ လိုဏ်ခေါင်းကြီးတစ်ခုအနီးသို့ရောက်သောအခါ စခန်းချနေကြစဉ် လက်ဖ်တင်နင်မစ်ချယ်က အစားအသောက်များ စီမံချက်ပြုတ်ရန် ဦးခမ်းလုံတို့အား စေခိုင်းလေသည်။

ထိုအခါ တောထဲဝင်၍ ထင်းရှာသူကရှာ၊ ဂူထဲဝင်၍ ရေရှာသူက ရှာကြလေသည်။ ဂူကြီးအတွင်းသို့ ရေရှာရန်ဝင်သွားသော ဦးခမ်းလုံတို့မှာ လိုဏ်ခေါင်းအတွင်းသို့ ရောက်သောအခါ တစ်နေရာတွင် ထူးဆန်းသော ဂမုန်းပင်အချို့ကို တွေ့သဖြင့် လျှို့ဝှက်စွာ ယူဆောင်လာကြလေသည်။





ထို့နောက် အစားအသောက်များ စီစဉ်ချက်ပြုတ်သောအခါ ထိုဂမုန်းရွက်များကို ထည့်ပေးလိုက်သည်။ အစားအသောက်များချက်ပြုတ်စားသောက်ပြီးသောအခါ ဗြိတိသျှစစ်သားများမှာ မထနိုင်အောင်ဖြစ်ကာ အိပ်ကြလေတော့သည်။

ထိုသို့ အိပ်ပျော်နေစဉ်မှာ ရတနာသေတ္တာများကို ဂူကြီးအတွင်းသို့ ယူဆောင်သွားပြီး လျှို့ဝှက်စွာ မြှုပ်နှံထားလိုက်ကြလေသည်။ ထို့နောက် မီးပုံများထဲသို့ ဂမုန်းဥများ ထည့်လိုက်ရာ စိမ်းရွှေရွှေအနံ့တစ်မျိုး ထွက်လာပြီးနောက် ထိုအနံ့များကို ရှူမိသော ဗြိတိသျှစစ်သားများမှာ အိပ်ပျော်ရာမှ နိုးလာသောအခါ တစ်ယောက်နှင့်တစ်ယောက် လုံးဝမမှတ်မိတော့ဘဲ ရန်သူဟုထင်မှတ်ကာ သတ်ကြဖြတ်ကြသဖြင့် အားလုံး သေဆုံးသွားကြလေတော့သည်။

ဦးခမ်းလုံတို့လည်း အချင်းချင်းတိုင်ပင်ကာ ထိုနေရာမှ လျှို့ဝှက်စွာ ထွက်သွားကြလေတော့သည်။

သေနတ်သံများကြားသဖြင့် ထိုနေရာသို့ တော်လှန်ရေးတပ်သားများရောက်လာသောအခါ အတုံးအရုံး သေဆုံးနေကြသော လက်ဖ်တင်နင်မစ်ချယ်နှင့် ဗြိတိသျှစစ်သားအလောင်းများကိုသာ တွေ့ရတော့သည်။

ဦးခမ်းလုံတို့သုံးယောက်နှင့် ရတနာသေတ္တာကိုတော့ မတွေ့ကြရတော့ပေ။ သို့ကြောင့် တော်လှန်ရေးသမားများမှာ များစွာ အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။ ဗြိတိသျှစစ်သားများအား မည်သည့်အဖွဲ့က ဝင်ရောက်တိုက်ခိုက်သွားသည်ကို မသိရသောကြောင့် ပို၍အံ့သြကြရသည်။ ထို့နောက်တွင် သေနတ်များကို ယူပြီး ထိုနေရာမှ ပြန်ထွက်သွားကြလေတော့သည်။

ဦးမင်းဒင်က ၎င်းပြောပြနေသောစကားကို ထိုနေရာမှာပင် အဆုံးသတ်လိုက်လေတော့သည်။ ထိုအကြောင်းကို စိတ်ဝင်တစားနားထောင်နေကြသော စိန်သန်း၊ ထွန်းမောင်၊ မောင်မှတ်တို့သုံးယောက်မှာ ဦးမင်းဒင်ထံမှ မမျှော်လင့်သောအကြောင်းများကို ကြားကြရသဖြင့် များစွာ အံ့သြနေကြလေသည်။

"ဒါဖြင့် ဒီအဖြစ်အပျက်တွေဖြစ်တာ သိပ်မကြာသေးဘူးပေါ့နော်"

"ဘယ်ကြာဦးမှာလဲကွ၊ အလွန်ဆုံးကြာလှ သုံးလေးနှစ်ပေါ့"

"ကျွန်ုပ်တို့တော့ ဒီနယ်မှာသာ နေကြတယ်၊ အဲဒီအကြောင်းတွေကို မသိလိုက်ဘူး"

"ဒါက တောထဲမှာ ဖြစ်သွားတဲ့အကြောင်းတွေဆိုတော့ ဘယ်သူက သိမှာလဲ"

"ဆရာကြီးကရော ဘယ်လိုသိတာလဲ"

"ငါလဲ စုံစမ်းရင်းနဲ့ ဒီလိုပဲ သိရတာပေါ့"

"ဗြိတိသျှစစ်သားတွေ သေကုန်ကြတဲ့နေရာက အခု နာမည်ကြီးနေတဲ့ တစ္ဆေမြောင်လိုဏ်ခေါင်းနေရာမဟုတ်လား"





"အေး ... ဟုတ်တယ်"

"ဒီအတိုင်းမှန်ရင် ဗြိတိသျှစစ်သားတွေဟာ သူ့ဘို့အချင်းချင်းသတ်တာမဟုတ်ဘဲ မိစ္ဆာကောင်ကြီး ထွက်သတ်လို့ သေကုန်တာရော မဖြစ်နိုင်ဘူးလား"

"အဲဒီအချိန်လောက်တုန်းက မိစ္ဆာကောင်ကြီး ရဲ့သတင်းကို ကြားမှ မကြားရသေးတာ၊ သူ ဒီနယ်ဘက်ကိုရောက်လာတာ ဘယ်လောက်ကြာသေးလို့လဲ"

ထိုသို့ ပြောဆိုနေကြပြီးနောက် စိန်သန်းက ဝေစိစုံတစ်ခုကို တွေးမိဟန်ဖြင့် မေးလိုက်သည်။

"ဒါဖြင့် ဆရာကြီးတို့အဖွဲ့က ဂမုန်းရှာရုံသက်သက် မဟုတ်ဘူးပေါ့"

"မင်းကလဲ၊ ဒီလောက်တောင် ဖွင့်ပြောပြမှတော့ ရိပ်မိလောက်ရောပေါ့၊ အဲဒီ မင်းတို့ပြောတဲ့ တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းမှာ ထူးဆန်းတဲ့ ဂမုန်းပင်တွေလဲ အများကြီးရှိတယ်၊ ဒီတော့ ဂမုန်းပင်တွေလဲ ရှာရင်း ဟိုလူတွေ ဝှက်ထားခဲ့တဲ့ရတနာတွေလဲ တစ်လက်စတည်းရှာရမှာပေါ့"

"ဒီလောက်နှစ်ကြာမှတော့ သူတို့ပြန်လာယူသွားရင်ရော ... ဆရာကြီး"

"နှစ်ကာလအခြေအနေမကောင်းသေးလို့ သူတို့ကတော့ ပြန်လာပြီး ယူမှာမဟုတ်သေးဘူး၊ ယူရင်တောင် နောက်ပိုင်း အေးအေး

www.burmeseclassic.com



ဆေးဆေးအချိန်ကျမှ လာယူရင်ယူကြမှာ သေချာပါတယ်”

ဟု ပြောလေရာ စိန်သန်းပင် အံ့သြသွားလေသည်။ အဘယ့်ကြောင့် ထိုမျှ တိတိကျကျပြောနိုင်သည်ကို စိတ်ဝင်စားမိလေသည်။ ထိုအခါ ထွန်းမောင်က ဝင်မေးသည်။

“အခုက အရင်နဲ့ မတူတော့ဘူး၊ တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းမှာ သတ္တဝါကြီးတစ်ကောင်ရှိနေပြီဆိုတော့ အတွင်းကိုဝင်ရင် သူနဲ့တွေ့မှာ သေချာတယ်၊ တွေ့ရင် ဘယ်လိုလုပ်မှာလဲ”

“စိတ်မပူပါနဲ့ကွာ၊ ငါတို့မှာ လက်နက်တွေပါပါတယ်”

ဟု ပြောကာ အိတ်ထဲမှာ ဝှက်ယူလာသော ခြောက်လုံးပြူးသေနတ်များကို ထုတ်ပြလေသည်။ မောင်မှတ်က ပြောင်းတိုသေနတ်များကို တစ်ချက်ကြည့်ပြီး ....

“ဒီသေနတ်တွေလောက်တော့ သတ္တဝါကြီးက ဖြုံမယ်မထင်ဘူး၊ ဟိုတလောက ဂျပန်တွေဝင်သွားတော့ သူတို့လက်ထဲမှာ ပြောင်းရှည်သေနတ်တွေပါသွားတာတောင် အားလုံးသေကုန်ကြတာပဲ၊ အဲဒီသတ္တဝါကြီးက သေနတ်နဲ့ပစ်လို့ မသေဘူးထင်တယ်”

ဟု ဝင်ပြောသည်။

“မဖြစ်နိုင်ပါဘူးကွာ၊ အသက်ရှိတဲ့သတ္တဝါဆိုရင် သေနတ်ကျည်ဆန်ထိရင် သေမှာပေါ့၊ ဟစ်ခုခုလွဲနေလို့ ဖြစ်ပါလိမ့်မယ်၊ စိတ်မပူပါနဲ့၊ သေနတ်နဲ့ပစ်လို့မသေရင် သေလောက်မယ့်ပစ္စည်းတွေ ပါ





ာပါသေးတယ်”

ဟု ပြောကာ အခြားအိတ်တစ်လုံးအတွင်းမှ လက်ပစ်ဗုံးနှင့် ...င်းစည်းအချို့ကို ပြစုံးရသည်။

ထိုလက်နက်များကိုမြင်သောအခါ စိန်သန်းတို့သုံးယောက်စလုံး ...ာ မျက်လုံးပြူးသွားကြသည်။

“ဟာ ....မနည်းပါလား”

“ဒါကြောင့် ပြောတာပေါ့၊ ဘယ်လောက်ကြီးတဲ့သတ္တဝါတွေနဲ့ တွေ့ပါစေ၊ ငါတို့မှာပါလာတဲ့ လက်နက်တွေနဲ့တွေ့ရင် ခံနိုင်မှာ ဟုတ်ပါဘူး၊ ကဲ ... မင်းတို့သုံးယောက် ငါတို့နဲ့ လက်တွဲမှာလား”

“ဟုတ်ကဲ့ ... တွဲပါမယ်”

“ငါတို့အစီအစဉ်မှာ အကျိုးအမြတ်ရလာရင် မင်းတို့အတွက် ...ခံနာစေရဘူး၊ တစ်ခုတော့ရှိတယ်၊ နှုတ်လုံပစေ၊ ဒီအကြောင်းတွေ ...ို တခြားဘယ်သူ့ကိုမှ မပြောရဘူး”

“စိတ်ချပါ”

“နောက်တစ်ချက်က သစ္စာရှိရမယ်နော်”

“ဒီအတွက် ဘာမှစိတ်မပူပါနဲ့ ဆရာကြီး၊ ကျွန်တော်တို့သုံး ...ာက်က ဘာမဆို စိတ်တူကိုယ်တူလုပ်ကြတာဆိုတော့ သစ္စာ ...ကြပါတယ်”

“ကောင်းပြီ မနက်လင်းတာနဲ့ အစီအစဉ်တွေလုပ်ပြီး ခရီးထွက်



www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့"

ထိုသို့ ပြောဆိုတိုင်ပင်နေကြစဉ် ၎င်းတို့အိမ်အနီးမှ မည်းမည်း သဏ္ဍာန်ကြီးတစ်ခု အပြင်သို့ပြန်ထွက်သွား သည်ကိုတော့ အိမ်ပေါ် လူများ မသိလိုက်ကြပေ။

မလှမ်းမကမ်းနေရာရောက်သွားတော့မှ စူးစူးဝါးဝါး ခွေးအော် သံများ ကြားရသဖြင့် တစ်ယောက်က နေရာမှထပြီး အပေါက် လှမ်းကြည့်သောအခါ ဘာမှမမြင်လိုက်ရတော့ပေ။ သို့ကြော ပေါ့ပေါ့တန်တန်ပင် နေလိုက်ကြသည်။

နောက်တစ်နေ့နံနက်လင်းသောအချိန်တွင် တစ္ဆေမြောင်ဂူဘ သို့သွားရန် ပြင်ဆင်ကြလေသည်။

ထိုသို့စီစဉ်ရာတွင် ဦးမင်းဒင်နှင့် ၎င်းတပည့်လေးယောက်ဖြ သော ကျော်ဝ၊ မောင်ရှိန်၊ သိန်းဖ၊ မာလဝတို့က ငါးယောက်၊ စိ သန်း၊ တွန်းမောင်၊ မောင်မှတ်တို့က သုံးယောက်နှင့်ပေါင်းလျှင် အ လုံး ရှစ်ယောက်ဖြစ်သည်။

လက်နက်ကတော့ စိန်သန်းဆီမှာ ပြောင်းရှည်သေနတ်တ လက်ရှိပြီး ဦးမင်းဒင်တို့ဆီမှာ ခြောက်လုံးပြူးသေနတ်များအပြ လက်ပစ်ဗုံးနှင့် မိုင်းများ ပါလေသည်။

၎င်းတို့သည် လိုအပ်သောပစ္စည်းများကိုပါ ယူဆောင်၍ တစ္ဆေ မြောင်လိုက်ဂူဘက်သို့ လျှို့ဝှက်စွာ ထွက်သွားကြလေသည်။ ၎





တို့သည် တောလမ်းတစ်လျှောက်မှာတော့ အနှောင့်အယှက်တစ်စုံ တစ်ရာ မတွေ့ကြရပေ။

စိန်သန်းတို့သုံးယောက်မှာ လောဘဇောကြောင့်သာ လိုက်လာ ကြသော်လည်း မကြာသေးခင်က သတ္တဝါကြီးနှင့် ရင်ဆိုင်တိုးခဲ့ပုံ များကြောင့် ကြောက်လန့်မှုများတော့ [illegible]နေကြသည်။ သို့သော်လည်း အဖော်ကောင်းကြသည်ကတစ်ကြောင်း၊ ဦးမင်းဒင်တို့ထံမှ အားကိုး လောက်သော လက်နက်ပစ္စည်းများ ပါလာသည်ကတစ်ကြောင်း ကြောင့် တစ်ကျော့ပြန်ကာ လိုက်လာကြခြင်းဖြစ်လေသည်။

တစ်နေရာတွင် တောင်ခြေကိုပတ်၍စီးနေသော စမ်းချောင်း တစ်ခုကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ ဆင်းလာကြသည်။ ချောင်း အစပ်သို့ရောက်သောအခါ ရေစီးနေသောသောင်စပ်၌ ကြီးမားသော ခြေရာကြီးများကို တွေ့ကြရသည်။ ခြေရာကြီးများမှာ လူ့ခြေရာထက် များစွာကြီးလှပြီး ခြေလှမ်းကလည်း ကျယ်လှသည်။ ဖနောင့်နေရာ နှင့် ရှေ့ခြေထောက်နေရာမှာ သဲပြင်အတွင်းသို့ နစ်ဝင်နေပြီး အလယ်နေရာမှာ ခွက်နေလေသည်။

"ခြေရာတွေက ကြီးလှချည်လား"

"တစ္ဆေမြောင်လိုဏ်ဂူထဲက မိစ္ဆာကောင်ကြီးရဲ့ ခြေရာဖြစ်မယ် သူက အရပ်ရော အလုံးအထည်ပါ လူထက်အများကြီးသာတယ်"

"မင်းက မြင်ဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ဖူးတယ်၊ တကယ့်တီလူးကြီးတစ်ကောင်အတိုင်းပဲ၊ သေနတ်လောက်နဲ့တော့ရမှာမဟုတ်ဘူး"

"စိတ်မပူပါနဲ့ကွာ၊ သေနတ်နဲ့ပစ်လို့မသေတော့လဲ လက်ပစ်ဗုံးနဲ့ထုရင်တော့ သင်း ခံနိုင်မှာမဟုတ်ပါဘူး"

ခြေရာကြီးများက ချောင်းစပ်ရောက်တော့ ပျောက်သွားလေသည်။ တစ်ဖက်ကမ်းသို့ လှမ်းကြည့်လိုက်တော့ သောင်ပြင်ပေါ်မှ ဖြတ်ကာ လှိုဏ်တစ်ခုအတွင်းသို့ဝင်သွားသော ခြေရာစွပ်ကြောင်းကြီးများကို အတိုင်းသား လှမ်းမြင်ရသည်။

"ဒီချောင်းရိုးအတိုင်း အပေါ်ဘက်တက်သွားရင် တစ္ဆေမြောင်လိုဏ်ဂူဘက်ကို ရောက်နိုင်တယ်"

ဟု စိန်သန်းကပြောသဖြင့် ချောင်းရိုးအတိုင်းဆန်၍ ချောင်းဖျားဘက်သို့ တက်သွားကြလေသည်။ ချောင်းဖျားဆုံးသောအခါ ရေတံခွန်ငယ်တစ်ခုရှိသော လှိုဏ်တစ်ခုအတွင်းသို့ ရောက်သွားကြလေသည်။

ထိုလှိုဏ်အတွင်းမှ ဖြတ်တက်သောအခါ လှိုဏ်ကြီး၏အတွင်းပိုင်းသို့ ရောက်သွားကြသည်။ ထိုနေရာရောက်တော့ အပုပ်နံ့များ ရလာသည်။ သို့ကြောင့် သတိဖြင့် ရှေ့ဆက်သွားကြရာ ကျောက်တုံးနှစ်တုံးကြားမှာ ညပ်နေသော အလောင်းနှစ်လောင်းကို တွေ့ကြရသည်။

အလောင်းများမှာ ပုံပျက်ပန်းပျက်သေဆုံးနေကြခြင်းဖြစ်၍ အဝတ်အစားကြည့်ရသည်မှာ တောလိုက်သမားများဖြစ်ကြဟန်ရှိသည်။ အလောင်းများမှာ သေဆုံးနေသည်မှာ ရက်ကြာနေဟန်ဖြင့် ယင်မမည်းရိုင်းများက တဝေါဝေါနှင့် အုံခဲနေသည်။

"ဟိုသတ္တဝါကြီးရဲ့ လက်ချက်ဖြစ်ရမယ်"

"တယ်လဲကြမ်းတဲ့ပုံပေါ်ပါလား"

"ကြမ်းဆို လူတစ်ယောက်လောက်ဆို တစ်ချက်ရိုက်ရုံနဲ့ သေလောက်တယ်"

"အပုပ်နံ့တွေက မခံနိုင်ဘူး၊ ဒီနေရာက အမြန်သွားကြရအောင်"

ဟု ပြောကာ လှိုဏ်လမ်းအတိုင်း တောင်ကြောပေါ်သို့ဖြတ်တက်ကြရသည်။ ခြေရာအတိုင်းဆိုလျှင် သူတို့ရှေ့မှထွက်သွားဟန်ရှိသော သတ္တဝါကြီးမှာလည်း ထိုလမ်းမှ အပေါ်တက်သွားဟန်ရှိသော်လည်း ၎င်းကတော့ အလွယ်တကူ တက်သွားဟန်ရှိလေသည်။

တောင်ကြောပေါ်ပြန်ရောက်တော့ နေမွန်းတည့်ချိန်လောက်ရှိနေချေပြီ။ သို့ကြောင့် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်မှာ ခေတ္တဝင်နားကာ အသင့်ယူဆောင်လာသော အစားအသောက်များကို စားကြလေသည်။

ထိုသို့ စားသောက်နေရင်းမှပင် လက်နက်များကို အဆင်သင့်အနားမှာချထားကာ သတိဝီရိယထားနေကြရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုတောင်ကြောလွန်လျှင် သတ္တဝါကြီးနေထိုင်သော တစ္ဆေမြောင်လိုဏ်ဂူနှင့် မဝေးလှသောကြောင့်ဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



"မင်းတွေ့ခဲ့တဲ့သတ္တဝါကောင်ကြီးက ဘယ်လိုပုံစံ ျိုးလဲ စိန်သန်း"

ဦးမင်းဒင်က မေးလိုက်သည်။

"လူတော့လူပဲ ဆရာကြီးရဲ့၊ ဒါပေမယ့် လူတော့မဟုတ် တော့ဘူး"

"မင်းစကားကလဲ ရှုပ်လိုက်တာကွာ၊ လူဖြင့်လူ၊ တိရစ္ဆာန်ဖြ တိရစ္ဆာန် ခွဲပြောစမ်းပါ၊ ဘယ်လိုပုံစံမျိုးလဲ"

"လူလိုပဲ ခြေထောက်နှစ်ဖက်၊ လက်နှစ်ဖက်နဲ့ လမ်းလျှောက် ပြီး မတ်တတ်ရပ်နေတာကိုတော့ တွေ့ရတာပဲ၊ ဒါပေမယ့် လူထက် တော့ အရပ်အမောင်းရော၊ အလုံးအထည်အရွယ်အစားရော ပိုကြီး တယ်"

"ဘယ်လောက်ကြီးနေလို့လဲ"

"နှစ်ဆသုံးဆလောက်ကို ပိုကြီးတယ်၊ တစ်ကိုယ်လုံးလည် အမွေးအမှင်တွေက ဖုံးထားတယ်၊ မျက်နှာကလဲ ဘီလူးမျက်နှာမျိုး လို အတော်ကြောက်စရာကောင်းတယ် ဆရာကြီး၊ ဂူထဲမှာတုန်း နီးနီးကပ်ကပ်ကို တွေ့လိုက်ရတာ"

"မင်းမှာ သေနတ်ပါတာပဲ၊ သေနတ်နဲ့ မပစ်ဘူးလား"

"သေနတ်နဲ့ပစ်ဖို့နေနေသာသာ ဆရာကြီးရယ်၊ အသက်ဘေ ကလွတ်အောင်ကို မနည်းပြေးခဲ့ရတာ"





ထိုအခါ မောင်မှတ်က ဝင်ပြောလေသည်။

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်တို့ ဂူထဲကိုဝင်ရင်တောင် အတော်ကလေး သတိထားရမယ်၊ သူနဲ့ ရင်ဆိုင်တိုးလို့မဖြစ်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ကျွန်တော်သိသလောက်ပြောရရင်တော့ အဲဒီသတ္တဝါကြီးက နေ့ဘက်ရော ညဘက်ပါ အပြင်ထွက်တယ်ဆိုပေမယ့် ညအချိန်မှာ အပြင်ထွက်တာ ပိုများတယ်၊ နေ့ဘက်တွေမှာထွက်တာက လိုဏ်ဂူ ကို ကျွဲနွားတွေ မျက်စိလည်ပြီးရောက်လာရင် ထွက်ဆွဲတာလို့ ပြောတယ်၊ အများအားဖြင့်ကတော့ ညဘက်တွေမှာ တစ်ညလုံး အပြင်ထွက်ပြီး အနီးဝန်းကျင်တစ်ဝိုက်က ရွာတွေကို လှည့်သွားလေ့ တယ်၊ ကျွဲနွားဝက်တွေကို တွေ့ရင်ဖမ်းတယ်၊ လူတွေနဲ့ ရင်ဆိုင် တွေ့ရင် သတ်ပစ်ခဲ့တယ်"

"တယ်လဲ ကြောက်စရာကောင်းပါလား"

"ဟုတ်တယ် ဆရာကြီး၊ ဒါကြောင့် သတိထားမှ တော်ရုံကျ မယ်၊ အကောင်းဆုံးကတော့ ကျွန်တော်တို့တစ်တွေ အဲဒီနားကို ရောက်ရင် ဂူထဲကို ချက်ချင်းမဝင်ကြသေးဘဲ ဂူပေါက်ဝကို မြင်သာ တဲ့တစ်နေရာရာမှာ လျှို့ဝှက်ပြီးတော့ စခန်းချနေသင့်တယ်"

"ဘာကြောင့်လဲကွ"

"သတ္တဝါကြီး ဂူထဲက ဘယ်အချိန်ထွက်တယ်၊ ဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်တယ်ကိုစောင့်ပြီး အကဲခတ်သင့်တယ်၊ အကောင်းဆုံးက တော့ သတ္တဝါကြီး ဂူထဲကအပြင်ကိုထွက်သွားတော့မှ စိတ်ချလက် ချ ဂူထဲကိုဝင်ကြတာ အကောင်းဆုံးပဲ"

ဟု မောင်မှတ်က အကြံပေးလေရာ ဦးမင်းဒင်ကိုယ်တိုင် လက်ခံသလို အားလုံးကလည်း သဘောကျကြလေသည်။ ထိုသို့ ပြောဆိုစားသောက်နေကြစဉ် တောတွင်းမှ လျှောက်လာသောခြေ သံများကို ကြားရသဖြင့် နံဘေးနားမှာ ချထားသောသေနတ်များကို ကောက်ယူလိုက်ကြသည်။

ခြေသံက တဖြည်းဖြည်းနီးလာပြီး အတန်ကြာတော့ တောထဲ မှ လူနှစ်ယောက်ထွက်လာသည်။ တစ်ယောက်မှာ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော အဘိုးအိုတစ်ယောက်နှင့် ကျန်တစ်ယောက် က အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ခန့်ရှိ မိန်းမပျိုတစ်ဦးဖြစ်သည်။

အဘိုးအိုက မျက်စိမမြင်ဟန်ဖြင့် မျက်လုံးနေရာကို အဝတ်ဖြင့် ပတ်ထားလေသည်။ ၎င်းတို့ကိုမြင်တော့မှ အန္တရာယ်ပေးမည်သူများ မဟုတ်မှန်း သိကြရသဖြင့် သေနတ်များကို ပြန်ချထားလိုက်ကြ သည်။ မလှမ်းမကမ်းနေရာရောက်တော့ မိန်းကလေးက လှမ်းမေး လိုက်သည်။

"ကျွန်မတို့ကို တစ်ဆိတ်လောက် အကူအညီပေးကြပါရှင်"

"ဘယ်လိုဖြစ်လာကြတာလဲ"





"ကျွန်မတို့မြေးအဘိုး တောထဲမှာ မျက်စိလည်နေလို့ ညတုန်း က ဟိုအပေါ်ဘက်နားမှာတွေ့ခဲ့တဲ့ ဂူကြီးတစ်ဂူထဲကို ဝင်နေကြတာ ညကျတော့ ဂူကြီးထဲက အဆိပ်ငွေ့တွေလိုလို ထွက်လာပြီး ကျွန်မ ရဲ့အဘိုးမျက်လုံး အခုလို ကွယ်သွားတော့တာပါပဲရှင်"

"မြွေဆိပ်တွေများလား"

"ကျွန်မတို့လဲမသိပါဘူးရှင်၊ ကျွန်မတောင် အိပ်ပျော်နေလို့ သက်သာသွားတာပါ။ အဲဒါ အနီးဆုံးရွာတစ်ရွာကို လမ်းညွှန်ပေးပါရှင်"

ဟု ပြောလေသည်။

"ဒီအနားတစ်ဝိုက်မှာ အနီးဆုံးရွာမရှိဘူး၊ ရွာတွေက အတော် ကလေးဝေးသေးတယ်၊ မင်းတို့မြေးအဘိုးနှစ်ယောက်တည်းသွားရင် အန္တရာယ်နဲ့တွေ့မှာ မုချပဲ"

ဟု စိန်သန်းက ပြောလိုက်သည်။

"ဒါ .... ဒါဖြင့် ဘယ်လိုလုပ်ရမလဲရှင်၊ ကျွန်မတို့က ဒီနယ်ကလဲ မဟုတ်တော့ ဒုက္ခပါပဲ"

"ငါတို့က အပေါ်ဘက်က ဂူတစ်ဂူကိုသွားမှာ၊ မင်းတို့လိုက် ချင်ရင်တော့ လိုက်ခဲ့ကြပေါ့၊ ကိစ္စပြီးလို့ပြန်ရင် ရွာကို ခေါ်သွားပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ အခုမှတော့ အားကိုးရာလဲမရှိတော့ ဒီလိုပဲ လုပ်ရတော့မှာပါပဲ"

စိန်သန်းက အကြံအစည်ရှိသူမို့ မိန်းကလေးနှင့် အဘိုးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားမည်ပြောသော်လည်း ကျန်လူများကတော့ အလုပ်လုပ်ရာမှာ နှောင့်နှေးမည်စိုးသောကြောင့် မခေါ်စေလိုကြပေ။

"ဒီနံသန်း ... ငါတို့အလုပ်က လျှို့ဝှက်ပြီး လုပ်ရမယ့်အလုပ်ဆိုတော့ သူတို့ကိုခေါ်သွားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဦးမင်းခင်ရယ်၊ သူတို့ကို တောထဲမှာ ဒီအတိုင်းလွှတ်လိုက်ရင်လဲ သေမယ့်အတူတူတော့ ခေါ်လာခဲ့တာက ပိုကောင်းမှာပါ"

"အေးလေ .... မင်းဆန္ဒရှိရင်လဲ ခေါ်ခဲ့ပေါ့၊ လူနှစ်ယောက်တိုးတော့လဲ တစ်မျိုးတော့ သုံးလို့ရတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ မျက်စိကွယ်နေသည်ဆိုသော အဘိုးကြီးနှင့် မိန်းကလေးတို့ကိုပါ တစ်ပါတည်းခေါ်လာခဲ့ပြီး တစ္ဆေမြောင်ဂူဘက်သို့ တက်လာကြလေသည်။

❑ ❑ ❑





အခန်း (၆)

## ကျွန်းသေတ္တာအတွင်းမှ အလောင်း

ညအမှောင်ထုက ပတ်ဝန်းကျင်တစ်ဝိုက် ဖုံးလွှမ်းထားလေသည်။ မြူနှင်းများက ကျဆင်းနေသောကြောင့် အဓအေးဓာတ်များက ထွေးပတ်ထားလေသည်။ တစ်ချက်တစ်ချက် ဝေ့ဝဲတိုက်ခတ်လာသော လေကြောင့် မြူနှင်းများက ပိုမိုကျဆင်းလျက်ရှိသည်။

ဦးမင်းခင်တို့လူစုမှာ တစ္ဆေမြောင်ဂူပေါက်ဝကို လှမ်းမြင်ရသောနေရာလောက်မှာ စခန်းချနေကြပြီး ဂူပေါက်ဝဘက်သို့ အမြဲအနေကြည့်နေကြသည်။

ညဦးပိုင်းအချိန်လောက်ရောက်သည်အထိ အမြဲအနေကတော့



www.burmeseclassic.com

www.burmeseclassic.com



မထူးခြားသေးပေ။ ဦးမင်းခင်တို့အဖွဲ့မှာ ထွက်လာစဉ်က ရှစ်ယောက်သာဖြစ်သော်လည်း လမ်းမှာ ဒုက္ခရောက်နေကြသော မြေးအဘိုးကို ဝါ ခေါ် လာကြသောကြောင့် ယခုအခါ ဆယ်ယောက်ဖြစ်နေချေပြီ။

မိန်းကလေးနှင့်အဘိုးကြီးကတော့ အမှောင်ရိပ်ထဲမှာ ကုပ်ကုပ်ကလေး ထိုင်နေကြသည်။ ဦးမင်းခင်တို့အဖွဲ့ရော၊ စိန်သန်းတို့သုံးယောက်ပါ ပါလာသောလက်နက်များကို အဆင်သင့်ကိုင်ကာ တစ္ဆေမြောင်ဂူပေါက်ဝရှိရာသို့ စောင့်ကြည့်နေကြလေသည်။

ညဦးပိုင်းအချိန်ကျော်လွန်သည်အထိတော့ ဘာမှ အခြေအနေမထူးခြားဘဲ အတန်ငယ် ညဉ့်နက်လာတော့မှ ဂူပေါက်ဝတစ်ဝိုက်မှာ လှုပ်ရှားသွားလာနေသော အရိပ်မည်းအချို့ကို လှမ်းမြင်ကြရသည်။ အရိပ်မည်းများမှာ အပြင်သို့ထွက်လာလိုက်၊ ဂူအတွင်း ပြန်ဝင်သွားလိုက် ရှိနေကြသည်။

"ဟို ဂူပေါက်ဝမှာ အရိပ်မည်းတွေ တွေ့ရပါလား"

"နာနာဘာဝတွေ သွားလာနေတာဖြစ်မှာပေါ့"

ထိုသို့ တီးတိုးပြောဆိုနေကြစဉ် ဂူအတွင်းမှ ကြောက်မက်ဖွယ်ရာကောင်းသော အော်သံကြီး ပေါ်ထွက်လာသည်။ ထိုအော်သံကြီးပေါ်ထွက်လာသည်နှင့် စောစောပိုင်းက ဂူပေါက်ဝတစ်ဝိုက်မှာ သွားလာလှုပ်ရှားနေကြသော အရိပ်မည်းများမှာ ကြက်ပျောက်ငှက်ပျောက်ပျောက်ကုန်ကြလေတော့သည်။





ခဏကြာတော့ ဂူအတွင်းမှကြားနေရသော အော်သံကြီးက တဖြည်းဖြည်းနီးလာသလိုရှိသည်။ ဦးမင်းခင်တို့တစ်တွေမှာလည်း သေနတ်များကို အဆင်သင့်ကိုင်ကာ အခြေအနေကို စောင့်ကြည့်နေကြလေသည်။ နောက်ဘက်မှာထိုင်နေသော မိန်းကလေးမှာလည်း လွန်စွာကြောက်ရွံ့နေသောမျက်နှာဖြင့် သတ္တဝါကြီးအော်သံကြားရာဘက်သို့ လှမ်းကြည့်နေလေသည်။

ဂူအတွင်းပိုင်းဘက်မှ အော်သံကြီးကို ပို၍နီးကပ်စွာ ကြားလာပြီးနောက် အတန်ကြာတော့ ဂူပေါက်ဝသို့ မည်းမည်းသဏ္ဍာန်ကြီးထွက်လာလေတော့သည်။

ထိုသတ္တဝါကြီး၏ အရုပ်အမောင်းနှင့် အရွယ်အစားကို မြင်ရသောအခါ တစ်ခါမှမကြုံဖူးသေးသော ဦးမင်းခင်တို့လူစုမှာ မျက်လုံးပြူးသွားကြလေသည်။ အဝေးမှ မသဲမကွဲလှမ်းမြင်ရစဉ်မှာပင် သတ္တဝါကြီးမှာ ကြောက်မက်ဖွယ်ကောင်းသည့် သတ္တဝါကြီးတစ်ကောင်ဖြစ်မှန်း သိလိုက်ကြသည်။

သို့သော်လည်း အရေးအကြောင်းနှင့် ရင်ဆိုင်တွေ့ပါက အသုံးပြုရန် သေနတ်နှင့်လက်ပစ်ဗုံးများကိုပါ အဆင်သင့်ပြင်ဆင်ထားကြသည်။ ဂူပေါက်ဝမှာရပ်နေသော သတ္တဝါကြီးက နေရာ၌ အတော်ကြာအောင် ရပ်ကာ အခြေအနေကို ကြည့်နေဟန်ရှိလေသည်။

အတန်ကြာသောအခါ အပြင်ဘက်သို့ ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြားထဲတွင် အမှောင်ထုနှင့် နှင်းမှုန်များရှိနေသောကြောင့် သဲသဲကွဲကွဲမမြင်ရသော်လည်း တဖြည်းဖြည်းနှင့်နီးလာသောအခါ ကြီးမားလှသော ခန္ဓာကိုယ်အရွယ်အစားနှင့် ကြောက်မက်ဖွယ်ရာပုံပန်းသဏ္ဌာန်ကို သဲသဲကွဲကွဲမြင်လာရသည်။

သစ္စာဝါကြီးက ဝှပေါက်ဝမှ သူတို့ပုန်းကွယ်နေသောနေရာဘက်သို့ ဦးတည်ကာ လျှောက်လာလေသည်။ ရှေ့သို့ ခြေလှမ်းတစ်လှမ်းနင်းချလိုက်တိုင်း "ဒုန်း ... ဒုန်း ... ဒုန်း" ဟူသော ခြေသံကြီးနှင့်အတူ မြေကြီးများ သိမ့်သိမ့်တုန်လာလေသည်။

"သစ္စာဝါကြီး ဒီဘက်လာနေပြီဟေ့၊ ဘယ်လိုလုပ်ကြမလဲ"

"အခုမှတော့ ရှောင်လို့မဖြစ်တော့ဘူး၊ အနားရောက်တာနဲ့ တွယ်ဖို့ပဲရှိတော့တယ်"

ဦးမင်းဒင်က လက်ထဲမှာကိုင်ထားသော လက်ပစ်ဗုံးကို မြှောက်ပြရင်း တိုးတိုးပြောသည်။

"ရပ်ပါမလား။ သေနတ်နဲ့ပစ်တာတောင် မရဘူးပြောနေကြတယ်"

"သေနတ်နဲ့ပစ်လို့မရတာပေမယ့် လက်ပစ်ဗုံးဒဏ်ကိုတော့ ဘယ်နည်းနဲ့မှ ခံနိုင်မှာမဟုတ်ပါဘူး"

ထိုသို့ပြောနေစဉ်မှာ ခြေသံပြင်းပြင်းဖြင့် ခြေတစ်လှမ်းချင်း လျှောက်လာသော သစ္စာဝါကြီးမှာ မလှမ်းမကမ်းနေရာသို့ ရောက်လာလေတော့သည်။





ထိုအခိုက် ဦးမင်းဒင်တို့က သေနတ်ဖြင့်ပစ်ရန် အဆင်သင့်ပြင်လိုက်ကြသည်။ ထိုသို့ပြင်လိုက်စဉ်မှာပင် နောက်ဘက်မှ စူးရှကျယ်လောင်သော အော်သံတစ်ချက် ပေါ်ထွက်လာသည်။

"အမယ်လေး ...."

ထိုအော်သံမှာ နောက်ဘက်၌ရှိနေသော မိန်းကလေး၏အော်သံဖြစ်လေသည်။ ထိုအော်သံကြောင့် သစ္စာဝါကြီးမှာ တုံ့ခနဲ ခြေလှမ်းရပ်တန့်သွားသည်။ ဦးမင်းဒင်တို့ကလည်း ထိုကဲ့သို့ ခြေလှမ်းတန့်သွားသဖြင့် သေနတ်များကို ကိုင်ထားရင်း အခြေအနေကို ကြည့်နေကြသည်။

အတန်ကြာတော့ သစ္စာဝါကြီးက ရှေ့ဆက်တိုးမလာတော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်သွားကာ တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ဦးမင်းဒင်တို့ထင်ထားသည်က အော်သံကြားလျှင် သစ္စာဝါကြီးက ရှေ့သို့တိုးလာမည်ထင်ထားကြသော်လည်း ယခုကဲ့သို့ နောက်ကြောင်းပြန်လှည့်သွားသောကြောင့် များစွာ အံ့သြနေကြလေသည်။

"မိန်းကလေး ဘာကြောင့် အော်လိုက်တာလဲ"

"ဒီလောက်ကြောက်ဖို့ကောင်းတဲ့ သစ္စာဝါကြီးလာနေတာမြင်တော့ စိတ်မထိန်းနိုင်လို့ လန့်ပြီး အော်လိုက်မိတာပါ"

"အေးလေ .... မင်းအော်လိုက်တာနဲ့ သူက နောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်သွားတော့လည်း တို့အတွက် ပိုကောင်းတာပေါ့၊ ကိုင်းဟော့ သတ္တဝါကြီး အပြင်ထွက်သွားပြီ၊ အချိန်ရှိတုန်း ဂူအတွင်းဝင်ကြရ အောင်"

ဟု ပြောဆိုကာ သေနတ်များကို အဆင်သင့်ပြင်ကာ ဂူပေါက်ဝရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာကြသည်။ ဂူပေါက်ဝရောက်သည်နှင့် သွေးညှီနံ့နှင့် အပုပ်နံ့များ လှိုင်နေသည်ကြောင့် ပါလာသော အဝတ်များဖြင့် နှာခေါင်းပါးစပ်များ စည်းထားကြရလေသည်။

၎င်းတို့တွင် လက်နှိပ်မီးများ ပါလာသဖြင့် ထိုမီးရောင်များကို အသုံးပြု၍ အတွင်းဝင်ကြသည်။ အတွင်းပိုင်းရောက်တော့ ဂူကြမ်းပြင်ပေါ်မှာ ပုပ်ပွလျက် အရိုးကျနေသော လူသေအလောင်းများကို တွေ့ရလေသည်။ အတွင်းပိုင်းအတော်ရောက်သည်အထိတော့ ဘာမှ ထူးထူးခြားခြား မတွေ့ကြရသေးပေ။

ပေ (၂၀၀) ခန့်အတွင်းရောက်သွားသောအခါ အလွန်ကျယ်ဝန်းသော အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားကြသည်။ ထိုနေရာတွင် လိုဏ်ခေါင်းအပေါက်အချို့ကို တွေ့ရသဖြင့် မည်သည့် အပေါက်ကို ဝင်ရမှန်းမသိတော့ပေ။

ထိုအခါ နောက်မှပါလာသော မိန်းကလေးကပြောသည်။

"ဒီဂူကြီးထဲကို ကျွန်မတို့ တစ်ခေါက်ရောက်ဖူးတယ်"

"နင်တို့က ဘာဝင်လုပ်တာလဲ"





"အဘက ဂမုန်းပင်တွေရှာတာပါ"

"တွေ့ခဲ့သလား"

"ဂမုန်းပင်တော့ မတွေ့ရဘူး၊ အလယ်ဂူပေါက်ထဲကို ဝင်သွားရင် ဟိုးအတွင်းဘက်မှာ သေတ္တာကြီးတွေတော့ တွေ့ခဲ့တယ်"

"ဟေ .... တကယ်တွေ့ခဲ့တာလား"

"တကယ်တွေ့ခဲ့တာပေါ့"

"နင်တို့ ဝင်တုန်းက ဟိုသတ္တဝါကြီးနဲ့ မတွေ့ဘူးလား"

"ကျွန်မတို့က သတ္တဝါကြီးရှိမှန်းမသိကြတော့ ရမ်းပြီးဝင်ခဲ့ကြတာ အထဲရောက်တော့ မတွေ့ရဘူး"

ထိုစကားကြားသောအခါ ဦးမင်းဒင်တို့တစ်တွေမှာ များစွာဝမ်းသာသွားကြလေသည်။

"ကဲ ...ဒီလိုလုပ်ကြမယ်၊ ကျော်ဝနဲ့ မောင်ရှိန်တို့နှစ်ယောက်က သေနတ်တစ်လက်စီနဲ့ လက်နှိပ်မီးယူပြီး ဒီအပေါက်ဝက စောင့်နေကြ၊ တကယ်လို့ သတ္တဝါကြီးပြန်ဝင်လာရင် အချက်ပေးလိုက်ကြ၊ နင်တို့နှစ်ယောက်လဲ အပြင်မှာပဲစောင့်နေကြ"

"ဟုတ် ... ဟုတ်ကဲ့"

ထိုသို့ အစောင့်ထားခဲ့ပြီး ဦးမင်းဒင်တို့ခြောက်ယောက်မှာ အလယ်လိုဏ်ခေါင်းပေါက်ထဲသို့ ဝင်သွားကြလေသည်။ ၎င်းတို့ဝင်သွားပြီး မကြာခင်မှာပင် အပြင်ဘက်မှ အရိပ်မည်းကြီးတစ်ခု ဂူ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ပြန်ဝင်လာသည်။

အရိပ်မည်းကြီးနှင့်အတူ ခြေသံကြီးကိုပါ ကြားရသဖြင့် အပြင်ဘက်မှာ အစောင့်ထားခဲ့သူနှစ်ယောက်မှာ များစွာ ထိတ်လန့်ကြောက်ရွံ့မိကြလေသည်။ ခဏကြာတော့ အပြင်ဘက်မှဝင်လာသောသတ္တဝါကြီးမှာ အခန်းအလယ်သို့ ရောက်လာတော့သည်။

ထိုအခါ ကျော်ဝဆိုသူက သေနတ်ဖြင့်ပစ်ရန် လှမ်းချိန်လိုသည်နှင့် အနီးမှာရပ်နေသော အဘိုးကြီးက သေနတ်ကိုင်ထားသော လက်ကို ရိုက်ချလိုက်သည်။ မရှေးမနှောင်းမှာပင် မိန်းကလေးကလည်း မောင်ရှိန်နောက်ဘက်မှ နောက်စေ့ကို ကျောက်တုံးဖြင့် ထုရာ လဲကျသွားလေသည်။

ထိုအခါ မျက်မမြင်ဟန်ဆောင်နေသော အဘိုးကြီးက လျင်မြန်သွက်လက်စွာဖြင့် တိုက်ခိုက်ရာ ခဏချင်းမှာပင် သေနတ်တခြား လူတခြားဖြစ်ကာ လဲကျသွားလေတော့သည်။

နှစ်ယောက်စလုံး လဲကျသွားသောအခါ သေနတ်နှစ်လက် ကိုယူပြီး အဘိုးကြီးနှင့် မိန်းကလေးက အခြားဂူပေါက်အတွင်းသို့ လျင်မြန်သွက်လက်စွာဖြင့် ဝင်ပြေးသွားကြလေတော့သည်။

ထိုအခါမှ သတ္တဝါကြီးက မေ့လဲနေသောလူနှစ်ယောက်ကို ကျောက်တုံးဖြင့် ထုသတ်လိုက်ပြီး ဂူပေါက်အတွင်းသို့ ဝင်လိုက်သွားလေတော့သည်။





ထိုအချိန်တွင် ဦးမင်းဒင်တို့တစ်တွေမှာ လက်နှိပ်မီးရောင်များကို အသုံးပြု၍ အတွင်းသို့ဝင်သွားကြရာ ဂူအမိုးပိုင်းမှာ ကျောက်ချပ်များအထပ်ထပ်ရှိနေသောနေရာသို့ ရောက်သွားကြလေတော့သည်။

ထိုနေရာတစ်ဝိုက်မှာ ဂူ၏အနေအထားကလည်း တဖြည်းဖြည်းကျဉ်းလာပြီး ကျောက်ချပ်၊ ကျောက်ထပ်များကလည်း အများအပြားရှိနေလေသည်။

အတွင်းပိုင်းသို့ နောက်ထပ် ပေ (၂၀၀) ခန့် ဝင်သွားသောအခါ အခန်းကျယ်တစ်ခုအတွင်းသို့ ရောက်သွားလေသည်။ အခန်းအလယ်နေရာမှာတော့ ကြီးမားသော ကျွန်းသေတ္တာကြီးတစ်လုံးကို တွေ့ရသည်။

အလျားလေးပေ၊ အနံခြောက်ပေခန့်ရှိသော ကျွန်းသေတ္တာကြီးဖြစ်သည်။ ကျွန်းသေတ္တာကြီးမှာ ဂူအတွင်း၌ နှစ်ပေါင်းများစွာရှိနေဟန်ဖြင့် ဖုန်နှင့်ပင့်ကူအိမ်များ အထပ်ထပ်တက်နေချေပြီ။

ဦးမင်းဒင်တို့ခြောက်ယောက်မှာ လက်နှိပ်မီးရောင်များဖြင့် ထိုသော ကျွန်းသေတ္တာကြီးအနီးသို့ တိုးကပ်သွားကြသည်။

“ဟိုမိန်းကလေးပြောတဲ့ သေတ္တာကြီးဆိုတာ ဒါကြီးကိုပြောတာဖြစ်မှာပဲ”

အနီးသို့ရောက်သောအခါ ကျွန်းသေတ္တာကြီးမှာ မထိမကိုင်ဘဲထားခဲ့တာ နှစ်ကြာနေဟန်ဖြင့် အဖုံးပေါ်မှာ ဖုန်များ ထူတက်နေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထို့ပြင် အဖုံးကို သံကြိုးကြီးများဖြင့် ကြက်ခြေခတ်သိုင်းကာ ကြီးမားသော သော့ခလောက်ကြီးများဖြင့် ခတ်ထားလေသည်။

ဦးမင်းဒင်က ၎င်းနှင့်ပါလာသောလူများအား သော့ခလောက်ကြီးများကို အသံမကြားစေဘဲ ဖွင့်ရန်ပြောသည်။ သို့ကြောင့် ပါလာသောတပည့်များက ဓားမြှောင်များ၊ ကျောက်တုံး၊ ကျောက်ချွန်များ အသုံးပြု၍ အသံမကြားအောင် ဖွင့်ကြလေရာ အတန်ကြာသောအခါ သော့ခလောက်ကြီးများ ပွင့်သွားလေသည်။

သော့ခလောက်ကြီးများပွင့်သည်နှင့် ဖြုတ်ကာ သံကြိုးကြီးများကို ဖြုတ်ကြလေသည်။ ထိုအချိန်တွင် အားလုံးမှာ ကျွန်းသေတ္တာကြီးရှိရာသို့ စိတ်ရောက်နေသောကြောင့် ပတ်ဝန်းကျင်ကို သတိမေ့လျော့နေကြလေသည်။

ထိုအချိန်မှာ အရိပ်မည်းကြီးတစ်ခုက သူတို့ရှိနေရာ ဂူအတွင်းသို့ တရွေ့ရွေ့ချဉ်းကပ်ကာ ဝင်လာနေချေပြီ။ ဦးမင်းဒင်တို့ခြော
ယောက်ကတော့ ဂူအပေါက်ဝ၌ ကျော်စနှင့်မောင်ရှိန်တို့နှစ်ယော
အစောင့်ရှိနေသောကြောင့် စိတ်ချလက်ချဖြစ်ကာ သေတ္တာကြီးသံကြိုးမဲကြီးဖွင့်နေကြလေသည်။

အတန်ကြာသောအခါ သံကြိုးကြီးများပြုတ်ကျသွားသ
အဖုံးကို မ၍ဖွင့်လိုက်ကြသည်။ အဖုံးပွင့်သွားသည်နှင့် အတွင်း၌
များအထပ်ထပ်တက်နေသဖြင့် အတွင်းကို ကောင်းစွာမမြင်ရ





ဦးမင်းဒင်က ဝမ်းသာအားရဖြင့် အပေါ်မှတင်နေသောဖုံများကို လက်ဖြင့် ယက်ဖယ်လိုက်သောအခါ အတွင်း၌ မမျှော်လင့်သောအရာတစ်ခုကို တွေ့ကြရသည်။

ကျွန်းသေတ္တာကြီးအတွင်း၌ရှိနေသောအရာမှာ သူတို့မျှော်လင့်ထားသလို ရွှေငွေကျောက်သံပတ္တမြား စသည်တို့မဟုတ်ကြပေ။ အရိုးကျနေပြီဖြစ်သော လူသေအလောင်းတစ်လောင်းပင် ဖြစ်တော့သည်။ ထိုမြင်ကွင်းကိုမြင်သည်နှင့် အားလုံးအံ့သြကာ မျက်စိမျက်နှာပျက်သွားကြလေတော့သည်။

"ဟင် .... ရွှေငွေရတနာတွေလဲ မဟုတ်ပါလား"

"ဒီကျွန်းသေတ္တာအတွင်းကို လူသေအလောင်းက ဘယ်လိုရောက်နေတာလဲ"

"မဟုတ်ကာမှလွဲရော၊ ငါတို့ကတော့ တစ်ပတ်ရိုက်တာခံကြရပြီနဲ့တူတယ်"

ထိုသို့ အချင်းချင်းပြောဆိုနေကြစဉ် အတွင်းသို့ဝင်လာသောခြံသံကြီးကို အရင်ကြားရပြီး အရိပ်မည်းကြီးတစ်ခုမှာ ဂူအတွင်းသို့ဝင်းလာသဖြင့် အားလုံး အထိတ်တလန့် လှည့်ကြည့်လိုက်ကြလေသည်။

"ဟာ...."

အားလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ ဂူပေါက်ဝမှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသော မည်းမည်းသဏ္ဍာန်ကြီးမှာ အခြားမဟုတ်ပေ။ ဂူအတွင်း၌ ခိုအောင်းနေသော မိစ္ဆာကောင်ကြီးပင်ဖြစ်သည်။

"အပြင်မှာ ဟိုနှစ်ယောက် အစောင့်ထားခဲ့တာ ဒီသတ္တဝါကြီးက ဘယ်ကနေ ဘယ်လို ဂူထဲရောက်ပ ...ပေ"

သူတို့အဖွဲ့တွင် စိန်သန်းတို့မှလွဲ၍ ကျန်သုံးယောက်မှာ မိစ္ဆာကောင်ကြီး၏ သတင်းသာကြားရပြီး တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသေးဘဲ ယခုမှ မျက်စိဖြင့် နီးနီးကပ်ကပ် တွေ့ဖူးကြသောကြောင့် များစွာ ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

မိစ္ဆာကောင်ကြီး၏ အရပ်အမောင်း၊ အလုံးအထည်မှာ လူနှင့်နှစ်ဆခန့် ကြီးမားထွားကျိုင်းလှလေသည်။ အနီးကပ်တွေ့မြင်ရသောအခါမှ မျက်နှာသွင်ပြင်မှာလည်း ဘီလူးကြီးတစ်ကောင်ကဲ့သို့ ကြောက်မက်ဖွယ်အသွင်အပြင်မျိုးရှိမှန်း တွေ့ကြရသည်။

သတ္တဝါကြီးက သူတို့ကိုမြင်သောအခါ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် မာန်ဖီသံကြီးပေးကာ ရှေ့သို့ တစ်လှမ်းချင်း တိုးလာလေသည်။

"ဟော့ .. ဟိုမှာ ရှေ့ကို တိုးလာနေပြီ၊ သေနတ်နဲ့ပစ်ကြ"

ဟု ဦးမင်းဒင်က အမိန့်ပေးလိုက်ရာ တပည့်များက သေနတ်များဖြင့် ထိုးချိန်လိုက်သည်။

"ဝုန်း ... ဝုန်း ... ဝုန်း"





၎င်းတို့က သတ္တဝါကြီးကို သေနတ်များဖြင့်ချိန်လိုက်သည်နှင့် အပေါ်ကျောက်ချပ်များကြားမှ မြားတံများ ထွက်လာပြီး သေနတ်ကိုင်ထားသူများကို ထိမှန်သဖြင့် လဲကျသွားလေတော့သည်။

မိမိတို့လူသုံးယောက် လဲကျသွားသည်ကိုတွေ့လိုက်သဖြင့် ဦးမင်းဒင်က ၎င်းယူဆောင်လာသော လက်ပစ်ဗုံးတစ်လုံးကို ထုတ်ယူလိုက်ပြီး စနက်တံဖြုတ်ရန် ဟန်ပြင်လိုက်စဉ်မှာ ဂူအမိုးပေါ်ရှိ ကျောက်ချပ်များကြားမှ မည်းမည်းသဏ္ဍာန်ကြီးများ ခုန်ဆင်းလာကာ တိုက်ခိုက်ကြသဖြင့် ဦးမင်းဒင်မှာ အခွင့်မသာတော့ပေ။

ထိုအခါ ဦးမင်းဒင်တို့မှာ ဂူပေါက်ဝသို့ ပြေးထွက်ရန် ကြိုးစားကြသော်လည်း သတ္တဝါကြီးလက်ချက်ကြောင့် အချို့သေကျန်ခဲ့ကြပြီး မောင်မှတ်နှင့် ဦးမင်းဒင်တို့နှစ်ယောက်သာ ကံကောင်းထောက်မစွာဖြင့် လွတ်မြောက်သွားကြလေတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

## မဟူရာဂိုဏ်းသားများ

အမှောင်ရိပ်များက တစ္ဆေမြောင်လိုဏ်ဂူကြီးအတွင်းသို့ ဖုံး
လွှမ်းထားလေသည်။ ထိုအချိန်တွင် လိုဏ်ဂူကြီးအတွင်းရှိ အခန်း
တစ်ခုအတွင်းမှာတော့ ကညင်ဆီမီးတိုင်များထွန်းထားသောကြောင့်
အလင်းရောင်များ ရှိနေလေသည်။

ထိုအခန်းမှာ သာမန်အခန်းများနှင့်မတူဘဲ လျှို့ဝှက်စွာရှိနေ
သော အခန်းတစ်ခန်းဖြစ်လေသည်။ အပြင်မှကြည့်လျှင် ထိုအခန်းရှိ
သည်ကို မသိနိုင်ဘဲ ဝင်ပေါက်လည်း မရှိပေ။



ထိုအခန်းသို့ရောက်အောင်လာမည်ဆိုပါက လူတစ်ယောက်
ဝင်သာရုံရှိသော လျှို့ဝှက်အပေါက်များမှ ဝင်ကြရသည်။ ထိုလျှို့
ဝှက်အပေါက်များကိုလည်း တော်ရုံမသိနိုင်ကြပေ။

အတန်ကြာသောအခါ ကညင်ဆီမီးတိုင်များ ထွန်းထားသော
လူများတစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ ၎င်းတို့
သည် လျှို့ဝှက်ဝင်ပေါက်များမှ လျှို့ဝှက်စွာ ဝင်ရောက်လာကြခြင်း
ဖြစ်သည်။

၎င်းတို့သည် လျှို့ဝှက်အခန်းတွင်းသို့ရောက်သောအခါ ဦးခေါင်း
ပေါ်မှာစွပ်ထားသော ခေါင်းစွပ်များကို ဖယ်လိုက်ကြလေသည်။ ထို
အခန်းတွင်းသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြရာ
နောက်ဆုံး လူငါးဆယ်ခန့်ရှိချေပြီ။

အခန်းတွင်းသို့ ရောက်နေသူများသည် တစ်ယောက်နှင့်တစ်
ယောက်စကားမပြောကြဘဲ ကျောက်ခုံများပေါ်မှာ ဝင်ထိုင်နေကြ
သည်။ ခဏကြာတော့ အဝတ်နက်ခြုံထားသော လူသုံးယောက်
လာကြသည်။ ၎င်းတို့ကတော့ အခန်းတွင်းရောက်သည့်တိုင်
အောင် ဦးခေါင်းပေါ်မှ ခေါင်းစွပ်များကို မချွတ်ကြပေ။

ထိုလူများမှာ အခြားမဟုတ်ကြပေ။ လျှို့ဝှက်စွာ ဖွဲ့စည်းထား
သော မဟူရာဂိုဏ်းသားများပင် ဖြစ်ပေသည်။ မဟူရာဂိုဏ်းမှာ
ခေါင်းဆောင်များ ရှိစဉ်ကတည်းက လျှို့ဝှက်စွာ ဖွဲ့စည်းထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းဖြစ်ပြီး တစ်စတစ်စနှင့် လူများလာခြင်းဖြစ်သည်။

ဗြိတိသျှနယ်ချဲ့များကို တိုက်ခိုက်ခဲ့စဉ်ကလည်း မဟူရာဂိုဏ်းသားများမှာ လျှို့ဝှက်ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ခဲ့ရာ အောင်မြင်မှုရခဲ့လေသည်။

အင်္ဂလိပ်မျက်နှာဖြူများ ဆုတ်ခွာသွားပြီး ယခု ဖက်ဆစ်ဂျပန်များ ဝင်ရောက်လာတော့လည်း ဂျပန်တပ်များကို နည်းအမျိုးမျိုးနှင့် တိုက်ခိုက်နေသောအဖွဲ့ဖြစ်လေသည်။

၎င်းတို့သည် တခွေ့မြောင်လိုဏ်ခေါင်းကြီးအတွင်းရှိ လျှို့ဝှက်ဂူအတွင်း၌ စခန်းချကာ ဂျပန်များကို နည်းအမျိုးမျိုးဖြင့် တိုက်ခိုက်သုတ်သင်နေကြခြင်းဖြစ်သည်။

ရှေ့ပိုင်းတွင်ရောက်နေသူများမှာ မဟူရာဂိုဏ်းအဖွဲ့ဝင်များဖြစ်ပြီး နောက်ဆုံးမှဝင်ရောက်လာသော သုံးယောက်မှာ မဟူရာဂိုဏ်းခေါင်းဆောင်များဖြစ်ကြလေသည်။

၎င်းတို့သုံးယောက်၏မျက်နှာကိုတော့ ကျန်ဂိုဏ်းသားများက မတွေ့မြင်ဖူးကြပေ။ ခေါင်းဆောင်သုံးယောက်ဝင်လာသောအခါ စောစောက တီးတိုးပြောဆိုနေကြသော စကားသံများပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ အားလုံးငြိမ်သက်သွားသောအခါ နံပါတ် (၁) ခေါင်းဆောင်က တည်ငြိမ်သောအသံဖြင့် စကားပြောသည်။

"အခု .... မဟူရာဂိုဏ်းသားတွေကိုခေါ်ရတဲ့ အကြောင်းက





တော့ တခြားမဟုတ်ဘူး၊ အခုတလော တခွေ့မြောင်လိုဏ်ဂူတစ်ဝိုက်မှာ ဂျပန်စစ်သားတွေရော၊ ရတနာရှာဖွေတဲ့သူတွေရော မကြာခဏ လာနေကြတော့ ငါတို့ဂိုဏ်းသားတွေ အစစအရာရာ ဂရုစိုက်နေကြရမယ်"

"ကောင်းပါပြီ"

"တလောက ဂျပန်စစ်သားငါးယောက် လိုဏ်ဂူထဲအထိရောက်လာကြတာ အားလုံးသေကုန်ကြရောမဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့သုတ်သင်ပြီး သူတို့ဆီမှာပါလာတဲ့လက်နက်တွေကိုပါ ရလိုက်ပါတယ်"

"သူတို့က တိုမိတ်ဆွေကြီးကို ပစ်ဖို့လုပ်နေတုန်း သုတ်သင်လိုက်ကြတာမဟုတ်လား"

"မှန်ပါတယ်"

"သူတို့က တခွေ့မြောင်လိုဏ်ဂူထဲမှာ ရတနာတွေရှိတယ်၊ ကြောက်စရာကောင်းတဲ့သတ္တဝါကြီးရှိတယ်လို့ပဲ သိထားကြတာ၊ ငါတို့ မဟူရာဂိုဏ်းသားတွေရှိမှန်း လုံးဝမသိကြဘူး၊ ဒီအတွက် ငါတို့အနေနဲ့ အခွင့်အရေးအများကြီးရနေတာပဲ"

"ဟုတ်ပါတယ်"

"တို့အဖွဲ့သားတွေအားလုံး သတိရှိရမယ့်အချက်က ဂူထဲမှာ ငါတို့ဝှက်ထားတဲ့ရတနာပစ္စည်းတွေကို ရန်သူတွေရဲ့လက်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမပါစေဖို့ ဂရုပြုနေကြရမယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဒီရတနာပစ္စည်းတွေဟာ ဗြိတိသျှနယ်ချဲ့သမားတွေက ဘုရား၊ ကျောင်းကန်တွေကို ဖျက်ဆီးပြီးယူခဲ့တဲ့ ပစ္စည်းတွေဖြစ်နေတာကိုလဲ မင်းတို့အသိပဲ"

"သိပါတယ် ခေါင်းဆောင်ကြီး"

"ဒီပစ္စည်းတွေက တို့လူမျိုးတွေ အမွန်အမြတ်ထားတဲ့ပစ္စည်းတွေဆိုရင်လဲ မမှားဘူး၊ ဒါကြောင့် အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ရမယ်"

"စိတ်ချပါ ခေါင်းဆောင်ကြီး"

"အခုဆို ဒီဂူထဲမှာ ရတနာပစ္စည်းတွေရှိနေတဲ့အကြောင်းကို ကိုယ့်အမျိုးသားတွေထဲက ကိုယ်ကျိုးရှာတဲ့လူတွေကြောင့် ဂျပန်တွေလဲ သိသွားပြီ၊ တခြားလောဘသားတွေလဲ သိကုန်ကြပြီ၊ ဒီကြောင့် တစ်နေ့က ဒီလူတွေ ဂူထဲအထိ ရောက်လာကြတာပေါ့"

"ကျွန်တော်တို့ သုတ်သင်ပစ်လိုက်ပါတယ် ခေါင်းဆောင်ကြီး"

"ဒါပေမယ့် ပြန်လွတ်သွားတဲ့လူရှိတယ် မဟုတ်လား"

"နှစ်ယောက်ရှိပါတယ်"

"သူတို့ပြန်လွတ်သွားတာ သိပ်ပြီးကောင်းတဲ့လက္ခဏာတော့မဟုတ်ဘူး၊ သူတို့က ဒီအကြောင်းတွေကို အပြင်မှာပြန်ပြောကြမှာသေချာတယ်၊ တစ်စတစ်စနဲ့ ဒီအကြောင်းတွေကို ဂျပန်စစ်သားတွေ





သိသွားတဲ့တစ်နေ့ ဒီဂူထဲကို အလုံးအရင်းနဲ့ ရောက်လာကြမှာသေချာတယ်"

"မှန်ပါတယ် ခေါင်းဆောင်ကြီး၊ တကယ်လို့ ရောက်လာရင်တော့ ပွဲကြီးပွဲကောင်းတွေ ကြမှာပါပဲ"

"ဒါတော့မှန်တာပေါ့၊ ဒါပေမယ့် သူတို့ရောက်လာရင် ဘယ်လိုခုခံကာကွယ်မယ်၊ တန်ပြန်တိုက်ခိုက်မယ်၊ ဘယ်လိုနည်းဗျူဟာသုံးပြီး ထောင်ချောက်ဆင်မယ်ဆိုတာကို အခုကတည်းကပြင်ဆင်ရအောင် ခေါ်လိုက်တာပဲ"

"ဒီအတွက်စိတ်မပူပါနဲ့ ခေါင်းဆောင်ကြီး၊ ကျွန်တော်တို့ အစီအစဉ်အတော်များများ ပြုလုပ်ထားပြီးပါပြီ၊ ရန်သူတွေရဲ့ ကြိုတင်သတင်းတွေရနိုင်အောင် ရွာတိုင်းရွာတိုင်းမှာလဲ အဖွဲ့ဝင်သူလျှိုတွေ ထားပါတယ်"

ဟု ဒုတိယခေါင်းဆောင်တစ်ယောက်က ပြောသည်။

"ကောင်းပါတယ်၊ အရေးအကြီးဆုံးက ရန်သူတွေလိုဏ်ဂူထဲ ရောက်လာလျှင် ငါတို့မိတ်ဆွေကြီး အန္တရာယ်မဖြစ်အောင် အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ကြရမယ်"

"ကောင်းပါပြီ"

အမှတ် (၁) ခေါင်းဆောင်ပြောသည့် မိတ်ဆွေကြီးဆိုသူမှာ အခြားမဟုတ်ပေ။ တစ္ဆေမြောင်ဂူအတွင်းမှ ကြောက်မက်ဖွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော သတ္တဝါကြီးကိုပြောခြင်းဖြစ်သည်။

မဟာရာဂိုဏ်းသားများနှင့် တစ္ဆေမြောင်ဂူအတွင်းမှ သတ္တဝါကြ... တို့ ဘယ်သို့ဘယ်ပုံဆက်ပ်နေသည်ကတော့ မည်သူမှ မသိနိုင်ပြ... သော လျှို့ဝှက်ချက်ဖြစ်ပေသည်။

"အဓိကအချက်က ဒီလိုဏ်ဂူအတွင်းမှာထားတဲ့ ရတနာပစ္စည်း... တွေရဲ့ အကြောင်းကို ဘယ်သူမှ မသိကြစေဖို့နဲ့ ငါတို့ မဟာရာဂိုဏ်... သားတွေရဲ့ လှုပ်ရှားမှုနဲ့ပတ်သက်ပြီး ဘယ်သူမှမသိကြဖို့တော... အဓိကအရေးကြီးတဲ့အချက်ပဲ"

"စိတ်ချပါ ခေါင်းဆောင်ကြီး၊ ကျွန်တော်တို့မဟာရာဂိုဏ်းသား... တွေဟာ သစ္စာရှိရှိသောက်ထားသူများဖြစ်ကြပါတယ်၊ တိုင်းပြည်... လူမျိုးအတွက် အသက်ကို ပေးလှူထားသူများဖြစ်ကြပါတယ်... ဘယ်သောအခါမှ သစ္စာမပျက်စေရပါဘူး"

ထိုအခါ ခေါင်းဆောင်ကြီးက ကျေနပ်စွာ ခေါင်းညိတ်ပြလို... လေသည်။

"ဒါထက် ဟိုတစ်နေ့က လောဘသားတွေဆီက ဘယ်လိုလ... နက်တွေ ရလိုက်ကြလဲ"

"သေနတ်၊ လက်ပစ်ဗုံးနဲ့ မိုင်းတွေရလိုက်ပါတယ် ခေါင်းဆော... ကြီး"

"ကောင်းတာပေါ့ကွယ်၊ တို့အဖွဲ့သားတွေအတွက် အား...





...သောက်တဲ့ လက်နက်တွေရလိုက်တာပေါ့ ... အားလုံး ...ချင်တာက ဒီနေရာက လွတ်မြောက်... ... သတင်းတွေဟာ တခြားလူတွေဆီကိုလဲ ...နိုင်တယ်၊ ...န်စစ်သားတွေဆီကိုလဲ သတင်း...နိုင်တယ်

"မှန်ပါတယ်၊ ရောက်မှာသေချာပါတယ်"

"ဒီလိုဏ်ခေါင်းထဲမှာ ရတနာပစ္စည်းတွေရှိတယ်လို့သာ... ...န်စစ်သားတွေ တပ်နဲ့ချီပြီးရောက်လာမှာ ...ချာတယ်၊ အဲဒီလို ...တော့မယ့်သတင်းကို ကြ...ာင်သိဖို့အရေးကြီးတယ်"

"ဒီအတွက်မပူပါနဲ့ ခေါင်းဆောင်ကြီး၊ ဒီသတင်းတွေကို သိနိုင် ...အတွင်းလအဖြစ် ...ထားတဲ့ အထောက်တော်တွေ ...ကတစ်ဆင့် ...မှာပါ"

"အေး ... ဒီလိုသိရတဲ့အခါမှာ ငါတို့ဘက်က အသာစီးရဖို့ ...ဖောက်သုတ်သင်နိုင်ဖို့ အစုကတည်းက ကြိုတင် ...ဆင်မှုတွေ လုပ်ထားကြပေတော့"

"ကောင်းပါပြီ ခေါင်းဆောင်ကြီး"

"အားလုံးညီကြပစေနော်"

"ညီပါတယ်"

"အားလုံး သစ္စာရှိကြပစေနော်"

"သစ္စာရှိပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကြွေးကြော်ကာ လျှို့ဝှက်ပေါက်များမှ အသီးသီး အပြင်သို့ထွက်သွားကြရာ အတန်ကြာသောအခါ အခန်းထဲတွင် တစ်ယောက်မှ မကျန်တော့ပေ။

နောက်ဆုံးမှထွက်သူများက ထွန်းထားသော ကညင်ဆီမီးတိုင်များကို ငြိမ်းသွားသောကြောင့် ဂူအတွင်းမှာ မှောင်မည်းသွားလေသ

ထိုနေရာတွ တစ္ဆေမြောင့်ဂူအတွင်းမှ အသက်မသေဘဲ ပြန်လည်လွတ်မြောက်သော ဦးမင်း အကြောင်းကိုလည်း ဖော်ပြ ရန်ရှိလေသည်။

ဦးမင်းခင်မှာ တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းသို့ ဝင်ရောက်၍ ရတနာပစ္စည်းများ ဝင်ရောက်ရှာ မမျှော်လင့်သောရန်သူများ၏ တိုက်ခိုက်မှုခံရသဖြင့် လူအတော်များများသေဆုံးကြကာ ပါ သွားသောလက်နက်များလည်း ဆုံးရှုံးခဲ့ရပေသည်။

သူနှင့်မောင်မှတ်တို့သာ ကံအားလျော်စွာ လွတ်မြောက်ခဲ့ သည်။ သူသည် တစ္ဆေမြောင်ရွာသို့ ပြန်ရောက်သောအခါ မောင်မှတ် တို့ဆီမှာပင် တည်းခိုနေရလေသည်။

မောင်မှတ်တို့သုံးယောက်တစ်ဖွဲ့မှာလည်း ကျန်နှစ်ယော မှာ ရန်သူများလက်ချက်ဖြင့် သေဆုံးသွားပြီး မောင်မှတ်တစ်ယော သာ ကံအားလျော်စွာဖြင့် အသက်ရှင်ကျန်ခဲ့လေသည်။





"ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆရာကြီး"

"အပွဲပွဲနွှဲလာတာ ဒီတစ်ပွဲခံလိုက်ရတာတော့ အတော်နာတယ်၊ တပည့်တွေသေသွားတာက ပြန်ရှာရတာ မခက်ဘူး။ ဒီခေတ်ဖျက်ကြီးထဲမှာ ခက်ခက်ခဲခဲရှာထားတဲ့ လက်နက်တွေကျန်ခဲ့တာတော့ အတော်နစ်နာတယ်"

"လက်နက်တွေက ဂူထဲမှာကျန်ခဲ့တာပဲ၊ ပြန်ဝင်ရှာရင် မရနိုင်ဘူးလားဟင်"

"မင်းနယ်ကွာ .... ရန်သူတွေတိုက်လို့ သေပါတယ်ဆိုမှ လက်နက်တွေရော ရှိပါတော့မလား"

"ဒါထက် ကျွန်တော်မသိလို့ မေးပါရစေဦး။ လိုဏ်ဂူထဲမှာ ဟို ကြောက်စရာကောင်းတဲ့သတ္တဝါကြီးအပြင် ဟို မည်းမည်းသတ္တဝါတွေက ဘာကောင်တွေလဲ"

"လူတွေပဲဖြစ်မှာပေါ့"

"လူတွေဆိုရင် ဟိုသတ္တဝါကြီးက သူတို့ကျတော့ ဘယ်လိုအန္တရာယ်မှ မပေးဘူးလား"

"ဒါကတော့ ငါလဲ ဘယ်သိပါ့မလဲ မောင်မှတ်ရယ်၊ မင်းသိချင်ဖြင့် ကိုယ်ဘာသာသွားစုံစမ်းချေတော့"

ဟု ပြောလိုက်တော့မှ မောင်မှတ်လည်း ဆက်မမေးတော့ဘဲ နေသွားလေတော့သည်။ အတန်ကြာတော့မှ ....

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဆရာကြီးဘယ်လိုလုပ်မလဲ"

ဟု မေးပြန်လေသည်။

"ငါလဲ အဲဒါကိုပဲ စဉ်းစားနေတာကွ"

"အခု ဆရာကြီးခေါ်လာတဲ့လူတွေလဲ မရှိတော့ဘူး။ လက်နက်တွေလဲ မရှိမှတော့ ပြန်ရုံပဲရှိတာပေါ့"

"မပြန်ရင် ဘာလုပ်မှာလဲ"

"လူမှန်ရင်တော့ အကြံရှိရမှာပေါ့။ ငါ့မှာ သေနတ်မရှိတော့လဲ သေနတ်ရှိတဲ့လူတွေကို အကူအညီသွားတောင်းရမှာပေါ့"

"ဟင် ... ဘယ်သူတွေလဲ"

"ရိုးမတောင်ခြေမှာ ဂျပန်တပ်တွေ တပ်စွဲနေတာရှိတယ်လေကွာ၊ သူတို့ကိုသွားပြီး သတင်းပို့ရမှာပေါ့၊ ကိုယ့်ကို ဒုက္ခပေးတဲ့လူတွေ ကိုယ်ကလဲ ဒုက္ခပြန်ပေးရမှာပေါ့"

မောင်မှတ်က ဘာမှမပြောတော့ပေ။

"ငါ ဂျပန်စစ်တပ်ကို အကြောင်းကြားဖို့သွားရင် သက်သေခံဖို့ မင်းပါလိုက်ခဲ့ရမယ်"

"ဖြစ်ပါ့မလား ဆရာကြီး၊ တော်ကြာ ဂျပန်တွေက မမေးမမြန်းဘဲ သတ်ပစ်နေရင် မခက်ပေဘူးလား"

"မခက်ပါဘူးကွာ၊ ဟိုရောက်တော့ တစ္ဆေမြောင်လိုဏ်ဂူထဲမှာ တော်လှန်ရေးတပ်သားတွေ ပုန်းနေတယ်လို့ ပြောပေါ့၊ ဒီလိုပြောရင်





ဒီ့အတွက် ဆုတောင်ရချင်ရဦးမှာ၊ ဒီလိုသွားပြောလိုက်လို့ ဂျပန်စစ်တပ်တွေ ဂူထဲဝင်ရင် ဟိုမိစ္ဆာကောင်ကြီးနဲ့ မုချတိုးမှာပဲ၊ ဒီသတ္တဝါကြီး ဘယ်လောက်ပဲကြီးကြီး ဂျပန်စစ်တပ်ရဲ့ သေနတ်ဒဏ်ကိုတော့ ဘယ်နည်းနဲ့မှ ခံနိုင်မယ်မဟုတ်ဘူး"

"[illegible]တယ် ဆရာကြီး"

"တကယ်လို့ တော်လှန်ရေးတပ်သားတွေရှိရင်လဲ ဂျပန်တပ်တွေနဲ့တွေ့ပြီး သေမှာပဲ၊ အားလုံးအန္တရာယ်တွေရှင်းသွားတော့မှ ငါတို့က လိုဏ်ဂူထဲကိုဝင်ပြီး ရတနာပစ္စည်းတွေကို အေးအေးဆေးဆေး ရှာလို့ရမှာပေါ့။ ဒီအကြံမကောင်းဘူးလား မောင်မှတ်"

"ကောင်းပါတယ် ဆရာကြီး"

"ကိုင်း .. ဒီလိုဆိုရင် အချိန်ရှိတုန်း ဂျပန်စစ်တပ်ရှိတဲ့နေရာကို သွားကြရအောင်"

ဟု ပြောဆိုတိုင်ပင်ကာ နှစ်ယောက်သား ရိုးမတောင်ခြေသို့ ထွက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

## တစ္ဆေမြောင်မှ သတင်းဆိုး

ပဲခူးရိုးမဟုခေါ်သော အလယ်ရိုးမသည် မြန်မာနိုင်ငံတောင်နှင့် မြောက် သွယ်တန်းထားသော တောင်တန်းကြီးဖြစ်ပြီး ရေမြေ သဘာဝကောင်းလှသောကြောင့် သစ်ကြီးဝါးကြီးများနှင့် အသုံးဝင် သော သစ်အမျိုးအစားကောင်းများ အဓိကထွက်သောနေရာဒေသ တစ်ခုလည်း ဖြစ်ပေသည်။

ရိုးမတစ်ကြောသည် တောတောင်ထူထပ်သလို သားရဲတိရစ္ဆာန် မျိုးစုံတို့ကလည်း ပေါလှသည်။ အလယ်ရိုးမတစ်ကြောတွင် အခြေ စိုက်ကာသစ်ထုတ်လုပ်ရေးလုပ်နေသော သစ်တောစခန်းများလည်း ရှိသည်။





ထိုသစ်တောစခန်းများအား ချုပ်ကိုင်ထားသော သစ်တော စခန်းတစ်ခုလည်း ရှိပေသည်။ ၎င်းစခန်းမှာ 'ရိုးမ' သစ်တောစခန်း ဖြစ်ပေသည်။

ရိုးမသစ်တောစခန်းမှာ ရိုးမတစ်ကြောရှိ သစ်ထုတ်လုပ်ရေး စခန်းငယ်များကို ချုပ်ကိုင်ထားသော နေရာလည်းဖြစ်ပေသည်။ ရိုးမ တောမှာ သစ်ထုတ်လုပ်ရေးအတွက် အသုံးဝင်ခြင်းမဟုတ်ဘဲ ဖက်ဆစ်ဂျပန်များကို တွန်းလှန်တိုက်ခိုက်နေကြသည့် တော်လှန်ရေး သမားများ ခိုအောင်းရာ နေရာကောင်းတစ်ခုလည်း ဖြစ်ခဲ့ပေသည်။

အင်္ဂလိပ်နယ်ချဲ့များကို တွန်းလှန်တိုက်ထုတ်စဉ်ကလည်း အလယ်ရိုးမသည် တော်လှန်ရေးသမားများကို အကာအကွယ်ပေး ခဲ့သည်။ အထောက်အကူပေးခဲ့သည်။

ယခု ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်ရန်ပြင်ဆင်နေသော ကာလတောက်လျှောက်မှာလည်း တော်လှန်ရေးသမားများအတွက် များစွာ အသုံးဝင်ခဲ့လေသည်။

အလယ်ရိုးမတစ်ကြောတွင် သစ်ထုတ်လုပ်နေသော စခန်းအချို့ ရှိနေပြီး ထိုစခန်းအားလုံးကို ရိုးမသစ်တောစခန်းမှ ချုပ်ကိုင်ထား လေသည်။ စခန်းတာဝန်ခံမှာ ချင်းကပြားအမျိုးသားတစ်ဦးဖြစ်ပြီး နာမည်မှာ ဦးထန်ဖုန်းရှိန်ဖြစ်သည်။ ဦးထန်ဖုန်းရှိန်မှာ အသက် ငါးဆယ်ကျော်အရွယ် ရှိပြီဖြစ်သော်လည်း ကြံ့ခိုင်သန်မာနှစ်ဆယ်သော

www.burmeseclassic.com



အလုပ်လုပ်နိုင်နေဆဲဖြစ်ပြီး သစ်တော သက်ကြာမြင့်လှပြီ ဖြစ်သဖြင့် အတွေ့အကြုံကလည်း မနည်းတော့ပေ။

ရိုးမတစ်ကြောမှာ သူမရောက်ဖူးသောနေရာ မရှိသလောက် နီးစပ်ကျွမ်းကျင်သူဖြစ်ပေသည်။ သစ်ကွက်အနေအထားနှင့် သစ်ပင်အမျိုးအစားခွဲခြားရာမှာလည်း များစွာကျွမ်းကျင်လှသူဖြစ်ပေသည်။

သစ်ကွက်တစ်ကွက်ကို လှည့်ပတ်ကြည့်ရုံနှင့် သစ်အမျိုးအစား ဘယ်လောက်၊ ဘယ်နှစ်တန်ထွက်မည်ကိုပါ ခန့်မှန်းပြောဆိုနိုင်သူ ဖြစ်ပေသည်။ သို့ကြောင့် သစ်တောအလုပ်သမားများက ဦးထန်ဖုန်း ရှိန်ဆိုလျှင် ကြောက်ရွံ့လေးစားကြလေသည်။

ဦးထန်ဖုန်းရှိန် သစ်ကွက်များအတွင်း ဝင်ရောက်ကြည့်ရှုပြီး သစ်တန်ဘယ်ရွေ့ဘယ်မျှထွက်မည်ဟု ခန့်မှန်းထားပြီးမှ သစ်တန် လျော့နေလျှင် အဆူအပူအကြိမ်းအမောင်းခံကြရလေသည်။

သို့ကြောင့် အလုပ်သမားများက ဦးထန်ဖုန်းရှိန် သစ်တော အတွင်းသို့ လာမှာကို စိုးရိမ်နေကြလေသည်။ ဦးထန်ဖုန်းရှိန်က ရိုးမ သစ်တောစခန်း၏ စခန်းတာဝန်ခံဖြစ်ပြီး သူ့လက်အောက်တွင် တောအုပ်၊ တောခေါင်း၊ သစ်ကွက်တာဝန်ခံ၊ ဓားခေါင်း၊ လွှခေါင်း၊ ဆင်ခေါင်း၊ ကျွဲခေါင်းနှင့် သစ်ပင်လှဲဖြတ်ကြသော အလုပ်ကြမ်း သမားများစွာ ရှိကြလေသည်။

သစ်တောအတွင်းမှ သစ်ကွက်များ သတ်မှတ်တော့မည်ဆိုလျှင် ဦးစွာ သစ်ကွက်တာဝန်ခံများက မိမိတို့တာဝန်ကျသော သစ်ကွက် များကို တာဝန်ယူကြရသည်။ ပြီးမှ လှဲရန်သတ်မှတ်ပေးထားသော ကျွန်း၊ ပျဉ်းကတိုး သစ်များကို လွှခေါင်း၊ ဓားခေါင်းတို့က လှဲဖြတ်ကာ သစ်လုံးဘဝရောက်အောင် ပြုလုပ်ပေးရသည်။

သစ်လုံးဘဝရောက်ပြီး နဖားပေါက်ဖောက်ပြီးသောအခါ ဆင် ခေါင်း၊ ကျွဲခေါင်းများက ဆင်များ ကျွဲများ အသုံးပြု၍ စုရပ်ရောက် အောင် ပို့ပေးကြရသည်။ စုရပ်မှတစ်ဆင့် လိုရာရောက်အောင် သယ် ယူကြရသည်။

တကယ်တော့ ရေးစကားပုံအတိုင်း လေထိုးလွှတိုက် လူမိုက် အလုပ်ဟူသော စကားအတိုင်း တောတွင်း၌ သစ်ထုတ်လုပ်ရသော အလုပ်မှာ များစွာ ပင်ပန်းကြလေသည်။

သို့သော်လည်း သစ်တောအတွင်း၌ ပျော်မွေ့ကြသော အလုပ် သမားများမှာ သစ်တောလုပ်ငန်းကိုပင် ခင်တွယ်နေကြလေသည်။

တစ်နေ့သ၌ ရိုးမသစ်တောစခန်း၏ နားနေဆောင်အတွင်း၌ စခန်းတာဝန်ခံ ဦးထန်ဖုန်းရှိန်၊ အလုပ်သမားများအား ဆေးကုသပေး ရသည့် ဆေးဆရာကြီး ဦးဇန်ကောင်း၊ သစ်ကွက်တာဝန်ခံ နီမောင် တို့သုံးယောက် ဝိုင်းဖွဲ့ကာ စကားပြောနေကြလေသည်။

စကားဝိုင်းတွင် အလုပ်သမားတစ်ယောက် ကျွေးပေးထားသော ကောက်ဖက်ခြောက်ခါးခါး ခပ်ထားသည့် လက်ဖက်ရည်နှင့်ဆတ်သား







www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကို မီးဖုတ်၍ ပဲဆီရွှဲရွှဲဆမ်းထားသော အမြည်းတို့မှာ စကား ဝိုင်းကို ပို၍ စိုပြေစေလေသည်။

"ဒါထက် နီမောင် ... အခုတလော နယ်မြေအခြေအနေတွေ ဘယ်လိုလဲ"

"ကောင်းပါတယ် ဆရာကြီး"

"ဂျပန်တွေရဲ့ သတင်းရော ဘာထူးသေးလဲ"

"တလောကတော့ ရိုးမထဲကို ဂျပန်တပ်ဖွဲ့တစ်ဖွဲ့ ဝင်လာတယ်လို့ သတင်းကြားလိုက်ပါတယ် ဆရာကြီး"

ဦးထန်ဖုန်းရှိန်မှာ ဝန်ထမ်းတစ်ဦးဖြစ်သော်လည်း ဂျပန်များအား မုန်းတီးနေသူဖြစ်သည်။

"ဂျပန်ပဲဖြစ်ဖြစ်၊ အင်္ဂလိပ်ပဲဖြစ်ဖြစ် ဖက်ဆစ်နယ်ချဲ့ကတော့ ဖက်ဆစ်နယ်ချဲ့ပါပဲကွာ၊ မရောက်လှ ခင်တုန်းကတော့ မင်းသားလို ချွဲပြတာပဲ၊ အဲ ... ရောက်လဲရောက်ရော မကြာပါဘူး၊ ဘီလူးက ကတော့တာပါပဲ၊ ဒါကလဲ နယ်ချဲ့တွေရဲ့ ပရိယာယ်တစ်မျိုးပေါ့ကွာ"

"မှန်ပါတယ် ဆရာကြီး"

"အင်္ဂလိပ်တွေတုန်းကလဲ အင်္ဂလိပ်တွေမို့ ဆိုးတာပါပဲ၊ အခု ဂျပန်တွေကျတော့ ပိုတောင်ဆိုးပါသေးတယ်"

"ဆိုးတာပေါ့ ဆရာကြီးရယ်၊ အနောက်နိုင်ငံသားတွေဆိုလို့ အာရှတိုက်သားတွေကို အားကိုးရမလားအောက်မေ့လို့ အကူအညီ





ောင်းမိပါတယ်၊ သူတို့ ရောက်လာတော့မှ ပိုတောင်ဆိုးနေသေး ယ်"

ဟု ဦးဗန်ကောင်းကပါ ဝင်ပြောသည်။

"ဒါကတော့ အဘရယ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၊ ကိုယ့် ှင်သခင်နဲ့နေရတာကတော့ အကောင်းဆုံးပေါ့"

နီမောင်စကားကြားတော့ ဦးထန်ဖုန်းရှိန်က ခေါင်းတစ်ချက် ိတ်ပြသည်။

"မှန်တာပေါ့ကွာ၊ ဒီအခြေအနေပြန်ရောက်ဖို့လဲ ဒီလိုပဲ ကြိုးစား ရမှာပေါ့၊ မဝေးလှတော့ပါဘူး။ မကြာခင်မှာ ငါတို့တိုင်းပြည်၊ ငါတို့ င်တွေရဲ့ လက်ထဲကို ပြန်ရောက်လာတော့မှာပါ"

ထိုသို့ပြောဆိုနေစဉ် အလုပ်သမားတစ်ယောက်က စာတစ် င်ယူလာပြီး ဦးထန်ဖုန်းရှိန်အား ပေးသည်။

"ပဲခူးတိုင်းဌာနချုပ်က ပေးလိုက်တဲ့စာလို့ ပြောပါတယ် ရာကြီး"

"အေး ... အေး"

ဦးထန်ဖုန်းရှိန်က အညိုရောင်စာအိတ်ကိုလှမ်းယူပြီး ဖောက် ည်လိုက်သည်။ အတွင်းမှ စာရွက်ပေါ်တွင် တိုင်းရုံးတံဆိပ် ရိုက် ားသည်ကို တွေ့ရသဖြင့် တိုင်းသစ်တောရုံးတာဝန်ခံထံမှ း လိုက်သောစာဖြစ်မှန်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့

ဆရာကြီး ဦးထန်ဖုန်းရှိန်

တလောက ဂျပန်စစ်ဗိုလ်တစ်ယောက်နဲ့ စစ်သားငါ
ယောက်၊ စကားပြန်တစ်ယောက်တို့ ရိုးမတောင်ပေါ် တက်သွားကြ
တာ ယခုအချိန်အထိ ပြန်မရောက်လာသေးပါ။

ဂျပန်စစ်တပ်က ၎င်းတို့လူတွေကိုရှာဖွေပေးဖို့ ကျွန်ုပ်တို့ကို
တာဝန်လာပေးတယ်၊ ဒီတာဝန်ကတော့ ဆရာကြီးဦးထန်ဖုန်းရှိန်
ဆောင်ရွက်ပေးရမယ့်ကိစ္စဖြစ်လို့ စာရေးအကြောင်းကြားခြင်း ဖြစ်
ပါတယ်၊

ထိုကိစ္စကို အမြန်ဆုံး စုံစမ်းကာ အဖြေသိရပါက တိုင်းရုံးသို့
အမြန်ဆုံး အကြောင်းကြားစေလိုပါသည်။ ဆရာကြီးတို့စခန်းအတွက်
လိုအပ်သောရိက္ခာနှင့် ဆေးဝါးများ ပို့ပေးလိုက်ပါသည်။

တိုင်းရုံးတာဝန်ခံ

ပဲခူးတိုင်း။

BURMESE CLASSIC .com

ဟူ၍ ဖော်ပြထားလေသည်။

"ဘာတဲ့လဲ ဆရာကြီး"

"ဂျပန်ခြောက်ယောက်နဲ့ စကားပြန်တစ်ယောက် တော
တက်သွားကြတာ ပျောက်နေလို့ စုံစမ်းခိုင်းတဲ့စာပဲ"

"တော်လှန်ရေးသမားတွေနဲ့တွေ့ပြီး သေကုန်ကြလို့ပြန်မရော





တော့တာဖြစ်မှာပေါ့"

ဟု နီမောင်က ခပ်ပေါ့ပေါ့ပင် ပြောလေသည်။

"ဒီလိုဆိုတော့လဲ ကောင်းတာပေါ့၊ ဒါပေမယ့် အကြောင်းပြချက်
တစ်ခုခု အကြောင်းပြန်နိုင်အောင် ငါတို့ဘက်က လုပ်ပေးရလိမ့်မယ်
ကွ၊ ဒီတော့ တခြားသစ်တောစခန်းတွေကို ဒီသတင်းကို ဖြန့်ဝေ
ပေးထားလိုက်၊ သတင်းထူးတာနဲ့ ဒီစခန်းကို သတင်းပို့ဖို့ပါ အကြောင်း
ကြားလိုက်ပေတော့"

"ဟုတ်ကဲ့ဆရာကြီး"

ထိုသို့ ပြောဆိုနေကြစဉ်မှာပင် တစ္ဆေမြောင်ရွာလူကြီး ဦးထီး
ကော်နှင့် အခြားနှစ်ယောက်တို့ ရောက်လာကြသည်။ နီမောင်တို့
တစ်တွေမှာ ရိုးမတောတွင်းသို့ လှည့်လည်ရစဉ် တစ္ဆေမြောင်ရွာ
သို့ မကြာခဏ ရောက်လေ့ရှိသဖြင့် တစ်ယောက်နှင့်တစ်ယောက်
ခင်မင်ရင်းနှီးနေကြလေသည်။

"အာ ... ရွာလူကြီးပါလား၊ ဘာကိစ္စများရှိလို့ ကိုယ်တိုင်ရောက်
လာတာလဲ၊ ကဲ ...လာဗျာ အမောပြေ ရေနွေးကြမ်းသောက်ကြဦး"

ဦးထီးကော်တို့လည်း ကွပ်ပျစ်ပေါ် ဝင်ထိုင်ရင်း ခေါင်းပေါင်း
ထားသော တဘက်များဖြင့် မျက်နှာပေါ်မှ ချွေးသီးချွေးပေါက်များ
ကိုသုတ်ကာ နီမောင်ထည့်ပေးသော လက်ဖက်ရည်ကြမ်းများ
ကို သောက်လိုက်ကြသည်။ ပြီးမှ ....



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တိုင်လာဆို .. အရေးကိစ္စတစ်ခုရှိလို့ လာခဲ့တာဗျ"

ဦးထီးကော်က လေသံဝဲဝဲဖြင့် ပြောသည်။

"ဘာကိစ္စများပါလိမ့်"

"တခြားဟုတ်ပါရိုးလား၊ တလောက ဂျပန်စစ်သားတွေ ကျ... တို့ရွာကို ရောက်လာကြတယ်"

"ဟင် ... ဘယ်နှစ်ယောက်လဲဗျ"

"စစ်ဗိုလ်တစ်ယောက်နဲ့ စစ်သားငါးယောက်ပဲ၊ ရွာထဲဝင်ပြီ... ထမင်းစားပြီး တစ္ဆေမြောင်လိုဏ်ခေါင်းဘက် တက်သွားကြ... တစ်ယောက်မှ ပြန်ထွက်မလာနိုင်တော့ဘူး၊ စုံစမ်းကြည့်တော့ ဂူ... မှာ အားလုံးသေကုန်တယ်လို့ သတင်းကြားတယ်"

BURMESE CLASSIC .com

"ဟင် ... ဘာကြောင့်သေတာတဲ့လဲ"

"အဲဒီလိုဏ်ခေါင်းထဲမှာ ကြောက်စရာကောင်းတဲ့သတ္တဝါကြီး... တစ်ကောင်ရှိတယ်၊ ကျုပ်အထင်ပြောရရင်တော့ အဲဒီသတ္တဝါကြီး... လက်ချက်ကြောင့် သေကုန်ကြတယ်ထင်တာပဲ"

"ဂျပန်တွေမှာ သေနတ်ပါတာပဲ၊ ပစ်မှာပေါ့"

"ကျုပ်တို့လဲ မျက်စိနဲ့မမြင်ရတော့ ဘယ်ပုံဘယ်နည်းနဲ့ သေ... တယ်ဆိုတာကို အတပ်မပြောနိုင်ဘူး၊ တော်ကြာ ဒီအကြောင်း... လာမပြောဘဲထားရင် ဂျပန်တွေရောက်လာပြီး ကျုပ်တို့ရွာကို န... စက်မှာစိုးလို့ အခုလို ဆရာကြီးတို့ကို လာပြီး အသိပေးရတာပါ"





"အခုလိုလာပြောတာ ကျေးဇူးတင်ပါတယ် ဦးထီးကော်ရယ်၊ ...ပ်တို့လဲ ဂျပန်တွေပျောက်နေတာကို ရှာဖို့ တိုင်ပင်နေကြတာပဲ၊ ...လိုလာပြောတော့ ပိုကောင်းတာပေါ့"

ဦးထန်ဖုန်းရှိန်က လက်ဖက်ရည်ကြမ်းတစ်ခွက်ကို မော့သောက် ...ရင်း ပြောလေသည်။

"ကျုပ်တို့လာတာ ဒီကိစ္စတင်မဟုတ်ဘူးဗျ၊ နောက်ထပ် အကူ ...ညီတောင်းစရာလဲ ရှိသေးတယ်"

"ဘာများလဲ"

"တခြားဟုတ်ပါရိုးလား၊ တစ္ဆေမြောင်ဂူထဲမှာနေတဲ့သတ္တဝါကြီး ... အရင်အချိန်တွေက တစ္ဆေမြောင်လိုဏ်ဂူအနားကို ကျွဲနွားတွေ ...ရင် သတ်စားလေ့ရှိတယ်၊ အခု ဒီလိုမဟုတ်တော့ဘူး၊ ညဘက် ...ဆိုရင် ရွာထဲအထိရောက်လာပြီး ကျွဲနွားတွေကို ဝင်ဆွဲနေတော့ ...ယ်၊ လူတွေနဲ့ရင်ဆိုင်တိုးရင်လဲ လူတွေကိုသတ်သွားတတ်တယ်"

"တယ်ဆိုးနေပါလား"

"ဆိုးဆိုရင် အဲဒီတစ္ဆေမြောင်ဂူနဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ရွာ ...ဆိုရင် အလုပ်ကို ဖြောင့်ဖြောင့်မလုပ်ကြဘဲ နေ့တထိတ်ထိတ် ...ထိတ်ထိတ်နဲ့ ကောင်းကောင်းကို မနေကြရပါဘူးဗျာ၊ ... ...လောက် အကူအညီပေးကြပါဦး"

"ဒါထက်နေပါဦး၊ အဲဒီသတ္တဝါက ဘာသတ္တဝါလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"လူလား၊ ဘီလူးလားတောင် မပြောတတ်တော့ပါဘူး၊ ...န်းသဏ္ဍာန်ကတော့ လူနဲ့ အတော်တူတာပါပဲ"

"ကိုင်း ... ဒီလောက်လဲ စိတ်ပူမနေကြပါနဲ့၊ မနက်ကျတော ဒီစခန်းကလူ လွှတ်ပေးလိုက်ပါ့မယ်၊ စိတ်ချလက်ချသာ ပြန်ကြ"

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်"

ဟု ပြောဆိုကာ ဦးထီးကော်တို့ ပြန်သွားကြလေသည်။ သူ ပြန်သွားပြီးတော့မှ ဦးထန်ဖုန်းရှိန်က ....

"ကိုင်း .. တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလိုပဲ၊ ငါတို့သိချင် ဂျပန်စစ်သားတွေ့ရဲ့သတင်းကိုလဲ သိရမယ်၊ သွားရင်းနဲ့ သူတို့ ဒုက္ခပေးနေတဲ့ သတ္တဝါကြီးကိစ္စကိုလဲ ဖြေရှင်းပေးခဲ့ကြပေ့၊ မနက် ကျတော့ နီမောင်နဲ့ဦးဗန်ကောင်းကပဲ ခေါင်းဆောင်ပြီးတော့ တ မြောင်ရွာကို သွားကြပေတော့၊ စခန်းက သင့်တော်မယ့်လူတွေ ရွေးခေါ်သွားပါ၊ လက်နက်တွေလဲ ပြည့်စုံအောင်ယူသွားကြပေ့"

ဟု ပြောဆိုမှာကြားကာ ဦးထန်ဖုန်းရှိန်က နေရာမှ ထ လေသည်။ ထိုအခါ နီမောင်နှင့် ဦးဗန်ကောင်းတို့မှာ တစ်ယော မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

❑ ❑ ❑





အခန်း (၉)

## လျှို့ဝှက်တာရေးနည်း ဖြတ်နည်းများ

တကယ်တော့ ထိုခရီးကို မသွားခင်ကတည်းက အန္တရာယ်နှင့် ...သောခရီးဖြစ်မှန်းတော့သိသည်။ သို့ကြောင့် ခရီးမထွက်မီ ...တည်းက လိုအပ်သောပြင်ဆင်မှုများကို အသေးစိတ်ပြင်ဆင်ထား ...သည်။

ဦးဗန်ကောင်းက ဆေးဝါးနှင့် အခြားအစီအမံများကို ပြင်ဆင် ...သလို နီမောင်ကတော့ အလုပ်သမားများထဲမှ တိုက်ရည်ခိုက် ...ည် ကောင်းသောသူများကို ရွေးခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ကြိုက်ရွေးသောလူများမှာ .....

ဦးမွန်ထော်မှာ အဆိပ်ဖော်စပ်ရာတွင် ကျွမ်းကျင်သလို အဆိပ်ဖြေဆေးအသုံးပြုရာမှာလည်း ကျွမ်းကျင်သူဖြစ်သည်။ ငမဲအောင်က သစ်ပင်တက်ကျွမ်းကျင်လှပြီး တိုက်ခိုက်ရာတွင် ရဲဒင်း (ကပ်ပါး) အကြီးစားကို အသုံးပြု၍ တိုက်ခိုက်လေ့ရှိရာ ကျားတစ်ကောင်ကိုပင် ရဲဒင်းဖြင့် ခေါင်းကိုခွဲပြီး ဖမ်းဆီးခဲ့ဖူးသူဖြစ်၏။

စောထီးက ဓားရှည်ကိုအသုံးပြု၍ တိုက်ခိုက်ရာ၌သော်လည်းကောင်း၊ ပေါက်ဓားကလေးများအသုံးပြု၍ တိုက်ခိုက်ရာ၌သော်လည်းကောင်း သူမတူအောင်ကျွမ်းကျင်လှသူဖြစ်သည်။

အခြားသူများမှာလည်း သေနတ်ပစ်လက်ဖြောင့်သူ၊ ဒူးလေးနှင့်လင်းလေးကို ပစ်ရာတွင် ပစ်မှတ်ကို မလွဲအောင်ပစ်ခတ်နိုင်သူ၊ သားကောင်များကို ဖမ်းဆီးရာတွင် အသုံးပြုသော ကျော့ကွင်းသုတ်ကိုင်းထောင်ခြင်း၊ ညှောင့်ကျင်း၊ ထောင်ချောက်များ ဆင်ရာတွင် ကျွမ်းကျင်သူ၊ မျောက်တစ်ကောင်ကဲ့သို့ နွယ်ကြိုးများကိုအသုံးပြုကာ သစ်ပင်တစ်ပင်မှတစ်ပင် ကူးသွားနိုင်သူ၊ မြေပြင်၏တုန်ခါမှုကို နားထောင်ကြည့်ရုံဖြင့် ဘယ်လိုသတ္တဝါမျိုး၊ ဘယ်နေရာရောက်နေပြီကို သိနိုင်သောသူ၊ အနံ့ခံ၍ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်နိုင်သောသူနှင့် မိုင်းထောင်ရာတွင် ကျွမ်းကျင်သောသူများကို ရွေးခေါ်လေသည်။





ငင်းတို့တစ်တွေသည် နီမောင်နှင့်အတူလက်တွဲ၍ အန္တရာယ်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူးသူများဖြစ်သောကြောင့် ယခုကဲ့သို့တူသွားရမည်ဆိုသောအခါ စိတ်ဓာတ်တက်ကြွနေကြလေသည်။

ငင်းတို့မှာ အင်္ဂလိပ်များကို တော်လှန်တိုက်ခိုက်ခဲ့ကြစဉ်က လုပ်သမားများလည်းဖြစ်၊ တော်လှန်ရေးပြောက်ကျားတပ်သားလည်း ဖြစ်ကြခဲ့လေသည်။

ခရီးထွက်ရာတွင် လိုအပ်သော လက်နက်များအပြင် ဆေးဝါးပ်ရိက္ခာနှင့် အခြားအသုံးအဆောင်ပစ္စည်းများကိုလည်း လိုလေအရှိအောင် ထည့်ယူကြလေသည်။

နီမောင်တို့တစ်တွေ ပစ္စည်းများ၊ လက်နက်များ စုဆောင်းပြင်နေကြစဉ်မှာပင် အလုပ်သမားတစ်ယောက်နှင့်အတူ မိန်းကလေးယောက် ရောက်လာသည်။

မိန်းကလေးမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိပြီး သာမန်တြမ်းရေကျိုအဝတ်အစားများ ဝတ်ဆင်ထားသည်။

"ကိုနီမောင်နဲ့တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာ"

"အေး ... အေး"

အလုပ်သမားကမိန်းကလေးကိုထားခဲ့ပြီး ပြန်လှည့်သွားသည်။

"နေကလဲ အတော်ပြင်းတယ်နော်"

မိန်းကလေးက ပတ်ဝန်းကျင်အခြေအနေကိုအကဲခတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



နဖူးပေါ်မှ ချွေးများကိုသုတ်ရင်း ခပ်တိုးတိုးပြောသည်။ ထိုအချိန်တွင် နီမောင်အနားမှာ ဘယ်သူမှမရှိပေ။

"ရှေ့လျှောက်ပြီး ဒီ့ထက်ပိုပူလာဖို့ပဲရှိတယ်"

နီမောင်က ပြန်ပြောလိုက်သည်။

"ဒီစခန်းမှာတော့ ရာသီဥတုအခြေအနေက ကောင်းရဲ့မဟုတ်လား"

"အခုတော့ နည်းနည်းပူလာပြီပေါ့ အခြေအနေဘယ်လိုထူးသလဲ"

"ငှက်ခါးတစ်ကောင်ဖမ်းမိလာလို့ လာပေးတာ"

"ဒီလိုဆိုရင် တောထဲမှာသွားလွှတ်ကြရအောင်"

ဟု ပြောကာ နီမောင်က ထိုမိန်းကလေးကိုခေါ်ပြီး စခန်းအပြင်ဘက်သို့ ခေါ်လာသည်။ တောတွင်းတစ်နေရာရောက်သောအခါ ကျောက်ဂူတစ်ခုတွင် ပိတ်ထားသောကျောက်ပြားတစ်ချပ်ကို တွန်းရွှေ့လိုက်သောအခါ ဂူပေါက်ဝတစ်ခု ပေါ်လာသည်။

နှစ်ယောက်သား ထိုဂူပေါက်အတွင်းဝင်ပြီးသောအခါ ကျောက်ပြားကို ပြန်ပိတ်လိုက်သည်။ ဂူမှာ အဝင်ပေါက်ပိတ်သော်လည်း အခြားနေရာများမှ အလင်းရောင်နှင့်လေများ ရနေလေသည်။

အတွင်းရောက်မှ မိန်းကလေးက သူမကိုယ်အတွင်းမှာ ဝှက်ယူလာသောစာတစ်စောင်ကို ထုတ်ပေးလေသည်။ နီမောင်က ထိုစာကို ယူဖတ်ကြည့်လိုက်သောအခါ ဝှက်စာရေးနည်းဖြင့် ရေး





ထားသော စာပင်ဖြစ်လေသည်။ စာတွင်ရေးထားပုံမှာ ...

"ဂျပါပန်ကြ တပ်ပြင်တွေသင့် ကအဝေမည် မြောင်တောဂူလာ ကို"

ဟူ၍ ဖြစ်ပေသည်။

ထိုစာရေးနည်းမှာ ရှေးခေတ်က အသုံးပြုခဲ့ကြသော လျှို့ဝှက်စာရေးနည်းများထဲမှ "ရင်စေ့ရေးနည်း' ပင်ဖြစ်လေသည်။ စာရေးနည်းမှာအဖြောင့်ရေးထားသောစာကို အရင်းတစ်လုံးအဖျားတစ်လုံးယူကာ ဘယ်ပြန်ညာပြန်ကပ်သွားပြီး အဆုံးသတ်အလုံးကိုအလယ်တွင် သွင်းရေးသောနည်းပင်ဖြစ်၏။ မူလရေးထားပုံမှာ..

"ဂျပါပန်ကြ တပ်ပြင်တွေသင့် ကအဝေမည် မြောင်တောဂူသာကို"

ထိုစာ၏အဓိပ္ပာယ်မှာ ...

"ဂျပန်တပ်တွေ တာဆွေမြောင်ဂူကိုလာတော့မည်၊ အသင့်ပြင်ကြပါ"

ဟူ၍ ဖြစ်ပေသည်။

ဖတ်နည်းမှာ ...

ရှေ့မှစ၍ တစ်လုံးကျော်ဖတ်သွားပြီး နောက်သို့ရောက်လျှင် တစ်လုံးကျော်ပြန်ဖတ်လာပြီး အလယ်၌ အဆုံးသတ်သောနည်းပင်ဖြစ်၏။



www.burmeseclassic.com

ထိုလျှို့ဝှက်စာရေးနည်းမှာ ရင်စေ့ရေးနည်း ဖတ်နည်း ဖြစ်ပေသည်။ သည်နေရာတွင် ကျွန်ုပ်၏စာဖတ်ပရိသတ်များအတွက် ရှေးခေတ်က တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြုရာတွင် အဓိပ္ပာယ်ကို လူမသိစေလိုသောကြောင့် လျှို့ဝှက်စာရေးနည်းဖြင့် ရေးကြဖတ်ကြရာ ထိုအထဲမှ ဗဟုသုတရစေသော ရေးနည်းအချို့ကို ဖော်ပြလိုက်ရပေသည်။

၁။ ပိတုန်းပျံ့ဝဲ ရေးနည်း၊ ဖတ်နည်း

ထိုရေးနည်းမှာ အဆုံးအက္ခရာမှစ၍ နှစ်လုံးကျော် ပိတုန်း ပျံ့ဝဲသလို ဖတ်ပြီးလျှင် ပဋိလောမအားဖြင့် အစအက္ခရာသုံးလုံး၌ အဆုံး သတ်၍ ရေးကြဖတ်ကြသည်။

နမူနာမှာ ...

လှည့်ပါဆွတ်၊ ကြည့်နေဝန်း ရှုမင်းရုံတူဝခြံနေ၊ ရွှေရွှေသည် နန္ဒိက်၊ မွှူဌာယဖ၊ ကျွန်းကမ်းဆင်း ရွှေရွှေသူကို ကြံရပ်ပန်းစင်း မြေနွယ်ချောင်းရွှေရွှေရွှေ"

အဓိပ္ပာယ်မှာ .....

"ရွှေချောင်းစင်းကြံ၊ ရွှေကမ်းယံနိုက် (၌)၊ ရွှေခြံရုံဝန်း ရွှေနွယ်ပန်းကို ရွှေကျွန်းဌာန၊ ရွှေဗမင်းနေ၊ ရွှေမြေရပ်သူ၊ ဆင်းဖမ္မူသည် နေတူရှုကြည့် ဆွတ်ပါလှည့်

ဟူ၍ ဖြစ်ပေသည်။





၂ ဝါးခွဲရေးနည်း၊ ဖတ်နည်း။

ထိုရေးနည်းမှာ အလယ်အက္ခရာမှစ၍ ဝါးခွဲသကဲ့သို့ ရှေ့နောက်တစ်လုံးစီတိုး၍ အဆုံးအက္ခရာ၌ အစသတ်၍ ရေးရဖတ်ရသည်။

နမူနာမှာ ....

ကာစသည်လည် ပန်ဟုရင်မှတ်ခါ ဖျမ်းမြ စည်ဖူးရွက်၍ ရည်ဆွတ် သင့်သား ခတ်သည်ထူးပွင့် အသည်လ ...။

အဓိပ္ပာယ်မှာ ....

ဖူးရွက်စည်၍ မြရည်ဖျမ်းဆွတ် ခါသင့်မှတ်ထား ရင်ခတ်ဟုသည် ပန်းထူးလည် ပွင့်သည်အစသည်ကာလ

၃။ ရင်စေ့ရေးနည်း၊ ဖတ်နည်း

အရင်းတစ်လုံး အဖျားတစ်လုံး ဘယ်ပြန်ညာပြန်ဖတ်၍ အလယ်အက္ခရာတွင် အဆုံးသတ်ရလေသည်။ နမူနာမှာ ....

ရွှေတရွှေယက်တောင် ကြည်သာကား တဘွယ်ထက်သည် ကြက်ဘက်ဝ ....။

အဓိပ္ပာယ်မှာ ...

ရွှေဝတဘက်၊ ရွှေကြက်ယက်သည်၊ တောင်ထက်ကြည် ဘွယ်သာ တကား ...

ဟူ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၄။ ရင်ခွဲရေးနည်း။ ဖတ်နည်း
(ဖါးခွဲရေးနည်းနှင့် သဘောတူညီသည်)

နမူနာမှာ ....

သက်မယ်ပါနှင့် မဖက်ဖိရွှေ လက်ညှွန့်ပျက် တက်တော့အကယ်။

အမိပ္ပာယ်မှာ ....

ရွှေဖိလက်ဖက်၊ ညွှန့်မပျက်နှင့်၊ တက်ပါတော့မယ်၊ အသက်ကယ်။

ဟူ၍ဖြစ်သည်။

၅။ ပြေတက်သက် ရေးနည်း။ ဖတ်နည်း။

အစအက္ခရာမှ အနုလောမတစ်လုံးကျော် အဆုံးအက္ခရာနောက်အက္ခရာက ပဋိလောမတစ်လုံးကျော်ရေးဖတ်ရမည်။

နမူနာမှာ .....

ဆွေကားသိမူ၊ ခင်ဘိသည် နားမြင်သလျှင် ...။

အမိပ္ပာယ်မှာ ...

ဆွေသိခင်သည်၊ မြင်လျှင်သနား၊ ဘိမူကား ...

ဟူ၍ဖြစ်ပေသည်။

၆။ သုဝဏ္ဏလိပ်ရေးနည်း။ ဖတ်နည်း။

အဆုံးအက္ခရာ၏ရှေ့ဖြစ်သော အက္ခရာမှစ၍ ပဋိလောမအားဖြင့် အပြန်ဖတ်ပြီးလျှင် အဆုံးအက္ခရာ၌ အစသတ်၍ ရေးဖတ်ရသည်။

နမူနာမှာ ....





ကိုနယ်ရှုမည် မုန်းဂဆုံး ကြိုင်မွှေးပျံ့သည် ပေး၍ ကုံးလေး မြတ်မက်စုံနှင့် လက်ခင် သရက်ခေါက်ရည်း တင့်လည်းသော်ရပန်မှ။

အမိပ္ပာယ်မှာ ....

ပန်ရသော်လည်း တင့်ရည်းခေါက်ရက်၊ သခင်လက်နှင့် စုံမက်မြတ်လေး ကုံး၍ပေးသည်၊ ပျံ့မွှေးကြိုင်ဆုံး ဂမုန်းမည်ရှုနယ်ကိုမှ ...။

ဟူ၍ဖြစ်ပေသည်။

၇။ သမဏ္ဍလိပ်ရေးနည်း။ ဖတ်နည်း။

အဆုံးအက္ခရာသုံးလုံးမှစ၍ အနုလောမဖတ်ပြီးလျှင် နှစ်လုံးစီ နောက်သို့ဆုတ်၍ အစအက္ခရာသုံးလုံး၌ အစသတ်၍ ရေးဖတ်သည်။

နမူနာမှာ ....

ချမ်းလျက်နေ၊ ရင်ရွှေမြမြ၊ ဖူဖူဆောင်းနေ၊ ဝေးထွေလွမ်းတာ ခြားကွာရက်များ ရှည်လျားကြာထင်၊ ဆင်းမြသွင် ...။

အမိပ္ပာယ်မှာ ...

ဆင်းမြသွင်၊ ကြာတင်ရှည်လျား၊ ရက်များခြားကွာ၊ လွမ်းတာဝေးထွေ၊ ဆောင်းနေဖူဖူ၊ မြမြရင်ရွှေ၊ ချမ်းလျက်နေ ...။

ဟူ၍ဖြစ်သည်။

၈။ ခြသေ့်လည်ပြန်ရေးနည်း။ ဖတ်နည်း။

အဆုံးအက္ခရာမှစ၍ နှစ်လုံးကျော် အရင်းအက္ခရာမှာ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်၍ ပဋိလောမအားဖြင့် ပြန်ကာ ရေးဖတ်ရမည်။

နမူနာမှာ ....

နားတတ်ညာ၊ ကျုံးသရွေ ဆင်ရွှေမှည့်ပါ သည်ယှား နောက်ကြွေ စောင်းဝမှတွင်ရွှေ ...။

အဓိပ္ပာယ်မှာ ....

ရွှေဝနောက်ပါး၊ ဆင်တျုံးနားတွင်၊ စောင်းယှားမှည့်ရွှေ ညာမှကြွေ သည်၊ ရွှေသတတ်။

ဟူ၍ ဖြစ်ပေသည်။

၉။ မြေခွေးတွင်းတူးရေးနည်း၊ ဖတ်နည်း

အစအက္ခရာမှစ၍ အနုလောမအားဖြင့် သုံးလုံးဖတ်ပြီး လျှင် အဖျားအက္ခရာသုံးလုံးတွင် ရှေ့အက္ခရာကို ဆက်၍ဖတ်ရမည်။ နောက်တစ်ဖန် အကျန်အက္ခရာမှ ၎င်းနည်းအတိုင်း အဖျားအက္ခရာ ကို ဆက်၍ဖတ်ရမည်။

နမူနာမှာ ....

ရွှေစည်းခုံ၊ အုံလောက်ထူးကျောင်းသာ နန်းမြောက်ဆန်းနှိုက်။

အဓိပ္ပာယ်မှာ ....

ရွှေစည်းခုံမြောက်၊ အုံလောက်ထူးဆန်း၊ ကျောက်လာနန်းနှိုက်။

ဟူ၍ဖြစ်ပေသည်။

၁၀။ မနောဟရာရေးနည်း၊ ဖတ်နည်း





အဆုံးလေးလုံးအက္ခရာရှေ့ကစ၍ ပဋိလောမအစတိုင် အောင် ပြန်ကာ ပြန်ကာ သုံးလုံးကျော်ဖတ်ရမည်။

နမူနာမှာ ....

တို့ဝါဆင်းဖြူနတ်မျှ အဒန်းမှန်ချင်း ဇူသည်ပွင့်ရပ်မည် ဖန်တွင်းရှစ် ထွား။

အဓိပ္ပာယ်မှာ ...

မဉ္ဇူအဆင်း၊ ရပ်ရှစ်ချင်းမှ၊ ဝါတွင်းပွင့်မှန်၊ နတ်တို့ဖန်သည်၊ ဒန်ဖြူထွား။

ဟူ၍ဖြစ်ပေသည်။

၁၁။ အရာခပ်သိမ်း ရေးနည်း၊ ဖတ်နည်း

အစအက္ခရာ ငါးလုံးနောက်ကစ၍ အနုလုံပဋိလုံအားဖြင့် ရှေ့တိုးနောက်ဆုတ်ရေးစီဖတ်ရသည်။

နမူနာမှာ .....

ကျုံးယှားလုံးကာ ရွှေဆင်စောင်းနိုင် ညွှတ်တောင်နား၊ ရွှေမြှာ တည်းပါးတွင် ဝါသည်

အဓိပ္ပာယ်မှာ ...

ရွှေတောင်ပါး၊ ဆင်ကျုံးနားတွင်၊ စောင်းယှားရွှေဝါ နိုင်လုံးမြှာသည် ညွှတ်ကာတည်း။

ဟူ၍ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၂။ ရာဇမနော်ဟရာ ရေးနည်း၊ ဖတ်နည်း

အစအက္ခရာမှစ၍ ခြောက်လုံး၊ ခြောက်လုံးကျော်၍ ရေးရဖတ်ရသည်။

နမူနာမှာ ...

ပွင့်ကင့်ဆွတ်တင့် ပင်ဖက်ခါဖူး မိုးသော်ခိုင်မြင့် ဆွတ်သင့် ဆင့်နတ်လတ်လုံး ခက်သည်ပွင့်၍ ရေလတ်ပွင့် ညွတ်ပွင့် သည်ကောင်း ချမ်းလှသား ပန်းမှတ်နှင့်။

အဓိပ္ပာယ်မှာ ...

ပွင့်ဖူးဆင့်၍ ကောင်းကင့်မိုးနတ်၊ ရေချမ်းဆွတ်သော်၊ လတ်လတ်လှတင့်၊ ခိုင်လုံးပွင့်သား၊ ပင်မြင့်ခက်ညွတ်၊ ပန်းဖက်ဆွတ်သည်၊ ပွင့်မှတ်ခါသင့် ပွင့်သည်နှင့်။

ဟူ၍ ဖြစ်ပေသည်။

အထက်ပါ ဖော်ပြသော ရေးနည်းများမှာ စကားဝှက်ရေးနည်းဖတ်နည်းများဖြစ်ပေသည်။

ထို့ပြင် အက္ခရာလှယ်ရေးနည်းဖတ်နည်း၊ ဝိပရိတ် ရေးနည်းဖတ်နည်း၊ သတ္တအက္ခရာ ရေးနည်းဖတ်နည်း၊ သေလအက္ခရာရေးနည်း ဖတ်နည်း၊ ဒူးဂဏာန်း၊ ကျေးဂဏာန်း ရေးနည်းဖတ်နည်း၊ သကဋ စိတ္တ အက္ခရာ ရေးနည်းဖတ်နည်း၊ နှစ်လွှန်းတင် ရေးနည်းဖတ်နည်း၊ သုံးလွှန်း တင်ရေးနည်းဖတ်နည်း၊ ရွှေနပေထပ်ရေးနည်းဖတ်နည်း၊





န် ကောက်ရေးနည်းဖတ်နည်း၊ တံဆိပ်ညွှန့်ပေါ်အဝှက် ရေး
ဖတ်နည်း၊ ဝဲရိုက်ဝဲဆင်း ရေးနည်းဖတ်နည်း၊ အတုမရ အစမမြင်
နည်း ဖတ်နည်း၊ ပဓဥ်းထိုးလည်ပြန် ရေးနည်းဖတ်နည်း၊ ဒေါင့်ထဲ
န့် ရေးနည်းဖတ်နည်း၊ သံပေါက်ဒေါင့်ထဲတွန့် ရေးနည်းဖတ်နည်း၊
က်လှန်ရေးနည်းဖတ်နည်း၊ အက္ခရာပြောင်း၍ ရေးနည်းဖတ်
နည်း ဝါးမျက်မြင်ရေးနည်းဖတ်နည်း၊ ငပြေတက် သက်ရင်စေ့
ကောက်အယူ ရေးနည်းဖတ်နည်း၊ ဝါးခွဲရင်စေ့ အနုလုံ ပဋိလုံ
ကောက်ယူပုံ ရေးနည်းဖတ်နည်း၊ အရင်းကောက် ရေးနည်းဖတ်
နည်း လေးဆင့်ကောက် ရေးနည်းဖတ်နည်း၊ နံသင့်အက္ခရာကောက်
က် ရေးနည်းဖတ်နည်း၊ စက်ဂါထာရေးနည်းဖတ်နည်း၊ စကြာ
ကွှန်း ရေးနည်းဖတ်နည်း၊ စက်စာရေးနည်းဖတ်နည်း၊ ပြန်က
က်ရေးနည်း ဖတ်နည်း၊ ဒေါင့်ထဲတွန့် တစ်မျိုး ရေးနည်းဖတ်နည်း၊
ဉ်းကျောက် စာဒူးဂဏာန်း ရေးနည်းဖတ်နည်း အစရှိသည်ဖြင့်
က ပညာရှိများထားခဲ့သော ဝှက်စာရေးနည်းပေါင်းများစွာ ရှိလေ
သည်။

စာရေးသူအနေနှင့် စာဖတ်ပရိသတ်များအတွက် တစ်စုံတစ်ခု
ကျိုးရှိစေနိုင်သော ဗဟုသုတရစေနိုင်မည့် လျှို့ဝှက်စာရေးနည်း
ချို့ကို ရေးနည်းဖတ်နည်းနှင့်တကွ လျှို့ဝှက်ချက်များကို ဖော်ပြ
းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ကျန်ရှိနေသေးသော လျှို့ဝှက်ရေးနည်းများကို လည်း အလျဉ်းသင့်ပါက အခြားဝတ္ထုများ၌ ဖော်ပြပေးပါဦးမည်။

နီမောင်သည် မိန်းကလေးဆီမှ စာကိုဖတ်ပြီးသည်နှင့် ဖျော ဖျက်ပစ်လိုက်လေသည်။

"အတွင်းရောက်နေတဲ့ လျှို့ဝှက်အဖွဲ့သားတစ်ယောက်က သတင်းပို့ပေးလိုက်တာပဲ၊ ကျွန်တော်တို့လဲ မကြာခင်မှာ တစ္ဆေမြောင်ဘက်ကို ခရီးထွက်မလို့ ပြင်ဆင်နေကြတာပဲ"

"ဒီလိုဆိုရင် ကောင်းတာပေါ့၊ ပြင်ဆင်စရာရှိတာတွေကို ကြိုတင် ပြင်ဆင်လို့ရတာပေါ့"

"အခုလို စာလာပို့ပေးတာ ကျေးဇူးတင်ပါတယ်"

"ဒါက တာဝန်ပဲ၊ လုပ်ရမှာပေါ့"

"ဒါထက် ခင်ဗျားက ကျွန်တော့်နာမည်ကို သိနေတယ်၊ ကျွန်တော်ကတော့ ခင်ဗျားနာမည်ကို မသိသေးဘူး။ အပန်းမကြီးဘူးဆိုရင် နာမည်လေးပြောပြပါလား"

မိန်းကလေးက တစ်ချက်ပြုံးလိုက်သည်။

"ကျွန်မနာမည် မြဆင့်ဝေပါ"

"နာမည်က အတော်လှပါတယ်၊ လူနဲ့နာမည်နဲ့လဲ လိုက်ပါတယ်"

နီမောင့်စကားကြောင့် မြဆင့်ဝေက မျက်လွှာချသွားပြီး ထပ်





ပြုံးပြန်သည်။

"အတိုက်အခိုက်ကောင်းတဲ့လူတစ်ယောက်ဆီမှာ လူတစ် တ်သား သဘောကျကျေနပ်လောက်တဲ့ စကားလုံးမျိုးတွေလဲ ရှိနေတာပဲနော်"

"တိုက်ခိုက်ရေးသမားမှာလဲ အလှအပရဲ့အမှန်တရားကို ခံစားတတ်ပါတယ်"

"ကိုနီမောင်က စကားပြောတာ အတော်ကောင်းတာပဲ"

"အမှန်တရားကို ပြောတာပါ"

"ဒါထက် ကိုနီမောင်တို့ ဘယ်အချိန် ခရီးစထွက်ကြမှာလဲ"

မြဆင့်ဝေက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"မကြာခင် သွားဖို့ အဆင်သင့်ဖြစ်နေပြီ မြဆင့်ဝေ၊ တစ်ခါတည်းလိုက်ခဲ့မှာလား"

"အမှတ်တစ်ခေါင်းဆောင်ကတော့ ကျွန်မကို ကိုနီမောင်တို့နဲ့ ပြန်လိုက်လာဖို့ မှာလိုက်ပါတယ်၊ ကျွန်မအတွက်နဲ့တော့ အနှောင့်အယှက်မဖြစ်တန်ပါဘူးနော်"

"တာဝန်တစ်ခုနဲ့ရောက်လာတဲ့လူတစ်ယောက်ကို အနှောင့်အယှက်တစ်ခုလို့တော့ တစ်ခါမှ မမြင်မိပါဘူး။ မြဆင့်ဝေပါလာတော့ ကျွန်တော်တို့အတွက် ပိုကောင်းတာပေါ့'

ထိုစကားပြောလိုက်စဉ်မှာ နီမောင်မျက်နှာပေါ်မှာ အပြုံးရိပ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်သမ်းသွားသည်ကို အကင်းပါးသော မြဆင့်ဝေက သတိပြုမိလိုက်သည်။

"ဘယ်လိုကောင်းတာလဲ"

"အဖော်ရတယ်လို့ ပြောတာပါ။ ကဲ .. ကျွန်တော်တို့ သွားကြရအောင်"

ဟု ပြောကာ ဂူပေါက်ဝမှ ကျောက်ပြားကိုပြန်ဖွင့်ကာ နှစ်ယောက်သား အပြင်သို့ ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ဘက်၌ ရာသီဥတုက သာယာလျက်ရှိနေသည်။

❏ ❏ ❏





အခန်း (၁၀)

## ဦးမွန်တော်နှင့် မရဏာဝိညာဉ်အရုပ်

နီမောင်တို့တစ်တွေ ရိုးမသစ်တောစခန်းမှထွက်လာကြတော့ စုစုပေါင်း လူနှစ်ဆယ်ခန့်ရှိလေသည်။ ပစ္စည်းများဆောင်ရန် ဆင်နှစ်ကောင်ပါလာသဖြင့် ဆင်ဦးစီးအချို့လည်း ပါလာကြသည်။

၎င်းတို့၏ဦးတည်ချက်မှာ တစ္ဆေမြောင်ရွာသို့ ရောက်အောင် သွားကြပြီး ထိုရွာမှာ စခန်းချပြီးမှ တစ္ဆေမြောင်လိုဏ်ဂူသို့ ခရီးဆက်ကြရန်ဖြစ်သည်။

ရိုးမစခန်းနှင့် တစ္ဆေမြောင်ရွာမှာ မိုင်လေးဆယ်ကျော်ခန့် ဝေး



www.burmeseclassic.com

www.burmeseclassic.com



ကွာလေရာ ကြမ်းတမ်းသော တောလမ်းခရီးများဖြစ်သောကြောင့် ထင်သလောက် ခရီးမပေါက်ကြပေ။ ဆင်များပါသဖြင့် ထင်တိုင်းသွား၍မရပေ။ လူများအတွက်က တော်ရုံတောင်ကုန်း၊ တောင်တန်း ချောက်ကမ်းပါး စသည်တို့ကို သင့်သလို ကူးသန်းသွားနိုင်ကြသော်လည်း ဆင်များအတွက်ကတော့ လမ်းကောင်းမှ သွား၍ ရပေသည်။

ဆင်များ သွားနိုင်သောလမ်းများကို ရွေးချယ်သွားနေရသောကြောင့် ခရီးကြန့်ကြာရခြင်းဖြစ်လေသည်။ ထိုမျှဝေးလံသော ခရီးကို သွားရာတွင် ဆင်များမပါလျှင်လည်း မပြီးပေ။

အသုံးအဆောင်ပစ္စည်းများကို ဆင်များပေါ်မှာတင်၍ သွားခြင်းဖြင့် လူများအတွက် လွတ်လပ်စွာ သွားလာနိုင်ပေသည်။ ရိုးမတောသည် အန္တရာယ်အလွန်များသော နေရာဖြစ်သည်။ တောထဲတွင် လူကို အန္တရာယ်ပေးနိုင်သော သတ္တဝါမျိုးစုံတို့ နေကြသည်။

ဆင်ရိုင်းအုပ်များ၊ တောကောင်ကြီးများ၊ ဝက်ဝံ၊ မျောက်ဝံနီ လူဝံ အစရှိသည်တို့ များစွာ ရှိကြလေသည်။ နေရာမရွေး အချိန်မရွေး လူကို အန္တရာယ်ပေးနိုင်လေသည်။ သို့ကြောင့် ခရီးလမ်းတစ်လျှောက်လုံး သတိဝီရိယကြီးစွာထား၍ သွားကြရသည်။

သူတို့အဖွဲ့သည် တောတွင်းမှာ ညအိပ်ရသောအခါများတွင် ဂူများတွေ့လျှင် ဂူများအတွင်း ဝင်အိပ်ကြပြီး ဂူမတွေ့လျှင် သင့်တော်သောနေရာများကို ရွေးချယ်၍ မီးပုံကြီးများဖို၍ အိပ်ကြသည်။





ပထမတစ်ည တောတွင်းမှာအိပ်စဉ်က အခြေအနေမထူးခြားသော်လည်း ဒုတိယည တောနက်တွင်း၌ စခန်းချနေကြစဉ် အန္တရာယ်အရိပ်အငွေ့များကို စတင်တွေ့ကြရသည်။

“ကိုနီမောင်၊ ညက စခန်းချနေကြတဲ့နေရာနဲ့ ခပ်ဝေးတဲ့နေရာမှာ ကြောက်စရာကောင်းတဲ့ လူဝံနီတွေ တွေ့လိုက်ရတယ်”

ဟု ညပိုင်းကင်းစောင့်သူတစ်ယောက်က ပြောသည်။

“သေချာလို့လားကွ”

“သေချာပါတယ်၊ သစ်ကိုင်းတွေလှုပ်နေတာမြင်လို့ မသင်္ကာတာနဲ့ လက်နှိပ်မီးနဲ့ထိုးကြည့်လိုက်တာ ကြောက်စရာကောင်းတဲ့ သူတို့မျက်နှာကြီးတွေကို လှမ်းမြင်လိုက်ရတယ်”

“တောထဲမှာ လူဝံနီဆိုတာ ကြောက်စရာအကောင်းဆုံးသတ္တဝါတွေထဲမှာပါတယ်၊ အားလုံး သတိဝီရိယနဲ့ သွားကြလာကြဟေ့”

ဟု မိမိတို့လူများအား သတိပေးလိုက်လေသည်။

တကယ်တော့ တောနက်များထဲတွင် ကျက်စားသော တောခိုင်းတိရစ္ဆာန်များထဲတွင် လူဝံနီ၊ မျောက်ဝံနီတို့မှာ ကြောက်စရာအကောင်းဆုံးသတ္တဝါများဖြစ်ကြလေသည်။

၎င်းတို့အကြောင်းကို ဖော်ပြထားသော The Ape world (ခေါ်) စာအုပ်နှင့် Asianwild Animal (ခေါ်) စာအုပ်၊ Half inm ar of Malay and Barngo (ခေါ်) စာအုပ်များထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဘမ္ဘာပေါ်တွင် လူဝံသုံးမျိုးရှိကြောင်း ဖော်ပြထားလေသည်။

ပထမအကြီးစားလူဝံသည် အာဖရိကတိုက်ရှိ ဘယ်ဂျီယံကွန်ဂိုနယ်၌ရှိသော Gorilla လူဝံကြီးမျိုး။ ဒုတိယလူဝံမျိုးမှာ အာရှတိုက်ရှိ မလေးရှားနိုင်ငံ ဂျဗား၊ ဘော်နီယိုနှင့် ယိုးဒယား၊ မြန်မာပြည်ရှိ တောနက်ကြီးများအတွင်း၌ နေထိုင်လေ့ရှိသော oran outang အူရင့်အူတန် (မလေးဘာသာစကား) ဟု ခေါ်သည့် မြန်မာအခေါ် တောလူဟု ခေါ်ကြသော လူဝံကြီးမျိုးနှင့် တတိယလူဝံမျိုးမှာ Chimpanzee ချန်ပန်ဇီ ခေါ် လူဝံခြေယော်စားမျိုးတို့ဖြစ်ကြလေသည်။

အူရင့်အူတန် (ခေါ်) တောလူဟု အမည်တွင်သည့် လူဝံများသည် ခွန်အားဗလ သွန်စွာကြီးသလောက် လူကဲ့သို့ အသိဉာဏ်ရှိခြင်း၊ သွေးရင်းသားရင်းကို သံယောဇဉ်ကြီးခြင်း၊ ရက်စက်ခြင်း သတ္တိရှိခြင်း အစရှိသော အချက်တို့မှာ လူနှင့်တူသောအချက်များစွာ ရှိသဖြင့် မလေးလူမျိုးများက ၎င်းတို့ဘာသာဖြင့် အူရင့်အူတန် (တောလူ) ဟု အမည်ပေးထားကြခြင်းဖြစ်ပေသည်။

တောလူဟုခေါ်သော အနီရောင်အဆင်းရှိသည့် လူဝံမျိုးမှာ ၎င်းတို့ကို အန္တရာယ်ပြုထားပါက ရန်သူကို မဖြစ်မနေ လိုက်လံသုတ်သင်လေ့ရှိသည်။ အမှတ်သည်းခြေကြီးသောကြောင့် တစ်ကြိမ်ရန်မူခံထားရလျှင် တောထဲဝင်လာသမျှ တွေ့သမျှလူကို လိုက်လံရန်ပြုလေ့ရှိကြသည်။





ဝါရင့်မုဆိုးကြီးများကတော့ တောလူ ဟုခေါ်သော လူဝံနီများနှင့်တွေ့လျှင် အဝေးမှ ရှောင်သွားလေ့ရှိသည်။ အကယ်၍ မလွှဲမရှောင်သာ ရင်ဆိုင်ကြုံတွေ့ပါက ချောက်လှန့်မောင်းနှင်ရုံလောက်သာ သေနတ်များကိုအသုံးပြုပြီး ၎င်းတို့အားထိမှန်အောင် မပစ်ခတ်ကြပေ။

မုဆိုးဝါမရင့်သေးသူများကတော့ ထိုသတ္တဝါများနှင့် ရင်ဆိုင်ကြုံတွေ့လျှင် မိမိတို့ကို ရန်မူမည်အထင်နှင့် သေနတ်ဖြင့် ထိမှန်အောင် ပစ်ခတ်ကြလေသည်။ လူဝံနီများမှာ ထိုကဲ့သို့ သေနတ်ဖြင့် အပစ်ခံရပါက အငြိုးထားကာ တွေ့သမျှလူကို လိုက်လံရန်ပြုတတ်ပေသည်။

တစ်ခါက ရှေ့လီနယ်ဘက်မှ သစ်တောအတွင်း၌ မုဆိုးတစ်ယောက်က လူဝံနီမတစ်ကောင်ကို သေနတ်ဖြင့် ပစ်ခတ်လိုက်လေသည်။ ထိုအခါ အခြားလူဝံနီများပါရောက်လာပြီး တွေ့သမျှလူများကို လိုက်လံ၍သတ်ဖြတ်ရာ ရွာပျက်၍ ထွက်ပြေးခဲ့ရသော အဖြစ်အပျက်တစ်ခုရှိခဲ့လေသည်။

အများအားဖြင့်တော့ လူဝံနီများမှာ သာမန်အခြေအနေအတိုင်းဆိုပါက လူများနှင့်တွေ့သော်လည်း အကြောင်းမဲ့ရန်မူလေ့မရှိကြဘဲ သူ့သဘာဝအလျောက် အေးဆေးစွာ နေလေ့ရှိကြသည်။

လူများရှိရာသို့ ချဉ်းကပ်လာပြီဆိုလျှင်တော့ ၎င်းတို့ဟာ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြုလုပ်ထားသဖြင့် ရန်မူရန်ချဉ်းကပ်လာခြင်းပင်ဖြစ်လေသည်။

"လူဝံနီတွေဟာ သူတို့သဘာဝအလျောက်ဆိုရင် လူတွေနဲ့ ဝေးဝေးနေလေ့ရှိတယ်၊ လူတွေရှိရာကို ချဉ်းကပ်လာပြီဆိုရင်တော့ ရန်မူချင်လို့ဆင်းလာတာဖြစ်ရမယ်၊ အားလုံး သတိဝီရိယနဲ့ နေကြ"

ဟု နီမောင်က မိမိလူများကို မှာကြားထားလေသည်။

နောက်တစ်နေ့တွင် ရှေ့သို့ ခရီးဆက်ကြလေသည်။ ရိုးမတောထဲတွင် အခြားရွာကလေးများတွေ့သောအခါ ထိုရွာကလေးများမှာ ဝင်နားကြသည်။

ထိုနေရာများမှာ ရွာဟုသာဆိုရသော်လည်း သစ်တောအလုပ်သမားများ စုဝေးနေထိုင်သော တဲစုကလေးများသာဖြစ်လေသည်။ ထိုနေရာများရောက်၍ အခြေအနေစုံစမ်းကြည့်သောအခါ လူဝံနီများ မကြာခဏ ရောက်လာပြီး အန္တရာယ်ပေးတတ်သောကြောင့် သတိဝီရိယထားကာ နေရကြောင်း ပြောပြကြသည်။

ထိုနေရာမှ ခရီးဆက်ကြရာ နောက်တစ်နေ့တွင် ဆင်မတောင်ရွာသို့ ရောက်သွားကြသည်။ ထိုရွာကတော့ တောထဲမှာတည်ထားသောရွာဖြစ်စေကာမူ အတန်အသင့်ကြီးသော ရွာတစ်ရွာဖြစ်လေသည်။

ရွာလူကြီးမှာ နီမောင်တို့နှင့် သိကျွမ်းသူဖြစ်သောကြောင့် ဝမ်းသာအားရဆီးကြိုကာ တည်းခိုရန် နေရာထိုင်ခင်းများ စီစဉ်ပေးလေသည်။





"ခင်ဗျားတို့ရောက်လာတာ အတော်ပဲ၊ ရွာကလူတွေတော့ အတော်ကလေးဒုက္ခရောက်နေကြတယ်၊ အလုပ်ကိုတောင် ဖြောင့်အောင် မလုပ်ဝံ့ကြအောင်ဖြစ်နေပြီ"

"ဘာ့ကြောင့်လဲဗျ"

"တခြားဟုတ်ပါရိုးလားဗျာ၊ လူဝံနီတွေ အုပ်စုလိုက်ရောက်လာပြီး နှိပ်စက်နေကြလို့ပေါ့"

"ဒီသတ္တဝါတွေက အကြောင်းမဲ့တော့ လူကို ရန်မရှာကြပါဘူး၊ ဘယ်လိုများဖြစ်ရတာလဲ"

"မပြောချင်တော့ပါဘူးဗျာ၊ တလောက ဂျပန်စစ်သားတွေ ရောက်လာပြီး ဝင်မွှေသွားတာပေါ့၊ လူဝံနီသွေးကိုသောက်ရင် အားရှိတယ်ဆိုပြီး တွေ့သမျှ သေနတ်နဲ့ လိုက်ပစ်ကြတော့တာပဲ၊ သူတို့လဲပြန်သွားရော အခုလို တစ်အုပ်တစ်မကြီးရောက်လာပြီး လူတွေကို ဒုက္ခလိုက်ပေးတော့တာပါပဲဗျာ"

ဟု ပြောပြသည်။

"အခု အခြေအနေက ဘယ်လိုရှိသလဲ"

"တောတက်တဲ့လူကိုတွေ့ရင် အုပ်စုလိုက်ကြီး ရောက်လာပြီး ဝိုင်းသတ်ကြတော့တာပါပဲ၊ ညဘက်ဆိုရင်လဲ ဘယ်သူမှ ကောင်းကောင်းမအိပ်ဝံ့ကြပါဘူး၊ မှောင်တာနဲ့ သူတို့ရောက်လာကြတော့တာပါပဲ၊ ရောက်တုန်း အကူအညီပေးနိုင်ရင် ကူညီပေးခဲ့ကြပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းပြန်ပြောဆိုကြလေသည်။

"ဒီလောက်လဲ မစိုးရိမ်ကြပါနဲ့လေ၊ ကျွန်တော်တို့ရောက်ဘုန်း အကူအညီပေးခဲ့ပါ့မယ်"

ဟု ပြောဆိုကာ အချင်းချင်းတိုင်ပင်ကြရလေသည်။

"တောလူတွေက အမှတ်သညာ အင်မတန်ကြီးတဲ့အကောင်မျိုးတွေ၊ သူတို့ကို ဒုက္ခပေးထားလို့ ကျန်တဲ့လူတွေကိုလိုက်ပြီး ဒုက္ခပေးနေတာ သေချာတယ်၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ကျုပ်တို့မှာ သေနတ်တွေပါလာတယ်ဆိုပေမယ့် သူတို့ကို သေနတ်နဲ့ပစ်လို့တော့ မဖြစ်ဘူး၊ သူတို့ကို သေနတ်နဲ့ပစ်ရင် ကျုပ်တို့နောက်ကို တကောက်ကောက်လိုက်ပြီး အန္တရာယ်ပြုမှာလဲ စိုးရသေးတယ်'

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီကောင်ကြီးတွေ နောက်တစ်ကြိမ် ဒီနေရာမလာဝံ့အောင် လူတွေကို အန္တရာယ်မပြုဝံ့တော့အောင် လုပ်ရမှာပေါ့"

ဟု ဦးမွန်ထော်က ပြောသည်။

"ဘယ်လိုစီမံမှာလဲ"

"စိတ်မပူပါနဲ့၊ ဒီကိစ္စ ကျုပ်ကြည့်ပြီးစီစဉ်လိုက်ပါ့မယ်"

ဟု ပြောကာ လူအချို့ကိုခေါ်၍ လိုအပ်သောပစ္စည်းများ ရှာဖွေခိုင်းလေသည်။ ၎င်းပစ္စည်းများမှာ အခြားမဟုတ်ပေ။ လဲမှို





ကောက်ရိုး၊ အဝတ်စုတ်များနှင့် တခြားပစ္စည်းများဖြစ်လေသည်။

ထိုပစ္စည်းများကို အသုံးပြု၍ လူနှင့်ပုံပန်းသဏ္ဌာန်တူသော အရုပ်များ ပြုလုပ်လေသည်။ ထိုအရုပ်များထဲတွင် အဆံမပါသောမိုင်း များ ထည့်မြှုပ်ထားလေသည်။ အရုပ်ကြီးများကို အဝတ်နက်များ ဝတ်ဆင်ပြီးသောအခါ ထိလိုက်သည်နှင့် ဘပ်နေစေရန် ကော်များ သုတ်ထားလေသည်။

ပို၍ သဘာဝကျစေရန် ထိုအရုပ်ကြီးများလက်ထဲတွင် သေနတ်နှင့်တူသောအရာများပါ ထည့်ပေးထားလိုက်သည်။ ထိုသို့ ပြုလုပ်ပြီးသောအခါ အရုပ်ကြီးများကို ရွာနှင့်မနီးမဝေးတောစပ်၌ ထောင်ထားလေသည်။ မလှမ်းမကမ်းနေရာမှာလည်း မီးပုံအချို့ ဖိုထားပေးလေသည်။

ညဦးအချိန်ရောက်သောအခါ အချို့ကအိပ်ကြပြီး အချို့ကတော့ လကဖက်ရည်ကြမ်းသောက်ရင်း ထိုင်စောင့်နေကြလေသည်၊ ညဦးနကိုပိုင်းရောက်လာတော့ အိပ်တန်းတက်နေကြသော ငှက်များ အလန့်တကြား ထပျံသံများနှင့်အတူ တောတိုးသံများကို အရင်ကြားရသည်။

လှုပ်ရှိများ လှုပ်ရှက်စွာ လာနေကြသောအသံဖြစ်သည်။ လရောင်အနည်းငယ်ရှိသဖြင့် ပတ်ဝန်းကျင်ကို အတန်အသင့် လှမ်းမြင်နိုင်သည်။ မှုန်ဝါးဝါးအလင်းရောင်အောက်မှာ သစ်ပင်သစ်ကိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ယမ်းနေသည်ကို လှမ်းမြင်ကြရသည်။

"သူတို့ လာနေကြပြီ"

ရွာသားတစ်ယောက်က ပြောသည်။ လှမ်းကြည့်လိုက်တော့ မည်းမည်းသဏ္ဍာန်ကြီး၏လှုပ်ရှားမှုများကို ဝိုးတဝါးလှမ်းမြင်နေရသည်။

လူဝံနီများသည် မီးဖိုများမှအလင်းရောင်ဖြင့် တောစပ်၌ ထောင်ထားသောလူရုပ်များကို မြင်တွေ့သွားကြသည်။

၎င်းတို့က ထိုအရုပ်များကို လူများစောင့်နေသည်ဟု ထင်မှတ်ကာ တောတွင်းမှ လျှို့ဝှက်စွာ ချဉ်းကပ်လာကြသည်။ အနီးသို့ ရောက်သော် အရုပ်များလက်ထဲတွင် တပ်ထားသော သေနတ်သဏ္ဍာန်တုတ်ချောင်းများကို လျင်မြန်စွာ လုယူပြီး တစ်စစီဖြစ်အောင် ရိုက်ချိုးလိုက်ကြသည်။ ပြီးမှ လူရုပ်များကို ခါးမှ ကိုင်ယူလိုက်သည်။

ထိုသို့ ကိုင်လိုက်သည်နှင့် ဦးမွန်ထော်စီမံထားသော ကျွဲကော်များက လူဝံနီများ၏ အမွေးကိုကပ်သွားရာ ပြန်ခွာ၍မရဘဲ တွဲလောင်းကြီးကပ်နေတော့သည်။ ထိုသို့ကပ်နေသောအခါ ဒေါသတကြီးဖြင့် လက်များ ခြေများကို ဆွဲဖြုတ်ခြင်း၊ ဦးခေါင်းနေရာများကို ဆွဲဖြုတ်ခြင်း ကိုယ်ခန္ဓာများကို အပိုင်းပိုင်းဖြစ်အောင် လိမ်ချိုးရာ အရုပ်များ၏ ကိုယ်အတွင်း၌ ဝှက်ထားသောမိုင်းအချို့က ထပေါက်လေ





တော့သည်။

"ဝုန်း ... ဝုန်း ... ဝုန်း"

မိုင်းထုပ်များ၏ အနီးကပ်ပေါက်ကွဲမှုကြောင့် လူဝံနီများမှာ ကြောက်လန့်တကြားဖြစ်ကာ စူးစူးဝါးဝါးအော်လျက် တောတွင်းသို့ ဝင်ပြေးကြလေတော့သည်။ ထိုမြင်ကွင်းကိုကြည့်ပြီး နီမောင်တို့တစ်တွေမှာ တဝါးဝါးနှင့် သဘောကျနေတော့သည်။

ထိုသို့ဖြစ်ပြီးနောက် လူဝံနီများ နောက်တစ်ကျော့ ပြန်မလာခဲ့ကြတော့ပေ။ နီမောင်တို့လည်း နောက်တစ်နေ့မနက်စောစောတွင် ဆင်မတောင်ရွာမှ ခရီးဆက်ကြရာ နေ့လယ်ဘက်တွင် တောင်ကြောတစ်ခုပေါ်တွင် ခေတ္တနားကာ အစားအသောက်များကို ချက်ပြုတ်စားသောက်ကြလေသည်။

ထိုသို့ စားသောက်နေရင်းမှ ညက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောဆိုနေကြသည်။

"အဘ ဦးမွန်ထော်၊ ညက စီမံတာကတော့ ဟန်ကျတယ်ဗျာ၊ လူဝံနီတွေ တစ်ချိုးတည်း ထွက်ပြေးကုန်တော့တာပဲ"

"အဲဒါက ပသျှူးလူမျိုးတွေ အသုံးပြုတဲ့နည်းတွေပဲ၊ ပသျှူးတွေကတော့ ပေါက်ကွဲစေတတ်တဲ့ပစ္စည်းတွေထဲမှာ ယမ်းမှုန့်တွေ ပါထည့်တော့ လူဝံတွေတင်မဟုတ်ဘူး၊ ဒီအရုပ်တွေကို ထိမိကိုင်မိတဲ့ တိရစ္ဆာန်မှန်သမျှ အသက်ဆုံးရှုံးကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တယ်လဲ ဆန်းကြယ်ပါလား"

"လူဝံ မျောက်ဝံတွေက သူတို့စိမ်ထားတဲ့အရုပ်တွေကို လူတွေ မှတ်ပြီး ဝင်ရောက်တိုက်ခိုက်တာနဲ့ ယမ်းထုပ်တွေထပေါက်ပြီး သေကြေပျက်စီးကြရတယ်"

"အချို့ဆင်ရိုင်းကြီးတွေဆိုရင် အရုပ်တွေကို လူလို့ထင်ပြီး မြေပေါ်ချပြီးနင်းတော့ ယမ်းထုပ်တွေပေါက်ပြီး သေကြတော့ အလွယ်တကူဖမ်းနိုင်ကြတယ်"

"လူတွေရဲ့အကြံကတော့ ဘယ်တိရစ္ဆာန်မှ မခံနိုင်ကြဘူး"

"ဘယ်ခံနိုင်မှာလဲ၊ တိရစ္ဆာန်တွေက ရန်သူကိုတိုက်ခိုက်တဲ့အခါမှာ ရှိ... ခွန်အားသုံးပြီး ရိုးရိုးပဲတိုက်တာကိုး၊ သူတို့မှာ ရွေးချယ်စရာနစ်လမ်းပဲရှိတယ်၊ နိုင်ရင် စားမယ်၊ ရှုံးရင် အသက်ပေးရတယ်၊ သူတို့ယှဉ်ပြိုင်တာက တရားမျှတပါတယ်"

ထိုစကားကြားသောအခါ နီမောင်က ....

"အဘဆိုလိုတဲ့သဘောက လူတွေနဲ့ယှဉ်တဲ့အခါမှာ သူတို့ဘက်က တစ်ပန်းရှုံးနေတယ်လို့ ဆိုချင်တာလား"

ဟု မေးလိုက်သည်။

"မှန်တာပေါ့ မောင်နီမောင်ရယ်၊ လူတွေက ဉာဏ်ရှိတော့ ရင်ဆိုင်တိုက်ခိုက်တာထက် ပရိယာယ်သုံးပြီး တိုက်ခိုက်တာက များပါတယ်၊ လူနဲ့တိရစ္ဆာန် ရင်ဆိုင်တိုးမိရင်တောင် လူတွေဆီမှာ





လက်နက်တစ်ခုတော့ အနည်းဆုံးပါကြတယ်မဟုတ်လား၊ မင်းစဉ်းစားကြည့်လေ၊ အားကောင်းတဲ့ သေနတ်တော... ပြီး သားကောင်ဖမ်းလို့ရတာကို ဂုဏ်ယူစရာမှမဟုတ်တာ"

"အဘပြောတာတော့ မှန်ပါတယ်၊ ဒါပေမယ့် တောရိုင်းတိရစ္ဆာန်တွေမှာ သဘာဝကပေးတဲ့ စွမ်းအားလက်နက်တွေရှိကြတယ်၊ လူတွေမှာ အဲဒီလိုလက်နက်မှမရှိကြတော့ ဉာဏ်နဲ့သုံးပြီး တိုက်ရတာပေါ့၊ ဒီလိုတိုက်ခိုက်ကြတော့ ဆင်လိုအင်အားကြီးမားတဲ့ သတ္တဝါမျိုးကို ဒီတိုင်းလက်ချည်းသက်သက်နဲ့ တိုက်လို့မှမရတော့ သူ့ကိုနိုင်လောက်တဲ့လက်နက်မျိုးကို သုံးရမှာပေါ့"

"မှန်တာပေါ့ကွယ်၊ လူလို အကောင်သေးသေးလေးက ဆင်လိုအကောင်ကြီးတွေကို အသေသတ်နိုင်တယ်၊ ချွန်းတစ်လက်ကိုင် ပြီး ဆင်ခေါင်းပေါ် တက်စီးပြီး ခိုင်းချင်ရာခိုင်းနိုင်တယ်ဆိုတာ လက်နက်အစိကမဟုတ်ဘူး၊ ဉာဏ်နဲ့သုံးပြီး တိုက်ခိုက်လို့ရတာပေါ့၊ တခြားမကြည့်နဲ့ ငါတို့ထက် လက်နက်အင်အားရော လူအင်အားပါသာတဲ့ အင်္ဂလိပ်နယ်ချဲ့တွေကို ငါတို့မြေပေါ်က နှင်ထုတ်နိုင်တယ်ဆိုတာ အဲဒီလိုဉာဏ်ကူပြီး တိုက်လို့နိုင်တာပေါ့ကွာ"

"ဒါတင်ဘယ်ကမလဲ အဘရဲ့၊ အခု ဂျပန်တွေကိုလဲ ဒီနည်းသုံးပြီး နှင်ထုတ်ကြရဦးမှာ၊ ဒါထက် စောစောက အဘပြောတဲ့အထဲမှာပါတဲ့ ပဿျူးတွေသုံးတဲ့ အရုပ်က ဘာအရုပ်လို့ခေါ်သလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မရဏဝိညာဉ်အရုပ်လို့ ခေါ်တယ်၊ ထိလိုက်တာနဲ့ သေစေနိုင်လို့ ဒီလိုနာမည်မျိုးပေးထားတာဖြစ်မှာပေါ့ကွာ"

"ဒီနည်းက တစ်ချိန်ချိန်မှာ ကျွန်တော်တို့အတွက် အသုံးဝင်ရင် ဝင်လာနိုင်တာပေါ့ အဘရာ"

ဟု ပြောဆိုကာ စားသောက်ပြီးကြသည်နှင့် အချိန်ရှိခိုက် ခရီးဆက်ကြမြန်လေသည်။

❑ ❑ ❑





အခန်း (၁၁)

## လှုဝ်နီတို့အန္တရာယ်

၎င်းတို့ နေ့လယ်ဘက်နားသောနေရာမှာ ဆင်မတောင်ရွာနှင့် တစ္ဆေမြောင်ရွာကြားနေရာလောက်ဖြစ်သဖြင့် နေ့လည်ဘက်အချိန် ခရီးပြန်ထွက်ကြရာ ညနေပိုင်းအချိန်လောက်တွင် တစ္ဆေမြောင်ရွာသို့ အတော်နီးသည့်နေရာသို့ ရောက်ကြလေသည်။ အကယ်၍ မနားဘဲ ခရီးဆက်ကြလျှင် ညဦးပိုင်းအချိန်လောက်တွင် တစ္ဆေမြောင်ရွာသို့ ရောက်သွားသည်။

"မောင်နီမောင်၊ ငါတို့အဖွဲ့တွေ လမ်းမှာနားနေမယ့်အစား ခရီးဆက်လိုက်ရင် တစ္ဆေမြောင်ရွာကိုရောက်နိုင်တယ်၊ ဟိုရောက်မှပဲ အေးအေးဆေးဆေး နားကြမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ဒဘာ၊ ရွာရောက်တော့ အေးအေးဆေးဆေး နေလို့ရတာပေါ့၊ ဟိုကလူတွေနဲ့လဲ တိုင်ပင်စရာရှိတာ တိုင်ပင်ရတာပေါ့၊ ဒါပေမယ့် လမ်းမှာ လျှိုတစ်ခုတော့ ဖြတ်သွားရမယ်ထင်တယ်"

"ဟုတ်တယ်၊ အဲဒီလျှိုကိုဖြတ်ပြီး အပေါ်တက်သွားမှ ရွာကို ရောက်မှာ၊ ဘာပဲဖြစ်ဖြစ် တောထဲမှာ အိပ်နေတာနဲ့စာရင် ခရီးဆက်ကြတာ ပိုကောင်းပါတယ်၊ ဒါပေမယ့် တို့အဖွဲ့မှာ မိန်းကလေးတစ်ယောက်ပါနေတော့ မင်းပဲ ဂရုစိုက်လိုက်ပါကွာ"

ဦးမွန်ထော်က ရိုးရိုးသဘောနဲ့ပဲ ပြောသလား၊ ဒါမှမဟုတ် တမင်ပဲပြောသလားတော့ မသိပေ။ နီမောင့်စိတ်ထဲမှာတော့ မလုံမလဲဖြစ်သွားလေသည်။

ပြောသည့်အတိုင်းပင် အမှောင်ရိပ်သမ်းသော တောလမ်းများအတွင်းမှ ခရီးဆက်ကြသောအခါ မျှားစွာ သတိထားကြရသည်။ နေ့လည်ဘက်အချိန်က အလင်းရောင်ရှိသဖြင့် မထောင်းတာသော်လည်း ညအချိန်ကတော့ အမှောင်ရိပ်အတွင်းမှ အန္တရာယ်များက အချိန်မရွေး ထွက်လာနိုင်ပေသည်။

သာမန်တောကောင်များ၏အန္တရာယ်ကို သတိထားနေကြရသလို ညအချိန်မတော်ရောက်မှ ထွက်လာတတ်သော ပရလောကနာနာဘာ၀တို့၏လှည့်စားမှုမခံရစေရန်လည်း ဂရုပြုကြရလေသည်။

နီမောင်ကတော့ အမှောင်ရိပ်သမ်းလာပြီး အရေးကြီးလာသော





အချိန်မို့ မြဆင့်ဝေကို စောင့်ရှောက်၍ ခေါ်လာရလေသည်။ မြဆင့်ဝေမှာ သာမန်မိန်းကလေးတစ်ယောက်မဟုတ်သလို ကြောက်ရွံ့တတ်သူမဟုတ်စေကာမူ ယခုကဲ့သို့ အမှောင်ရိပ်များ ဖုံးစပြုနေသော တောနက်အတွင်း၌ ခရီးသွားရသဖြင့် စိုးရိမ်နေဟန်တော့ရှိသည်။

"ကျွန်မတို့သွားမယ့် တစ္ဆေမြောင်ရွာက အဝေးကြီးလားကိုနီမောင်"

"သိပ်တော့ မဝေးလှတော့ပါဘူး၊ ကျွန်တော်ကို ညဦးပိုင်းအချိန်သာသာလောက်တော့ ရောက်သွားကြမှာပါ၊ မြဆင့်ဝေကြောက်နေလို့လား"

"ကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမယ့် အခုလိုမှောင်နေတဲ့ တောနက်ထဲမှာ ခရီးမသွားဖူးတော့ နည်းနည်းတော့ စိုးရိမ်နေသလိုပဲ"

"ဘာမှတော့ စိုးရိမ်စရာမရှိပါဘူး၊ ရွာနဲ့လဲ နီးနေပြီဆိုတော့ ဟို ရောက်မှပဲ စိတ်ချလက်ချ နားကြမယ်ဆိုပြီး သွားနေကြတာပါ၊ ကျွန်တော်တို့အဖွဲ့တွေက လူညီပါတယ်၊ တော်ရုံအန္တရာယ်လောက်တော့ မှုစရာမလိုပါဘူး"

ဟု ပြောဆိုကာ ခရီးဆက်ကြရာ အချိန်ကလည်း ဘဖြည်းဖြည်း မှောင်လာပြီဖြစ်သောကြောင့် အမှောင်ရိပ်များက ပိုမိုများပြားလာသည်။ ရှေ့မှသွားနေသူများက လက်နှိပ်မီးရောင်များကို အသုံးပြု၍



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။

ရိက္ခာနှင့်ပစ္စည်းများ တင်ထားသော ဆင်နှစ်ကောင်ကတော့ မှောင်ဝေသည်ဖြစ်သဖြင့် ခရီးမဆက်ချင်ကြသော်လည်း ဆင်ဦးစီးများက မြောက်အတင်းမောင်းနှင်စေခိုင်းနေသောကြောင့် မသွားချင်သွားချင် ပုံစံမျိုးဖြင့် နှေးကွေးစွာ သွားနေကြသဖြင့် အချိန်က မကြာသင့်ဘဲ ကြာနေကြရလေသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ လိုက်လာသူတစ်ဦးက လာပြောလေသည်။

"ကိုနီမောင် .... ကျွန်တော်တို့နောက်ဘက် တောထဲမှာ ခြေသံလိုလိုကြားတယ်၊ ရန်သူဖြစ်မယ်ထင်တယ်"

ထိုသို့လာပြောသူမှာ မြေပြင်တုန်ခါမှုကို နားကပ်ထောင်ကြည့်ရုံနှင့် ဘယ်လိုသတ္တဝါမျိုးဖြစ်မည်ကို အတပ်ပြောနိုင်သော ကြီးရွှေဆိုသူဖြစ်၏။

"သေချာရဲ့လား"

"သေချာပါတယ်၊ ခြေသံကိုနားထောင်ရတာ ကျွန်တော်တို့နောက်က လူဝံနီတွေ လိုက်လာပြီနဲ့တူတယ်"

"မင်းဘယ်လိုခွဲခြားပြီးသိလဲ"

"မြေပေါ်မှာနင်းတဲ့ခြေသံက ခြေထောက်နှစ်ချောင်းတည်းနင်းတဲ့ ခြေသံမျိုးပဲကြားရတယ်၊ နောက်ပြီး ခြေသံပြင်းတယ်၊ တော





ထဲမှာ ခြေထောက်နှစ်ချောင်းကို အားပြုလျှောက်တဲ့ လူဝံပဲရှိတယ်၊ နောက်ပြီး ခြေသံက ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဆိုတော့ မြေပြင်ပေါ်က ပြေးလိုက်လာလိုက်၊ သစ်ကိုင်းပေါ်တက်သွားလိုက်ဆိုတော့ ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်နေတယ်၊ ဒါကြောင့် မြေမှာ လူတွေလို ခြေထောက်နှစ်ချောင်းနဲ့ သွားနိုင်သလို မျောက်တွေလို သစ်ပင်ပေါ်တက်နိုင်တာဆိုတော့ လူဝံပဲရှိတာပေါ့"

နီမောင်မှာ မြေပြင်၏တုန်ခါမှုကို နားထောင်ရုံနှင့် သတ္တဝါအမျိုးအစားကို ခွဲခြားပြောနိုင်သော ကြီးရွှေ၏ကျွမ်းကျင်မှုကို စိတ်ထဲမှကြိတ်ကာ ချီးကျူးမိလေသည်။

သို့ကြောင့် နီမောင်က မိမိလူများကို အန္တရာယ်နှင့်တွေ့ပါက တတ်နိုင်သမျှ သေနတ်များကိုအသုံးမပြုဘဲ တိုက်ခိုက်ရန် မှာကြားပြီး ရှေ့သို့ခရီးဆက်သည်။ အတန်ကြာတော့ သူတို့ဖြတ်ရမည့် လျှိုပေါက်ဝသို့ ရောက်လာကြလေသည်။

လျှိုလမ်းမှာ သိပ်မကျယ်လှဘဲ ဆင်တစ်ကောင်သွားသာရုံရှိလေသည်။ အတွင်း၌ မှောင်နေပြီး တစ်ဖက်ထွက်ပေါက်ကိုလည်း လှမ်းမမြင်ရပေ။ လျှိုနံရံများမှာ ကျောက်သားနံရံများဖြစ်ပြီး မတ်စောက်လှသည်။ အလယ်နေရာလောက်တွင် ပေါက်နေသော သစ်ပင်သစ်ကိုင်းအချို့တော့ ရှိပေသည်။

အပေါက်ဝနေရာရောက်တော့ အတွင်းသို့မဝင်သေးဘဲ ကြီးရွှေ



www.burmeseclassic.com

www.burmeseclassic.com



ကို အခြေအနေမေးသည်။

"အခြေအနေ ဘယ်လိုလဲ ကြီးရွှေ"

"သူတို့နောက်မှာမရှိတော့သလို မြေပြင်ပေါ်မှာလဲ မရှိတော့ဘူး"

"ဟေ ... ဘယ်ရောက်သွားပြီလဲ၊ သစ်ပင်ပေါ်တက်ပြေးသွားကြပြီလား"

"မဟုတ်ဘူး၊ သစ်ပင်ပေါ်တက်ပြေးရင် သစ်ကိုင်းလှုပ်သံ ကြားရမှာပေါ့။ အခု သစ်ကိုင်းလှုပ်သံ၊ သစ်ပင်လှုပ်သံတွေ ပျောက်နေပုံထောက်တော့ ကျောက်နံရံကတစ်ဆင့် အပေါ်ကိုရောက်သွားကြပြီထင်တယ်"

ထိုအခါမှ နီမောင်မှာ လူဝံနီများ၏အကြံအစည်ကို ရိပ်မိလိုက်လေတော့သည်။

လူဝံနီတို့မှာ လူကဲ့သို့ အသိဉာဏ်များရှိကြသဖြင့် သူတို့ကို လျှို့ဝှက်တိုက်ခိုက်ရေးဖြင့် တိုက်ခိုက်ရန် ပြင်ဆင်နေဟန်ရှိပုံရသည်။ အခြားမဟုတ်ပေ။

သူတို့တစ်တွေ လျှိုအတွင်းဝင်သည်နှင့် အပေါ်မှ ကျောက်တုံးကျောက်ခဲများ ပစ်ချရန် ကြံစည်နေကြဟန်ရှိလေသည်။ မတတ်သာတော့ပေ။ လျှိုလမ်းမှ ဖြတ်ပြီးပါမှ ညဉ့်နက်မီ တာစွေမြောင်ရွာသို့ရောက်မည်ဖြစ်သောကြောင့် အန္တရာယ်များကို ရှင်းမှရတော့မည်။





မိမိတို့က ထိုအန္တရာယ်ကိုမရှင်းနိုင်လျှင်လည်း ရန်သူကတောက်လျှောက်လိုက်လာပြီး အန္တရာယ်ပေးတော့မည်မှာ သေချာလှပေသည်။

"ဒီသတ္တဝါတွေတော့ အေးအေးမနေဘဲ လူတွေကိုလိုက်ပြီး အန္တရာယ်ပေးချင်နေတယ်၊ အဲဒီလိုလုပ်တာ သူတို့အတွက် အန္တရာယ်ဆိုတာကို မသိကြဘူး"

ဟု ဦးမွန်ထော်က ပြောသည်။

သိဉာဏ်ရှိတဲ့လူတွေတော့ မှားအမှန်မသိဘဲ မှားတဲ့အခါ မှားကြသေးတာပဲ၊ တိရစ္ဆာန်တွေ မှားတာကတော့ ဘာဆန်းသလဲ အဘရယ်"

"အခု ဘယ်လိုလုပ်ကြမလဲ"

"အန္တရာယ်က ကိုယ့်နောက်ကိုလိုက်နေမှတော့ ရင်ဆိုင်ရုံပဲရှိတော့တာပေါ့"

"အဲဒါကောင်းတယ်"

ဦးမွန်ထော်က အသင့်ပါလာသော ကွမ်းတစ်ယာကို ပါးစပ်ထဲသို့ ထည့်လိုက်ရင်း အေးအေးဆေးဆေး ပြောလိုက်လေသည်။ ၎င်းကိုကြည့်ရသည်မှာ တောထဲ၌ ကြောက်စရာအကောင်းဆုံးနှင့် ခွန်အားအကြီးဆုံးဖြစ်သော တောလူဟုခေါ်သည့် လူဝံနီများနှင့် ရင်ဆိုင်ရမှာကို သာမန်မျောက်တစ်ကောင်နှင့် ရင်ဆိုင်ရမည့်ကဲ့သို့

www.burmeseclassic.com



အေးအေး ဆေးဆေး ရှိနေလေသည်။

"မင်း သေနတ်သုံးမှာလား"

"မသုံးချင်ဘူးအဘ၊ ဒီလောက်တိတ်ဆိတ်တဲ့အချိန်မှာ သေနတ်သုံးလိုက်ရင် ဒီအနီးတစ်ဝိုက်မှာ ဂျပန်တွေရှိရင်လဲ ကြားသွားနိုင်တယ်၊ နောက်တစ်ချက်က ရွာသားတွေကြားရင်လဲ လန့်သွားလိမ့်မယ်၊ အဆိပ်လှူးမြားပဲသုံးမယ်"

"အသေသတ်မှာလား၊ လဲရုံပဲလား"

ဦးမွန်ထော်မှာ အဆိပ်ဖော်စပ်ရာ၌ လွန်စွာ ကျွမ်းကျင်လှသူဖြစ်သည်။ အဆိပ်ပင်မှ အဆိပ်ရည်ကို ကိုယ်တိုင်ထုတ်ယူပြီး အခြားပစ္စည်းများနှင့်ရောနှောကာ အဆိပ်အမျိုးမျိုး ဖော်စပ်နိုင်သူဖြစ်ပေသည်။

ဦးမွန်ထော်ထံတွင် အဆိပ်ရည်အမျိုးမျိုးရှိလေသည်။ လေးနင်းကွင်းအဆိပ်၊ တစ်တောင်ကျော်အဆိပ်၊ တစ်တောဖြတ်အဆိပ်၊ ထိသေအဆိပ်၊ တစ်ဆွေ့ခုန်အဆိပ်၊ နှစ်ဆွေ့ခုန်အဆိပ် စသည်တို့ရှိရာ လေးနင်းကွင်းအဆိပ်နှင့် ထိသေအဆိပ်မှာ အပြင်းဆုံးဖြစ်သည်။

ဘယ်လောက်ကြီးသောသတ္တဝါဖြစ်စေ၊ သွေးစိုရုံနှင့် ဘိုင်းခနဲ လဲကျသေဆုံးသွားနိုင်သောအဆိပ်မျိုးဖြစ်သည်။

ကျေးရွာများတွင် လေးနင်းကွင်းနှင့် ထိသေအဆိပ်ဖော်စပ်တော့မည်ဆိုပါက ရွာလူကြီးခွင့်ပြုချက်ရမှ ဖော်စပ်အသုံးပြုခွင့်ရပြီး





အရေးကြုံမှသာ သုံးခွင့်ရသော အဆိပ်မျိုးဖြစ်ပေသည်။

သို့ကြောင့် အသေသတ်မှာလား၊ လဲရုံပဲလားဟု မေးလိုက်ခြင်းဖြစ်သည်။

"အသေတော့ မသတ်တော့ပါဘူး အဘရာ၊ သတိမေ့ပြီးလဲကျန်ခဲ့ရုံလောက်ပဲ သုံးမှာပါ"

ဟု နီမောင်က ပြောသောအခါ ၎င်းလွယ်အိတ်အတွင်းမှ သံဘူးကြီးတစ်ဘူးကို ဆွဲထုတ်လိုက်သည်။ ထိုသံဘူးကြီးအတွင်းမှာတော့ အစီအရီထည့်ထားသော အဆိပ်ပုလင်းမျိုးစုံရှိလေသည်။ ထိုပုလင်းများအတွင်းမှ ပုလင်းတစ်ခုကို ထုတ်ပေးသည်။ နီမောင်က ပုလင်းထဲမှ အဆိပ်ရည်များကို မြားတံများထိပ်၌ သုတ်လိမ်းကာ ကညင်ဆီမီးတောက်အသုံးပြု၍ မြားတံထိပ်အား မီးကင်လေသည်။ ပြီးသောအခါမှ မိမိခေါ်မည့်သူများကို မြားနှစ်ချောင်းစီ ခွဲပေးလိုက်သည်။

သူခေါ်မည့်သုံးယောက်မှာ စောထီး၊ ငမဲအောင်နှင့် ခွန်သာတို့ဖြစ်သည်။ ၎င်းတို့သုံးယောက်က ကိုယ်မှာရှိသောအခြားပစ္စည်းများကိုချကာ လေးနှင့်မြားဘူးကို ကျောမှာလွယ်သည်။ ဓားတစ်လက်စီကို ခါးမှာ ထိုးသည်။ ပြီးသည်နှင့် အမြင့်တက်ရာတွင် ကျွမ်းကျင်လှသော ငမဲအောင်က ကြိုးရှည်တစ်ချောင်းကို ခါး၌ချိတ်ကာ မတ်စောက်လှသော ကျောက်နံရံများပေါ်သို့ စတင်တက်သွားကော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောက်စွန်း၊ ကျောက်ကြားများနှင့် ကျောက်နံရံ၌ တွယ်ပေါက်နေသော သစ်ပင်သစ်ကိုင်းများကို ဆွဲ၍ တက်သွားခြင်း ဖြစ်သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန် ရောက်လာပေရာ လှိုဏ်တစ်ဝိုက်မှာလည်း အမှောင်ထုများ ဖုံးလွှမ်းနေချေပြီ။ နံရံ အပေါ်ထိပ်ဘက်မှာလည်း အသံများက ထူးထူးခြားခြား ငြိမ်သက်နေလေသည်။

မှန်တိုင်းမကျမီ ငြိမ်သက်နေခြင်းမျိုး ဖြစ်တန်ရာသည်။ မေအောင်က မျောက်လွှဲကျော်တစ်ကောင်အလား ဟိုခုန်သည်ကူးနှင့် အတန်ကြာတော့ အမှောင်ရိပ်ထဲမှာ ပျောက်သွားလေတော့သည်။

အပေါ်မှ ကျောက်တုံးကျောက်ခဲကလေးများ ပွဲကျလာသော ကြောင့်သာ သူရှိနေမှန်း သိရလေသည်။ အတန်ကြာတော့ ကျောက် တုံးကျောက်ခဲကလေးများ ကျလာတာ ရပ်တန့်သွားပြီး ကြိုးစတစ်ခုက မြွေတစ်ကောင်ပမာ တဖြည်းဖြည်းနှင့် အောက်သို့လျှောကျလာသည်။

ကြိုးစကျလာသည်နှင့် အောက်၌စောင့်နေကြသည့် နီမောင်၊ စောထီး၊ ခွန်သာတို့သုံးယောက်မှာ ထိုကြိုးစကိုဆွဲကာ တစ်ယောက် ပြီးတစ်ယောက် အပေါ်သို့တက်ကြလေသည်။ နံရံအမြင့်မှာ ပေ တစ်ရာကျော်ခန့်ရှိသဖြင့် ထိုနေရာမှာ ခေတ္တထိုင်ကာ အမောဖြေ





ရသေးသည်။ ပြီးမှ လေးနှင့်မြားကို အဆင်သင့်ပြင်ကြသည်။

မေအောင်က တစ်နေရာသို့ လက်ညှိုးထိုးပြသည်။ ကောင်းကင် ၌ မှုန်ပျပျအလင်းရောင်ကြောင့် လှိုဏ်ကမ်းပါးတစ်နေရာတွင် ကုန်းကုန်း ကွကွနှင့်ရှိနေသော လူဝံနီသုံးကောင်ကို လှမ်းမြင်ရသည်။

သူတို့ရှိနေသောနေရာနှင့် ပေငါးဆယ်ခန့်သာ ကွာဝေးသည်။ ထို့ကြောင့် မြင်ကွင်းကိုကောင်းစွာ လှမ်းမြင်ရခြင်းဖြစ်သည်။ လူဝံနီ များအနီးတွင် ကျောက်တုံးများကိုလည်း တွေ့ရသည်။ တစ်ကောင် ကအနီးပတ်ဝန်းကျင်တစ်ဝိုက်မှ အရွယ်တော် ကျောက်တုံးအကြီး အသေးများကို မ,ယူလာပြီး လှိုဏ်ကမ်းပါးထိပ်တွင် ချပေးသည်။

တစ်ကောင်က ထိုကျောက်တုံးများကို ကမ်းပါးထိပ်စွန်းတွင် တွန်းချလျှင် အဆင်သင့်ဖြစ်စေရန် လိုက်၍စီတင်နေသည်။ ကျန် တစ်ကောင်က အောက်မှအခြေအနေများကို မကြာခဏ ငုံ့ကြည့် နေလေသည်။

သဘောကတော့ တစ်ကောင်က အသုံးပြုမည့်လက်နက်များ ကို လိုက်ရှာပေးပြီး ကျန်တစ်ကောင်က အဆင်သင့်ဖြစ်စေရန် ပြင် ဆင်နေသည်။ နောက်တစ်ကောင်က ကင်းစောင့်သည့်သဘောဖြင့် လှိုဏ်အောက်သို့ မျက်ခြေမပြတ် စောင့်ကြည့်နေခြင်းဖြစ်သည်။

နီမောင်က သူ့လူများကို ခပ်တိုးတိုးမှာသည်။

“ငါက ဟိုဘက်နားမှာ နေရာယူမယ်၊ မင်းတို့သုံးယောက်က



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာစီ ခွဲပစ်ပေတော့၊ စောထီးက ကျောက်တုံးသယ်ပေးနေတဲ့ အကောင်ကိုပစ်"

စောထီးက ခေါင်းညိတ်ပြပြီး သူပစ်ရမည့်အကောင်ကို တစ်ချက်လှမ်းကြည့်သည်။

"ငမဲအောင်က ကျောက်တုံးစီတင်နေတဲ့အကောင်ကိုပစ်"

ငမဲအောင်က ခေါင်းညိတ်ပြသည်။

"ခွန်သာက ကင်းစောင့်နေတဲ့အကောင်ကိုပစ် ငါက မင်းတို့သုံးယောက် တစ်ခုခုလွဲချော်သွားခဲ့ရင် ကြားဖြတ်ကူပေးဖို့ လမ်းကစောင့်နေမယ်"

ဟု မှာကြားကာ နီမောင်က အမှောင်ရိပ်အတွင်းသို့ လိမ့်ဝင်သွားလေသည်။ စောထီး၊ ငမဲအောင်၊ ခွန်သာတို့သုံးယောက်လည်း အသီးသီးနေရာခွဲသွားကြလေသည်။

အားလုံး အဆင်သင့်နေရာယူပြီးသောအခါ ကျောက်တုံးသယ်နေသော လူဝံနီကို မြားတစ်ချောင်းလာမှန်သဖြင့် ဝူးဝူးဝါးဝါး ထအော်လိုက်ရာ ကျန်နှစ်ကောင်က အလန့်တကြား ထရပ်လိုက်သည်။

ထိုအခွင့်အရေးကို အသုံးချပြီး ငမဲအောင်နှင့်ခွန်သာတို့က ပြိုင်တူပစ်သည်။ ငမဲအောင်ပစ်သောမြားက ပစ်မှတ်ကိုထိပြီး ခွန်သာပစ်သောမြားတံက လွဲချော်သွားလေသည်။ သို့ကြောင့် လူဝံနီက ၎င်းတို့ကိုတွေ့မြင်သွားပြီး ဝူးဝူးဝါးဝါးအော်လျက် ပြေးလာသည်။





ထိုသို့ပြေးလာစဉ် လမ်းတစ်နေရာမှ စောင့်နေသောနီမောင်က နေရာမှထကာ မြားဖြင့်ပစ်သည်။

"ဂွစ် ...."

"ဒုတ် ..."

ပစ်မှတ်ကို တိုက်ရိုက်ထိမှန်သော်လည်း ကျောက်တုံးကြီးကို မြှောက်ကိုင်ကာ ဝူးဝူးဝါးဝါးအော်လျက် ဆက်ပြေးလာသည်။ နီမောင်က နောက်ထပ်မြားတစ်ချောင်းကို အဆင်သင့်ကိုင်ကာ စောင့်နေလေသည်။

လူဝံနီမှာ ပထမတော့ ခြေလှမ်းမြန်မြန်ပြေးလာနိုင်သော်လည်း ခဏကြာတော့ နှေးလာသည်။ နောက် ဒယိမ်းဒယိုင်ဖြစ်လာကာ ခြေလှမ်းတန့်သွားပြီးနောက် ရပ်သွားလေတော့သည်။

နောက်ဆုံး မြှောက်ထားသောကျောက်တုံးကြီး ဝုန်းခနဲ လွတ်ကျသွားပြီးနောက် မြေပေါ်သို့ လဲကျသွားလေတော့သည်။ မြားချက်ထိထားသော ကျန်နှစ်ကောင်မှာလည်း အသီးသီးလဲကျသွားလေတော့သည်။

တိုက်ပွဲက ပြီးသွားခဲ့ချေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

## တိုက်ပွဲအတွက် ပြင်ဆင်ကြခြင်း

နောက်နှစ်ရက်ခန့်ကြာသောအခါ တစ္ဆေမြောင်ရွာသို့ ဂျပန်တပ်အချို့ ရောက်လာတော့သည်။ ၎င်းတို့ကို လမ်းပြခေါ်ဆောင်လာသူမှာ ဦးမင်းဒင်ပင်ဖြစ်၏။ သူနှင့်အတူ မောင်မှတ်လည်း ပြန်ပါလာသည်။

ဂျပန်တပ်များ ရွာတွင်းသို့ဝင်လာသောအခါ ရွာလူကြီးဦးထီးကော်နှင့် ရွာသူရွာသားအချို့ကိုသာတွေ့ရပြီး ကျန်ရွာသားများကို မတွေ့ရပေ။





ဂျပန်တပ်နှင့်အတူ စကားပြန်တစ်ယောက်လည်း ပါလာလေသည်။ ဂျပန်စစ်ဗိုလ်ကမေးသမျှ ပြောသမျှကို စကားပြန်က ဘာသာပြန်ပေးလေသည်။

"ခင်ဗျားတို့ရွာကလူတွေ ဘယ်ရောက်ကုန်ပြီလဲ"

"တောထဲကို အလုပ်သွားကြတယ်"

"အရင်တစ်ခေါက်က ဂျပန်စစ်ဗိုလ်နဲ့စစ်သားတွေ ဒီရွာကို ရောက်လာကြသေးတယ်မဟုတ်လား"

"လာတယ်"

"သူတို့ ဘယ်ရောက်သွားလဲ"

"မသိဘူး၊ တောထဲကို ပြန်သွားကြတာပဲတွေ့တယ်"

"ခင်ဗျားတို့ရွာမှာ တော်လှန်ရေးတပ်သားတွေရှိနေတယ်လို့ သတင်းကြားရတယ်၊ ညာမယ်တော့ မကြံနဲ့နော်၊ ညာရင် တစ်ရွာလုံး မီးလောင်တိုက်သွင်းခံရမယ်"

"ကျုပ်တို့ရွာမှာ တော်လှန်ရေးတပ်သားတွေမရှိပါဘူး"

"ဒီမှာ သတင်းပို့တဲ့လူက လာပို့ထားတာတောင် ငြင်းချင်သေးလား၊ မှန်မှန်ပြောပါ၊ သူတို့ ဘယ်မှာရှိသလဲ"

"ကျုပ်တို့မသိတာ အမှန်ပဲ၊ သတင်းကြားတာကတော့ တစ္ဆေမြောင်ဂူထဲမှာရှိတယ်လို့တော့ သတင်းကြားရတယ်"

ဦးထီးကော်က စကားကို မယုတ်မလွန်ပြောလိုက်သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အခိုက်မှာပင် ဦးမင်းဒင်က စကားပြန်သိန်းတင်အနီးသို့ကပ်လာ တစ်စုံတစ်ခုပြောလိုက်သည်။ သိန်းတင်က ဂျပန်စကားဖြင့် ဂျပန် စစ်ဗိုလ်ကို ပြန်ပြောလိုက်လေသည်။

"ခုးတကား .. မကောင်းဘူးရှိတယ်ကား"

ဂျပန်စစ်ဗိုလ်က ဒေါသတကြီးဖြင့် ဦးထီးကော်အနီးကပ်လာ ကာ ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။

"ဖြန်း ..... ဖြန်း .... ဖြန်း ........"

ဦးထီးကော်ပါးစပ်ထဲမှ သွေးများ ကျလာသည်။

"ခုးတကား ... မကောင်းဘူးရှိတယ်ကား"

ဟု ဒေါသတကြီးဖြင့် ရေရွတ်ရင်း တစ်စုံတစ်ခုကို အမိန့်ပေး လိုက်ရာ ဂျပန်စစ်သားများက ဦးထီးကော်နှင့် ရွာသားအချို့ကို ဖမ်း ဆီးကာ လက်ပြန်ကြိုးတုပ်လိုက်ကြသည်။

ထို့နောက် ၎င်းတို့ကို ရွာအပြင်တောစပ်သို့ ခေါ်ဆောင်လာ ကာ သစ်ပင်များ၌ ကြိုးဖြင့် ချည်ထားလိုက်သည်။

"မာစတာတွေ ဒေါသဖြစ်အောင် မလုပ်ပါနဲ့ သူတို့မေးတာကို မှန်မှန်ဖြေပါ၊ တော်လှန်ရေးသမားတွေ ဘယ်မှာရှိသလဲဆိုတာ ပြောပါ"

"ငါတို့မသိတာကို ဘယ်လိုပြောမလဲ၊ မင်းတို့ မကျေနပ်ရင် သတ်ချင်သတ်လိုက်ပေါ့"





ဦးထီးကော်က စိတ်တိုတတ်သူဖြစ်သောကြောင့် စကားတုံ့ ပြန်တိုတိုပင် ပြန်ပြောလိုက်လေသည်။ ဂျပန်စစ်ဗိုလ်နှင့် စကားပြန် တို့က အမျိုးမျိုးမေးသော်လည်း ဦးထီးကော်ထံမှ အဖြေ မရသည့် အပြင် နောက်ပိုင်း မေးသမျှမေးခွန်းများကို တစ်ခွန်းမှ ပြန်မပြော တော့ပေ။

ထိုအခါ ဂျပန်စစ်ဗိုလ်က ဦးထီးကော်နှင့် ရွာသူရွာသားများကို လှံစွပ်ဖြင့်ထိုးသတ်ရန် အမိန့်ပေးလိုက်သည်။

ထိုအခါ ဦးထီးကော်က ဦးမင်းဒင်ကို တစ်ချက်လှမ်းကြည့် လိုက်ပြီး ....

"ဒါ မင်းရဲ့ ယုတ်မာတဲ့အကြံအစည်တွေမဟုတ်လား"

ဟု မေးလိုက်ရာ ဦးမင်းဒင်က ဘာမှမပြောဘဲ မဲ့ပြုံးပြုံးနေ လေသည်။

"မှတ်ထား မင်းက ငါတို့ရွာသားဖြစ်ပါရက်နဲ့ ငါတို့အပေါ် အခု လို မကောင်းကြံတာကတော့ တရားလွန်တာပေါ့ကွာ၊ တစ်နေ့တော့ ဒီဝဋ်တွေ မင်းပြန်ခံရမှာပါ"

မောင်မှတ်ကလည်း ခေါင်းငုံ့ရုံသာငုံ့နေပြီး ဘာမှ မပြောပေ။ ဂျပန်များက သေနတ်ထိပ်တွင် လှံစွပ်များ တပ်လိုက်ကြသည်။ ဂျပန် စစ်ဗိုလ်က အမိန့်ပေးရန် ပြင်ဆင်နေစဉ်မှာ သိန်းတင်က ထပ်မေး ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကို နောက်ဆုံးအနေနဲ့ အခွင့်အရေးပေးမယ်၊ ... လုန်ရေးသမားတွေရှိတဲ့ နေရာကို သတင်းပေးနိုင်ရင် အသက်ချမ်း... သာရာရမယ်၊ မဟုတ်ရင်တော့ သေမှာပဲ"

"မင်းတို့လို အသားထဲကလောက်ထွက်တဲ့ လူတွေအတွ... တော့ တကယ်လို့ သိရင်တောင်မှ ဘယ်တော့မှ ပြောမပြဘူးဆို... မှတ်ထားပေတော့"

ဦးထီးကော်က စကားကို အပြတ်ပြောလိုက်သည်။

ထိုအခါ ဂျပန်စစ်ဗိုလ်က ၎င်းစစ်သားများကို လှံစွပ်ဖြင့် ... သတ်ရန် အမိန့်ပေးလိုက်သည်နှင့် ဂျပန်စစ်သားများက ၄းပုး... အော်ကာ ရှေ့သို့ ပြေးဝင်လာကြသည်။ ထိုအခိုက်မှာပင် တော... မှ မြားတံများ ထွက်လာသည်

"ဝှစ် ... ဝှစ် .. ဝှစ်"

ပိတုန်းကောင်များပမာ ထွက်လာသော အဆိပ်လူးမြားတံမျာ... က လှံစွပ်ကိုင်ထားသော ဂျပန်စစ်သားများကို ဝင်ရောက်ထိမှန်... ရှေ့သို့တစ်လှမ်းမှ မတိုးလာနိုင်တော့ဘဲ မြေပေါ်သို့ လဲကျကု... တော့သည်။

သို့ကြောင့် ဂျပန်စစ်သားများက မြားတံများလာရာဘက်သို့ သေနတ်များဖြင့် ပစ်ခတ်လေသည်။

"ဒိုင်း ....... ဒိုင်း ........ဒိုင်း ..."





၎င်းတို့က သေနတ်များဖြင့်ပစ်သော်လည်း တောထဲမှ တုန့်ပြန်မှုမရှိဘဲ ငြိမ်သက်နေလေသည်။ သို့ကြောင့် သေနတ်များကို အဆင်သင့်ပြင်ကာ တောစပ်သို့ ပြေးဝင်သွားကြသည်။ ထိုသို့ ပြေးဝင်ရာတွင် နောက်ထပ်ထွက်လာသော မြားတံများကြောင့် အချို့က လမ်းမှာတင် လဲကျသွားပြီး အချို့ကတော့ တောတွင်းသို့ရောက်အောင် ပြေးသွားနိုင်ကြသည်။

တောတွင်းရောက်တော့လည်း ရန်သူနှင့်တူတာဆိုလို့ လူပြောနှင့် သတ္တဝါတစ်ကောင်ပင် မတွေ့ကြရပေ။ ထိုအခိုက်မှာပင် သစ်ပင်ပေါ်မှာ မည်းမည်းသဏ္ဌာန်တစ်ကောင် ခုန်ဆင်းလာပြီး ဂျပန် စစ်သားတစ်ယောက်ကို သတ်ဖြတ်သွားလေသည်။

ထိုသို့သတ်ပြီးသည်နှင့် အခြားတစ်နေရာသို့ ဝင်ရောက်ကာ ပျောက်သွားလေသည်။ ဂျပန်များက သေနတ်ဖြင့် ပစ်ကြပြန်လေသည်။ အတန်ကြာ၍ ၎င်းတို့သေနတ်သံများ ငြိမ်သွားသောအခါ ပုန်းကွယ်နေသော မည်းမည်းသဏ္ဌာန်များ ထွက်လာပြီး ဝင်ရောက်တိုက်ခိုက်ကြရာ အချိန်သိပ်မကြာခင်အတွင်းမှာပင် ဂျပန်စစ်သားများ သေဆုံးသွားလေတော့သည်။

ဂျပန်စစ်ဗိုလ်နှင့် စစ်သားအချို့မှာ အခြေအနေမဟန်မှန်း သိသဖြင့် ရှေ့ဆက်မလိုက်ဝံ့တော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့နှင့်အတူ ဦးခင်းဒင် ပြန်ပါသွားပြီး မောင်မှတ်ကတော့ ကျန်နေခဲ့လေသည်။

ထိုအခါ မောင်မှတ်က သစ်ပင်၌ကြိုးချည်ထားသော ရွာလူကြီးနှင့် ရွာသားများကို လိုက်လံ၍ ကြိုးဖြေပေးလေသည်။ ထိုသို့ ကြိုးဖြေပေးလိုက်သည်နှင့် ဦးထီးကော်က စိတ်မြန်လက်မြန်နှင့် ဓားဘစ်လက်ကို ကောက်ယူကာ ....

"ကိုယ့်ရွာအပေါ် ဒီလောက်သစ္စာမဲ့တဲ့ကောင်၊ သေဖို့သာ ပြင်ပေရော့"

ဟု ကြိမ်းမောင်းကာ မောင်မှတ်ကို ဓားဖြင့် လိုက်ခုတ်လေတော့သည်။

ထိုအခါ မောင်မှတ်မှာ ဦးထီးကော်ခုတ်သော ဓားချက်ကို လွတ်အောင်ရှောင်ရင်း ....

"သူကြီးမှားမယ်ဗျ၊ သူကြီးမှားမယ်ဗျ"

ဟုသာ အော်နေတော့သည်။

ဦးထီးကော်မှာလည်း စိတ်ကြီးသူမို့ မောင်မှတ်အား မရမနေ လိုက်ခုတ်သော်လည်း တစ်ချက်မှ မထိပေ။ ထိုအချိန်မှာပင် တောစပ်မှ နီမောင်တို့အဖွဲ့သားများ ထွက်လာသည်ကိုမြင်တော့မှ ဦးထီးကော်က ရပ်သွားလေသည်။ မောင်မှတ်က နီမောင်တို့ရှိရာ ပြေးသွားကြလေသည်။





"အောင်မယ်လေး .... ဆရာတို့ ရောက်တာသာနောက်ကျသွားရင် ကျွန်တော်တော့ သူကြီးဓားစာမိပြီး သေတော့မလို့၊ ကံကောင်းလို့ဗျို့"

ဟု အော်ပြောရာ နီမောင်တို့က ရယ်နေကြသည်။ နီမောင်တို့ကိုမြင်သောအခါ ဦးထီးကော်က ....

"ဆရာကြီးတို့က အခုမှပဲ ရောက်လာကြတော့တယ်၊ ကျုပ်တို့ ခံကောင်းလို့ ဂျပန်တွေသတ်လို့ မသေတယ်"

ဟု ဆီးပြောလေသည်။

ထိုအခါ ဦးမွန်ထော်က ....

"ကျုပ်တို့လဲ အချိန်မီလာကြမလို့ပဲဗျို့၊ ဒါပေမယ့် ဒီကိုလာရင်းနဲ့ တောထဲမှာ လူဝံနီတွေနဲ့ တွေ့နေလို့ ခရီးကြန့်ကြာသွားရတာပါ"

ဟု ပြောပြလိုက်သည်။

ထို့နောက် ရွာထဲသို့ခေါ်သွားကာ စခန်းချပေးကြလေသည်။ ဦးထီးကော်ကတော့ မောင်မှတ်ကိုကြည့်ပြီး မကျေမနပ်ဖြစ်နေဟန်ရှိသည်။

"ဒီကောင့်ကို သတ်ပစ်ဖို့ကောင်းတယ်၊ သူ့ သစ္စာမရှိလို့ ကျုပ်တို့သေတော့မလို့ဗျ"

ထိုအခါ နီမောင်က ရှင်းပြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ မောင်မှတ်က သူကြီးတို့အပေါ်မှာ သစ္စာဖောက်တဲ့လူမဟုတ်ပါဘူး၊ အကူအညီပေးနေတာပါ"

"ဘယ်လိုအကူအညီပေးတာလဲဗျ၊ သူပဲ ဂျပန်စစ်သားတွေကို ရွာရောက်အောင် ခေါ်လာခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ်၊ ဂျပန်တွေ ဒီကိုခေါ်လာဖို့ သူ့ကို တာဝန်ပေးထားလို့ မရရအောင် ခေါ်လာခဲ့တာပါ၊ တကယ်တော့ မောင်မှတ်က ကျွန်တော်တို့အဖွဲ့သားတစ်ယောက်ပါ"

"ဟာ... ဆရာလေးပြောမှပဲ ကျုပ်တော့ နားရှုပ်ကုန်ပြီ၊ ကျုပ်တို့သဘောပေါက်အောင်လဲ တစ်ဆိတ်လောက်ရှင်းပြပေးပါဦး"

ဟု ဦးထီးကော်က ပြောသဖြင့် နီမောင်က အကြောင်းစုံရှင်းပြရလေသည်။

"အခုတော့ သူကြီးတို့လဲ ဒီအကြောင်းတွေကို သိထားသင့်ပြီမို့ ပြောသင့်သလောက် ပြောပြပါ့မယ်၊ ကျွန်တော်တို့တစ်တွေက တခြားမဟုတ်ပါဘူး၊ ဖက်ဆစ်ဂျပန်တွေကို တော်လှန်သုတ်သင်နေတဲ့ မဟာရာဂိုဏ်းဝင်တွေပါ၊ မောင်မှတ်ကလဲ ကျွန်တော်တို့ဂိုဏ်းသားတစ်ယောက်ပါပဲ၊ သူ့ဆီက သတင်းကြိုရလို့ ဂျပန်တွေအလာကို စောင့်ပြီး အခုလို သုတ်သင်နိုင်တာပါ"

"ဒါဖြင့် စောစောက ဂျပန်တွေကိုသုတ်သင်လိုက်တာ ဆရာလေးတို့ပဲပေါ့ ဟုတ်လား"





"ဟုတ်ပါတယ်"

"ဒါဖြင့် ထွက်ပြေးသွားတဲ့ ဂျပန်တွေကိုရော ဘာ့ကြောင့် လိုက်မသတ်ကြတာလဲ"

"ဒါက တမင်လွှတ်ပေးလိုက်တာပါ၊ သူတို့ပြန်ရောက်သွားလို့ ဒီအကြောင်းတွေကို ပြောပြရင် ဂျပန်တပ်တွေ ထပ်ရောက်လာလိမ့်မယ်၊ ဒီတော့မှပဲ ပွဲကြီးပွဲကောင်း ဆင်နွှဲရကြရမှာပေါ့"

"သြော် ..ဒီလိုအကြံအစည်နဲ့ကိုး"

"ဟုတ်ပါတယ်၊ ဒီတစ်ခါလာရင်တော့ ဂျပန်တပ်တွေ အလုံးအရင်းနဲ့ လာကြမှာသေချာပါတယ်၊ ဒါကြောင့် ဦးထီးကော်နဲ့ရွာသူရွာသားတွေလဲ လုံခြုံတဲ့နေရာကို ရွှေ့ပြောင်းပြီးနေကြရမယ်"

"ဒီအတွက် မပူပါနဲ့၊ လုံခြုံတဲ့နေရာတွေရှိပါတယ်၊ ဒါပေမယ့် မိန်းမနဲ့ကလေးတွေပဲ အဲဒီမှာထားမှာ၊ ကျုပ်တို့ယောကျ်ားတွေကတော့ ဆရာလေးတို့နဲ့အတူ ဂျပန်တွေကို တိုက်ပါရစေ၊ ကျုပ်တို့ကို နှိပ်စက်တဲ့ဂျပန်တွေကို လက်စားချေချင်လို့ပါ"

ထိုစကားကြားသောအခါ နီမောင်တို့မှာ များစွာ အားရှိသွားကြလေသည်။

"ကျုပ်တို့ကိုခေါ်မယ်မဟုတ်လား ဆရာလေး၊ ဆရာလေးတို့လို သေနတ်မပစ်တတ်ပေမယ့် ဒူးလေးနဲ့ လင်းလေးကတော့ ကောင်းကောင်းပစ်တတ်ပါတယ်၊ အဆိပ်လူးမြားနဲ့ ပစ်ရလို့တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ယောက် မလွဲစေရပါဘူး"

"ဒီလိုဆိုရင်လဲ ကျွန်တော်တို့နဲ့အတူလက်တွဲဖို့ လက်ခံပါ့မယ်၊ ဒါပေမယ့် အချိန်ဆွဲလို့တော့ မရတော့ဘူး။ မကြာခင် ဂျပန်ဂါပ်တွေ ချီတက်လာကြတော့မှာဆိုတော့ အခုကတည်းက အစီအစဉ်တွေ လုပ်ကြရတော့မယ်"

ဟုပြောကာ ဦးဗွာ တစ္ဆေမြောင်ရွာမှာရှိသော ကလေးနှင့် မိန်းမများကို လုံခြုံသော အခြားနေရာများကို ပို့ပေးကြရသည်၊ အချို့အမျိုးသမီးများက ၎င်းတို့ပါ ဝင်ရောက်တိုက်ခိုက်ပါရစေဟု ခွင့်တောင်းကြသဖြင့် ခေါ်ခဲ့ရသည်လည်းရှိ၏။ ရွာသူရွာသားများကို နေရာရွှေ့ပြီးသောအခါ နီမောင်က မိမိတို့အဖွဲ့သားများနှင့် တစ္ဆေမြောင်ရွာမှ ရွာလူကြီးဦးထီးကော်အပါအဝင် ရွာသူရွာသားများကို စုဝေးပြီး အခြေအနေနှင့် ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြလေသည်။

သူသည် အကြမ်းရေးဆွဲထားသော တစ္ဆေမြောင်ရွာ၊ တစ္ဆေမြောင်လိုဏ်ဂူရှိသော နေရာများကို ပြသည်။

"ဂျပန်တွေ တစ္ဆေမြောင်ရွာကိုလာမယ်ဆိုရင် အနီးဆုံးနဲ့အလွယ်ဆုံးက တောင်ကြားလမ်းထဲက ဖြတ်လာကြမှာ သေချာတယ်"

တောင်ကြားလမ်းနေရာကို လက်ဖြင့် ထောက်ပြသည်။ ထိုတောင်ကြားလမ်းမှာ နီမောင်တို့ဖြတ်လာစဉ်က လှုင်နီများဖြင့်





တိုက်ခိုက်ရသော နေရာပင်ဖြစ်သည်။

"ဂျပန်တွေဝင်လာရင် တိုက်ခိုက်ဖို့အကောင်းဆုံးက ဒီနေရာဆိုတော့ ပထမဆုံးတိုက်ခိုက်မယ့် ပြောက်ကျားစစ်ကို ဒီနေရာကနေစမယ်"

"မောင်နီမောင် ကောင်းသလိုသာစီစဉ်ပါ၊ ဘယ်လိုလုပ်ရမယ်ဆိုတာသာပြောပါ"

"ဒီတောင်ကြားနေရာမှာ ကျောက်မောင်းတွေဆင်ထားမယ်၊ ရှေ့ဆက်တိုးတာနဲ့ ကြိုးတွေကို ခလုတ်တိုက်ရင် သစ်လုံးထောင်ချောက်တွေ ပြုတ်ကျအောင် စီစဉ်ထားမယ်၊ ကျွန်တော်တို့အဖွဲ့မှာ ထောင်ချောက်ဆင်ရာမှာ ကျွမ်းကျင်တဲ့လူတွေ ပါပါတယ်၊ သူတို့က ရှေ့ကနေဦးဆောင်ပြီး လုပ်တဲ့အခါ နောက်ကနေ ဝိုင်းကူကြရုံပါပဲ"

"လုပ်ပါ့မယ်"

"ဒုတိယထောင်ချောက်က အပေါ်မှာရန်သူရှိတယ်အထင်နဲ့ ဂျပန်စစ်သားတွေ အပေါ်တက်လို့ရမယ့်လမ်းက ဒီတောင်ကြောလမ်းပဲရှိတယ်၊ သူတို့တစ်တွေ ကျောက်နံရံတွေကို ဖက်တက်မလာနိုင်ကြတော့ အပေါ်တက်ဖို့ဆိုရင် ဒီတောင်ကြောလမ်းကပဲ တက်ဖို့များတယ်၊ အဲဒီနေရာမှာ ဒုတိယထောင်ချောက်ဆင်ရမယ်"

နီမောင်က ထိုနေရာမှာ ထောင်ချောက်ဆင်ရမည့်အစီအစဉ်များကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးကတော့ ကျန်တဲ့ ရန်သူစစ်သားတွေကို လက်စသပ်နိုင်ဖို့ တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းက စောင့်ကြရမယ်၊ တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းကိုလာမယ့် ရန်သူတွေက သူတို့ရဲ့နောက်ဆုံးသေတွင်းထဲကို ဝင်သလို တစ်ယောက်မကျန် သုတ်သင်ပစ်ကြရမှာပါ"

ရှေ့ပိုင်းအစီအစဉ်များကို ပြောပြစဉ်က မည်သို့မှ မထူးခြားသော ရွာလူကြီးဦးထီးကော်တို့တစ်တွေမှာ နောက်ဆုံးအစီအစဉ်ကို ပြောပြသောအခါ မျက်လုံးပြူးသွားကြလေသည်။ အထိတ်တလန့်လည်း ဖြစ်သွားကြဟန်ရှိလေသည်။

"ကျန်တဲ့အစီအစဉ်တွေကတော့ သဘောကျတယ်၊ ဒီအစီအစဉ်ကတော့ မကောင်းဘူးထင်တယ်"

"ဘာ့ကြောင့်လဲ"

"တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းမှာ လူတွေကို ဒုက္ခပေးနေတဲ့ မိစ္ဆာကောင်ကြီးရှိတယ်၊ အထဲဝင်သွားတာနဲ့ လူတွေကို ဒုက္ခပေးရင်ခက်မယ်"

"ဒီအတွက် စိတ်မပူပါနဲ့၊ အဲဒီသတ္တဝါကြီးက လူတွေကို ဒုက္ခမပေးနိုင်အောင် ကျွန်တော်တို့ စီစဉ်ပေးပါ့မယ်"

"ဘာ့ကြောင့် ဒီလိုအာမခံနိုင်တာလဲ"

"ဒီအကြောင်းတွေကို ရှင်းပြပါ့မယ်၊ လောလောဆယ်တော့ ရန်သူတွေလာရင် အဆင်သင့်ဖြစ်အောင် ထောင်ချောက်တွေကို အရင်စလုပ်ကြရအောင်"





ဟု ပြောဆိုကာ ဆင်နှင့်အခြားပစ္စည်းများကို လုံခြုံစိတ်ချရသော တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းသို့ သွားနှင့်စေပြီး နီမောင်နှင့်လူအချို့က ထောင်ချောက်ဆင်ရန် ကျန်ခဲ့ကြလေသည်။

တိုက်ပွဲအတွက် ခြေလှမ်းသစ်များ စတင်ပြင်ဆင်ကြလေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

## လှည်းဘီးလှူးကြီးနှင့် တွေ့ရလေပြီ

ပထမဦးစွာ လှျိုကမ်းပါးထိပ်ပေါ်သို့ရောက်အောင် တက်ကြလေသည်။ အပေါ်ရောက်သောအခါ ချောက်ကမ်းပါးထိပ်တွင် စီတင်ထားသော ကျောက်တုံးပုံများကိုသာတွေ့ရပြီး ဟိုနေ့ညက သူတို့ မြားဖြင့်ပစ်ခဲ့သော လူဝံနီသုံးကောင်ကိုတော့ မတွေ့ကြရတော့ပေ။

ထိုအခါ ရွာသားတစ်ယောက်က မေးသည်။

"ဟိုညက ဆရာတို့ပစ်လိုက်တဲ့လူဝံနီတွေလဲမရှိတော့ပါလား"

"သူတို့ကို အသေပစ်သတ်ခဲ့တာမှမဟုတ်တာ၊ သတိမေ့ရုံပဲ ပစ်ခဲ့တာဆိုတော့ သတိရပြီး ပြန်ထသွားကြပြီပေါ့"

ဟု ပြောပြသည်။





၎င်းတို့သည် လူဝံများပြုလုပ်သည့်အတိုင်း ကျောက်တုံးများကိုသယ်ယူကာ ချောက်ကမ်းပါးအစပ်၌ စီတင်ကြလေသည်။ ချောက်ကမ်းပါးနှစ်ဖက်ရှိရာ နှစ်ဖက်စလုံးအပေါ်မှာ ကျောက်တုံးများ တင်ပြီးသောအခါ ကျောက်တုံးကြီးများနောက်ဘက်တွင် အရှယ်တော်သစ်လုံးများကို တန်းခံလိုက်သည်။ ထိုတန်းများကို နွယ်ကြိုးများဖြင့် ချည်လိုက်သည်။

နွယ်ကြိုးများကတော့ တစ်နေရာတွင် ကျောက်တုံးများနှင့် ချည်ထားပြီး ထိုကျောက်တုံးကို ကမ်းပါးထိပ်တွင် အဆင်သင့် တင်ထားလေသည်။ ထိုကျောက်တုံးကို တူတ်ဖြင့်ကော်ချလိုက်၍ အောက်သို့ကျသွားပါက နွယ်ကြိုးက ချည်ထားသောတန်းကို အောက်သို့ဆွဲချသွားပေမည်။ ထိုအခါ သစ်သားတန်းက ကျောက်တုံးများကိုပါ တစ်ပါတည်း ဆွဲချသွားပေလိမ့်မည်။

ထိုထောင်ချောက်ဆင်မှုပြီးသောအခါ ချောက်ကမ်းပါးထက်သို့ တက်ရာလမ်းတစ်လျှောက်တွင်သော်လည်းကောင်း၊ လှျိုလမ်းတစ်လျှောက်၌သော်လည်းကောင်း သစ်လုံးထောင်ချောက်၊ ဝါးချွန်ထောင်ချောက်၊ မြားထောင်ချောက်များကို အဆင့်ဆင့်ထောင်ထားကြလေသည်။

နီမောင်တို့အဖွဲ့သားများရော၊ တာဆွဲမြောင်ရွာမှ ကရင်လူမျိုးများပါ သားကောင်ဖမ်းရာတွင် အသုံးပြုသောထောင်ချောက်၊ သုတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းဆင်နည်းများ ကျွမ်းကျင်ကြပေရာ တက်ညီလက်ညီလုပ်နိုင်ကြပေသည်။

ထိုသို့လုပ်ရာတွင် တစ်ဦးနှင့်တစ်ဦး တိုင်ပင်၍ လုပ်ကြလေရာ အသုံးပြုသောနည်းများစွာဖြင့် လုပ်နိုင်ကြသည်။ ထောင်ချောက်များဆင်ပြီးသောအခါ ထိုနေရာတွင် လူအရိုး့ကို ကင်းစောင့်ထားခဲ့သည်။

ထိုနေရာတွင် အနံ့ခံကောင်းသော ကျော်ဝနှင့်အသံကို နားထောင်ရုံနှင့် ရန်သူအခြေအနေကို အတပ်ပြောနိုင်သော ကြီးရွှေတို့ကိုလည်း ထားခဲ့သေးသည်။ ထို့ပြင် လေးနှင့်မြားကို ကောင်းစွာပစ်နိုင်သောရွာသားများ၊ သေနတ်ပစ်ရာတွင် လက်ဖြောင့်သူများနှင့် အဆိပ်သုံးစွဲရာတွင် ကျွမ်းကျင်သူများကို ထားခဲ့ပြီးမှ နီမောင်တို့တစ်တွေက တစ္ဆေမြောင်ဂူရှိရာသို့ သွားကြလေသည်။

တစ္ဆေမြောင်ဂူရောက်သောအခါ အဝင်ပေါက်မှစ၍ အတွင်းပိုင်းရောက်သည်အထိ ထောင်ချောက်များနှင့် တိုက်ခိုက်ရမည့်အစီအစဉ်များကို ပြုလုပ်ကြလေသည်။ နီမောင်တို့နှင့်အတူ မြဆင့်ဝေကပါ တက်ညီလက်ညီ ပါဝင်ကူညီပေးလေသည်။

ထိုသို့ပြုလုပ်နေစဉ် လိုဏ်ဂူအတွင်းမှာရှိသော မဟူရာကိုဏ်းသားများပါထွက်လာပြီး သူတို့နှင့်အတူ ဝိုင်းကူလုပ်ကိုင်ကြလေသည်။ ထိုအခါမှ ဦးထီးကော်တို့မှာ များစွာ အံ့သြကြရတော့သည်။





တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်း၌ မဟူရာကိုဏ်းသားများ ရှိနေကြသည်ကိုလည်း ယခုမှ သိကြရလေတော့သည်။

နီမောင်တို့မှာ ရန်သူများထံမှ ရရှိထားသော မိုင်းများကိုလည်း အရေးကြီးသောနေရာများတွင် လိုက်လံတပ်ဆင်ထားပြီးနောက် ခေတ္တနားကြသည်။ နီမောင်က အခြားသူများနားနေစဉ်မှာ လိုဏ်ဂူနေရာအနှံ့ ဝင်ပေါက်ထွက်ပေါက်များကို လိုက်လံကြည့်နေရာ တစ်နေရာသို့ရောက်သောအခါ ဂူပေါက်တစ်ခုမှ ထွက်လာသော မြဆင့်ဝေနှင့် တွေ့ရလေသည်။

“သြော် ... မြဆင့်ဝေပါလား”

“ကျွန်မ ကိုနီမောင်ကို လိုက်ရှာနေတာ အခုမှပဲ တွေ့တော့တယ်”

“ဟုတ်တယ်၊ ကျွန်တော်လဲ အလုပ်များနေတာနဲ့၊ ဒါထက် ဘာကိစ္စရှိလို့လဲဟင်”

“အဘက ကိုနီမောင်ကို တွေ့ဖို့ ဟိုဂူပေါက်အတွင်းမှာ စောင့်နေတယ်”

“ကျွန်တော် သွားတွေ့လိုက်ပါ့မယ်”

နီမောင်က မြဆင့်ဝေကိုနှုတ်ဆက်ပြီး ဂူပေါက်အတွင်းသို့ ဝင်သွားရာ မြဆင့်ဝေက အပေါက်ဝမှာ ရပ်စောင့်ကျန်ခဲ့လေသည်။

ဂူအတွင်းမှာမှောင်နေသော်လည်း အလင်းရောင်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းပိုင်းရောက်တော့ ကျောက်တုံးတစ်ခုနောက်ကွယ်၌ ရပ်နေသော မည်းမည်းသဏ္ဍာန်တစ်ခုကို လှမ်းမြင်ရသည်။

ထိုသဏ္ဍာန်သည် အဝတ်မည်းကြီးကို တစ်ကိုယ်လုံးခြုံထားပြီး မျက်လုံးပေါက်သာ ချန်ထားသည်။

"အခြေအနေဘယ်လိုလဲ နံပါတ်နှစ်"

"ကောင်းပါတယ် ဆရာကြီး၊ နယ်ကျော်ရောက်လာတဲ့ ဖက်ဆစ်အတော်များများကို သုတ်သင်နိုင်ပါတယ်၊ လက်နက်တွေလဲ ရလိုက်ပါတယ်"

"ကောင်းတယ်၊ ငါတို့အဖွဲ့မှာ လူတွေကရှိပြီး လက်နက်ကနည်းနေသေးတယ်၊ သူတို့လက်နက်တွေကို ကိုယ့်လက်နက်ဖြစ်အောင် လုပ်ကြရမယ်၊ အခု ဘာတွေစီစဉ်ထားပြီးပြီလဲ"

"တစ္ဆေမြောင်ရွာသူရွာသားတွေကို နေရာရွှေ့ပေးထားပါတယ်၊ ရန်သူလာမယ့်လမ်းမှာ ထောင်ချောက်တွေဆင်ပြီး လက်ရွေးစင်အဖွဲ့သားတွေ ချထားပြီးပါပြီ၊ ရန်သူတွေဝင်လာတာနဲ့ ပထမထောင်ချောက်၊ ဒုတိယထောင်ချောက်တွေမှာတင် အသေအပျောက်များကြမှာပါ"

"ကောင်းတယ်"

"အဲဒီကကျော်လာတဲ့ ဂျပန်တွေက မလွဲမသွေ တစ္ဆေမြောင်လိုဏ်ဂူကို ရောက်လာကြပါလိမ့်မယ်၊ အဲဒီအခါကျရင် အပြီးသတ်





ခြမှုန်းဖို့ အားလုံးပြင်ဆင်ထားပြီးပါပြီ"

"ကောင်းတယ် အမှတ်နှစ်၊ မင်းလိုလူမျိုးတွေ ငါတို့အဖွဲ့မှာ နေတာ အတော့်ကို အားကိုးရတယ်၊ အခုဆိုရင် မြန်မာနိုင်ငံအနှံ့ ပြားမှာလည်း တိုင်းရင်းသားတွေက ဖက်ဆစ်ဂျပန်တွေကို တိုက်တ်နေကြပြီ၊ ငါတို့ဘက်က တာဝန်ကျေဖို့ပဲ လိုတော့တယ်"

"စိတ်ချပါ ဆရာကြီး၊ ဒီဘက်ရောက်လာတဲ့ ဖက်ဆစ်ဂျပန်တွေ အားလုံးသုတ်သင်နိုင်ဖို့ ပြင်ဆင်ထားပါတယ်"

"အရေးကြီးဆုံးကတော့ ဒီလိုဏ်ဂူအတွင်းမှာရှိနေတဲ့ ရတနာ ည်းတွေ ဘယ်နည်းနဲ့မှ ရန်သူတွေလက်ထဲ ပါမသွားဖို့အရေးကြီး ယ်"

"စိတ်ချပါ၊ အသက်နဲ့လဲပြီး စောင့်ရှောက်ပါ့မယ်"

"ကိုင်း ... အပေါက်ဝမှာ ရပ်စောင့်နေတဲ့မိန်းကလေးကို သွား ချည်၊ အတွင်းဝင်ကြည့်ရအောင်"

ဟု ပြောသဖြင့် နီမောင် ဂူပေါက်ဝ၌ရပ်နေသော မြဆင့်ဝေကို ားခေါ်လာသည်။ ပြီးလျှင် ခေါင်းဆောင်ကြီးခေါ် ရာနောက်မှ ာ်ခဲ့ကြလေတော့သည်။

ငင်းတို့သည် ဂူအပြင်ဘက်သို့ထွက်ကြသည်မဟုတ်ဘဲ နောက် ာ်ရှိ ဂူပေါက်တစ်ခုအတွင်းသို့ ဝင်ခဲ့ကြခြင်းဖြစ်သည်။ အတွင်းပိုင်း ာက်သောအခါ အောက်ဘက်၌ မှာကျောသော ကျောက်နံရံ



www.burmeseclassic.com

www.burmeseclassic.com



အသားရှိပြီး ဂူအမိုးပိုင်းမှာတော့ အထပ်အထပ်ဖြစ်နေသော ကျော
ချပ်ပြားများရှိလေသည်။ အချို့နေရာများရှိ ကျောက်ချပ်ပြားမျာ
လူတစ်ကိုယ်ဝင်နေလျှင်သော်မှ တွေ့နိုင်စရာမရှိပေ။

အတွင်းသို့ရောက်သောအခါ အခန်းကျယ်တစ်ခုအတွင်
ရောက်သွားကြသည်။ ထိုအခန်းထဲမှာတော့ တိရစ္ဆာန်အရိုးနှင့်
အရိုးစုတို့ကို တွေ့ရသည့်အပြင် အနံ့အသက်ကလည်း မကောင်
ပေ။ သွေးညှီနံ့နှင့် အပုပ်နံ့များ ရောနှောလျက်ရှိလေသည်။ ထို
ရာတွင် လိုဏ်ခေါင်းအမိုးနေရာမှ ကျောက်စက်ရေများ စိမ့်ကျ
သဖြင့် ကြမ်းပြင်မှာ စိုစွတ်လျက် ရေအိုင်ငယ်တစ်ခုလို ဖြစ်နေသည်

မြေသားများမှာလည်း ထုံးကျောက်မြေသားလို စွတ်စိုချော
ပျောင်းလျက်ရှိနေရာ ထိုနေရာတစ်ဝိုက်တွင် ခြေရာကြီးအချို့
တွေ့ရသည်။ ခြေရာကြီးများမှာ လူခြေရာနှင့် ပုံသဏ္ဍာန်တူသော
လည်း လူခြေရာထက်တော့ နှစ်ဆသုံးဆခန့် ပိုကြီးလေသည်။ ခြေ
လှမ်းများမှာလည်း ရှစ်ပေခန့်ကျယ်လေသည်။ ခြေရာများကိုကြည့်
သည်မှာ အလယ်ဂူပေါက်အတွင်းသို့ ဝင်သွားသည်ကို တွေ့ရသည်

ဆရာကြီးက ရှေ့မှဦးဆောင်လျက် ထိုအလယ်ဂူပေါက်အတွင်
သို့ဝင်သွားရာ နီမောင်တို့နှစ်ယောက်လည်း နောက်မှ လိုက်သွား
ကြသည်။

အတွင်းပိုင်းရောက်သောအခါ လိုဏ်ခေါင်းမှာ ကျယ်ဝန်းသော





ည်း အကွေ့အကောက်များလှပေသည်။ အတွင်းပိုင်းရောက်လေ
လေ၊ မြေအနေအထားက အပေါ်သို့ တဖြည်းဖြည်းမြင့်တက်သွားလေ
လေဖြစ်သည်။ အချို့နေရာများတွင် စမ်းချောင်းသဖွယ် စီးဆင်းနေ
သော ချောင်းများကိုတွေ့ရပြီး ထိုချောင်းကမ်းစပ်တစ်လျှောက်မှာ
တော့ အရွယ်အစားအမျိုးမျိုးနှင့် ပေါက်နေသောဂမုန်းပင်များကို
တွေ့ရသည်။

နီမောင်က ဂမုန်းပင်များကိုမြင်သောအခါ များစွာ အံ့ဩသဖြင့်
ငုံကြည့်နေသည်။ ထိုအခါ ဆရာကြီးက ....

"ဒီနေရာမှာ ဂမုန်းမျိုးစုံရှိတယ်၊ အလွန်တွေ့ရခဲတဲ့ ဂမုန်းနီ၊
ဂမုန်းဖြူ၊ ဂမုန်းနက်တွေတောင်မှ ရှိတယ်"

ဟု ပြောလေရာ များစွာ အံ့ဩသွားလေသည်။

"ဒါပေမယ့် ဒီဂမုန်းပင်တွေထဲမှာ လူတွေအတွက် တန်ဖိုးမဖြတ်နိုင်
တဲ့ ဂမုန်းပင်မျိုးတွေရှိသလို လူကို အန္တရာယ်ပေးနိုင်တဲ့၊ လူတစ်ယောက်
ရဲ့ဘဝကို အသွင်ပြောင်းသွားစေတဲ့ ဂမုန်းမျိုးတွေလဲ ရှိတယ်"

"ဟို .. ဘယ်လိုဂမုန်းမျိုးတွေလဲ ဆရာကြီး"

"တစ္ဆေဂမုန်းတို့၊ ဘီလူးဂမုန်းမျိုးတို့ပေါ့ကွာ၊ ဒီဂမုန်းတွေက
အသုံးဝင်တဲ့ ဂမုန်းပင်တွေကြားထဲဝင်ပြီး အယောင်ဆောင်နေတတ်
တယ်၊ လူက အသုံးဝင်တဲ့ဂမုန်းမှတ်လို့ သုံးစွဲမိတာနဲ့ ဒုက္ခရောက်ရ
တော့တာပါပဲ၊ ကိုင်း ... ကိုင်း ... ဒီအကြောင်းတွေကို နောက်မှပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြမယ်၊ ခုတော့ သွားကြဦးစို့”

ဟု ပြောကာ ဆက်လျှောက်သွားသဖြင့် နီမောင်တို့လည်း နောက်မှ လိုက်သွားကြသည်။ အတွင်းပိုင်းရောက်လာသဖြင့် မှောင်လာသော်လည်း အပေါ်ပိုင်းမှ တိုးဝင်လာသော လေကောင်းလေသန့်တို့ကိုတော့ ရနေလေသည်။

အချို့နေရာများ၏ ကျောက်ချပ်များကြားတွင် လင်းနို့များရှိနေပြီး လူများဝင်သွားတော့မှ အလန့်တကြားအော်ဟစ်ကာ ထပျံနေကြသည်။ တစ်နေရာသို့ရောက်သောအခါ အပေါ်ပိုင်းမှ အလင်းရောင်အချို့ကျနေသဖြင့် မော့ကြည့်လိုက်သောအခါ ကောင်းကင်ပြင်ကို လှမ်းမြင်နိုင်အောင် တောက်လျှောက်ပွင့်နေသည့် ဂူပေါက်ဝတစ်ခုကို လှမ်းမြင်ရသည်။

အလင်းရောင်နှင့်လေကောင်းလေသန့်များက ထိုနေရာမှ ရနေခြင်းဖြစ်ပြီး လင်းနို့များကလည်း ထိုနေရာမှ အဝင်အထွက်ပြုနေကြဟန်ရှိသည်။ ဂူနံရံများကတော့ လေနှင့် စွတ်စိုမှုများ ကောင်းစွာရနေသဖြင့် အစိမ်းရောင်ရေညှိ ရေမှော်များ ပေါက်နေလေသည်။

ရှေ့သို့ဆက်သွားရာ တစ်နေရာရောက်သောအခါ လမ်းခွဲနှစ်ခုရှိပြီး ထိုလမ်းဆုံနေရာမှာတော့ ကျောက်သေတ္တာကြီးတစ်လုံး ရှိနေသည်။ ထိုကျောက်သေတ္တာကြီးမှာ နှစ်ပေါင်းများစွာရှိနေဟန်ဖြင့် ဖုံများ ဒုတက်နေလေသည်။





ထိုနေရာတစ်ဝိုက်မှာလည်း အရိုးစုများကို ဝေပမ်တွေ့ရပြန်သည်။ နီမောင်စိတ်ထဲမှာတော့ ထိုကျောက်သေတ္တာကြီးအတွင်း၌ ရတနာပစ္စည်းများရှိနေလိမ့်မည်ဟု တွေးလိုက်မိသည်။ သို့သော်သည်း ဘာမှမမေးတော့ဘဲ ဆရာကြီးခေါ်ရာနောက်သို့ လိုက်သွားရာ နောက်ဆုံး အမှောင်ထုများ ဖုံးနေသော အခန်းကျယ်တစ်ခုသို့ ရောက်သွားကာ လမ်းက ဆုံးသွားလေတော့သည်။

ထိုအခန်းတွင်းမှာလည်း လူအရိုး၊ တိရစ္ဆာန်အရိုးများကို ပြန့်ကျဲနေပြီး ညှီစော်ပုပ်စော်နံ့များ လှိုင်နေသည်။ ဂူကြမ်းပြင်ပေါ်၌ အဝတ်အစား အစုတ်အပြတ်များနှင့် လူအရိုးခေါင်းခွံအချို့ ရှိနေသည်။

သူတို့သုံးယောက် ထိုအခန်းထဲရောက်သောအခါ အမှောင်ရိပ်အတွင်းမှ မည်းမည်းသဏ္ဍာန်ကြီးထွက်လာသည်။ တစ္ဆေမြောင်လိုဏ်ဂူအတွင်း၌ ခိုအောင်းနေသော လူနှင့်တိရစ္ဆာန်များကို သတ်ဖြတ်နေသော လူဘီလူးကြီးပင်ဖြစ်သည်။

နီကြောင်ကြောင် ဆံပင်ရှည်များက မျက်နှာပေါ်မှာ ကျိုးတိုးကျဲကျဲကျနေပြီး မျက်လုံးကြီးများက ရှေ့သို့ပြူးထွက်နေကာ နီရဲလျက်ရှိနေသည်။ မျက်နှာတစ်ခုလုံးမှာလည်း အဖုအထစ်များကြောင့် အစ်ထွက်နေပြီး ပါးစပ်ကြီးတစ်ခုလုံးက သာမန်ထက်ပိုကျယ်နေကာ ပါးစပ်ကြီးအတွင်းမှ ကျိုးတိုးကျဲတဲသွားများကအပြင်သို့ခေါ်ထွက်နေသည်။

တစ်ကိုယ်လုံးမှာလည်း ရဲယိုသီးအလုံးများကဲ့သို့ အဖုအပိမ့်များ



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေပြီး အရုပ်အမောင်းရော၊ အလုံးအထည်ပါ သာမန်လူများထက် နှစ်ဆကျော် သုံးဆနီးပါးခန့် ရှိလေသည်။

လူဘီလူးကြီးက အမှောင်ရိပ်အတွင်းမှာ မားမားကြီးရပ်နေကာ သူတို့သုံးယောက်ကို စူးစူးစိုက်စိုက်လှမ်းကြည့်နေသည်။ အမှောင်ရိပ်ကြောင့် မျက်နှာကို သဲကွဲစွာမမြင်ရသော်လည်း နီရဲနေသော မျက်လုံးကြီးများကိုတော့ အတိုင်းသားမြင်နေရသည်။

သူတို့သုံးယောက်ကိုမြင်တော့ လူဘီလူးကြီးထံမှ ကြောက်မက်ဖွယ်ကောင်းသော မာန်ဖီသံကြီးတစ်ချက် ပေါ်ထွက်လာသည်။

"ဟီး ..............."

ထိုအသံမှာ လိုဏ်ခေါင်းသံများဖြင့် ပဲ့တင်ထပ်သွားလေသည်။ ထိုအခါ ဆရာကြီးက ....

"ဘိုးဟာန် ..သူငယ်ချင်း၊ ငါ ခမ်းလုံပါကွ"

ဟု ပြောကာ ၎င်းဦးခေါင်းပေါ်မှာ စွပ်ထားသော ခေါင်းစွပ်ကြီးကို ဖြုတ်ပြလိုက်သည်။

ထိုအခါမှပင် နီမောင်မှာလည်း မဟူရာကိုဏ်းခေါင်းဆောင် ဆရာကြီး၏မျက်နှာကို တွေ့ရတော့သည်။

ဆရာကြီးမှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးအရွယ်ရှိပြီး သျှောင်တစောင်းထုံးထားကာ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများနှင့် တည်ကြည်ခံ့ညားသည့် ရုပ်အဆင်းရှိသူဖြစ်လေသည်။





ဆရာကြီးအမည်ခံ ဦးခမ်းလုံ၏မျက်နှာကို တွေ့သောအခါ လူဘီလူးကြီးမှာ အနည်းငယ်တွေဝေသွားပြီးနောက် ကျောက်တုံးတစ်တုံးကိုမှီကာ ထိုင်ချလိုက်လေသည်။

"ဘာလာလုပ်တာလဲ ခမ်းလုံ"

လူဘီလူးကြီးထံမှ အသံသြသြကြီးဖြင့်မေးလိုက်ရာ နီမောင်ပင် မယုံနိုင်အောင်ဖြစ်သွားလေသည်။

"မင်းကိုပြောစရာတွေရှိတာတွေပြောဖို့လာခဲ့တာ သူငယ်ချင်း၊ အခုအင်္ဂလိပ်တွေပြေးပြီးတဲ့နောက် ဂျပန်တွေရောက်လာတယ်၊ ဖက်ဆစ်ဂျပန်တွေက အရင်ကထက်ပိုပြီး ဆိုးတယ်၊ ဒါပေမယ့် သင်းတို့လဲ ကြာကြာဆက်မနေနိုင်ကြပါဘူး၊ အခု နေရာအနှံ့အပြားမှာ ဖက်ဆစ်တော်လှန်ရေးတွေလုပ်နေတာ အတော်အောင်မြင်နေကြပြီကွ"

"ကောင်းတယ်"

"အခု ငါလာတာ တခြားမဟုတ်ဘူး၊ ဖက်ဆစ်ဂျပန်တွေက ဖါတို့သိမ်းထားတဲ့ ရတနာပစ္စည်းတွေကို လာရှာဖို့ကြိုးစားနေကြတယ်"

"ဝုန်း ..............."

လူဘီလူးကြီးက ဒေါသတကြီးနှင့် လက်သီးဆုပ်ကြီးဖြင့် ဝှနံရံကို ထုချလိုက်ရာ ဂူတစ်ဂူလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

"ရမတဲ့လား"

အသံသြကြီးဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဂျပန်စစ်တပ်တွေ ဒီဂူထဲကို မကြာခင် ရောက်လာကြတော့မယ်၊ ငါတို့ဘက်ကလဲ ပြန်တိုက်ကြဖို့ အဆင်သင့်ပြင်နေကြပြီ”

“ကောင်းတယ်”

“တကယ်လို့ သူတို့ရောက်လာရင် မင်းအနေနဲ့ အပြင်မထွက်ခဲ့နဲ့ လွတ်အောင်သာ ရှောင်နေပေတော့၊ သူတို့မှာ လက်နက်ကောင်းတွေ ပါလာမှာဆိုတော့ မင်းကို အန္တရာယ်ဖြစ်မှာစိုးတယ်”

“ငါ မကြောက်ပါဘူး တကယ်လို့ သေသွားတော့ရော ဝင့်ကျွတ်တာပေါ့ကွာ”

ဟု ရင်ခေါင်းသံကြီးဖြင့် ပြောလေသည်။

“ဒီလောက်လဲ စိတ်မလျှော့ပါနဲ့ သူငယ်ချင်းရယ်၊ ငါလဲ မင်းအတွက် စိတ်မကောင်းပါဘူး၊ တို့ရဲ့ ရည်ရွယ်ချက်တွေ ပြီးစီးအောင်မြင်သွားရင် မင်းရဲ့ ရောဂါတွေပျောက်အောင် ငါကိုယ်တိုင် ဆေးကုပေးပါ့မယ်”

“ရှိပါစေတော့ကွာ၊ ငါ့ကံနဲ့ငါ ရှိပါစေတော့၊ ငါလဲ တစ်နေ့ကျရင် ဘာဖြစ်လို့သေပြီး ဝင့်ကျွတ်သွားရင် ဒီဒုက္ခတွေက အေးသွားမှာပါ။ အဓိကအရေးကြီးတာက ငါတို့သုံးယောက် အသက်နဲ့ရင်းပြီး စောင့်ရှောက်ခဲ့ကြတဲ့ ရတနာပစ္စည်းတွေကို မိစ္ဆာတွေလက်ထဲ ပါမသွားဖို့တော့ မင်းတာဝန်ယူပါ”

“စိတ်ချပါကွာ၊ ငါအသက်ရှင်နေသရွေ့ ဒီရတနာပစ္စည်းတွေကို





ရန်သူလက်ထဲ ပါမသွားစေရပါဘူးလို့ ငါကတိပေးပါတယ်၊ အရေးကြီးတာက ဒီရက်ထဲမှာ ရန်သူတွေရောက်လာကြတော့မှာ သေချာတယ်၊ ဒီလိုဏ်ဂူကြီးထဲမှာလဲ နေရာအနှံ့ မိုင်းတွေ မြှုပ်ထားတယ်၊ ထောင်ချောက်တွေ ဆင်ထားတယ်၊ တကယ်လို့ မင်းအပြင်ထွက်လာရင် အန္တရာယ်တွေနဲ့ တိုးမိမှာစိုးလို့ ဒီရက်တွေ မင်း ဂူအပြင်ကို ထွက်မလာဖို့ ငါလာပြောတာ သူငယ်ချင်း၊ မင်းစားဖို့ အစားအစာတွေ ငါတို့ လာပို့ပေးပါ့မယ်”

ဟု ဦးခမ်းလုံက ပြောလေသည်။

“ငါလဲ ဒီမိစ္ဆာကောင်တွေကို တိုက်ပါရစေကွာ”

“မင်းရဲ့ဆန္ဒကို ငါ မတားပါဘူး၊ အခွင့်သာတော့ မင်းဝင်တိုက်ချင်တိုက်ပေါ့ကွာ၊ မိစ္ဆာတွေကို လက်စားချေဖို့ မင်း ဘယ်လောက်ဆန္ဒပြင်းပြနေမယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် အန္တရာယ်တော့ မရှိစေနဲ့ကွာ”

“ခမ်းလုံ ... မင်းရဲ့စေတနာကို ငါ နားလည်ပါတယ်ကွာ၊ ငါ့အတွက် အခုလို အခွင့်အရေးပေးတာကို ငါသိပ်ပြီးဝမ်းသာတာပဲ သူငယ်ချင်းရယ်”

ဟု တုန်ယင်လှိုက်လှဲသောအသံကြီးဖြင့် ပြောလိုက်လေသည်။ ထို့နောက် ဆရာကြီး ဦးခမ်းလုံက ဦးဆောင်ပြီး လာရာလမ်းအတိုင်း ပြန်ထွက်လာကြရာ ဂမုန်းပင်များရှိရာ ချောင်းကမ်းစပ်တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ရောက်လာတော့သည်။

ထိုနေရာသို့ရောက်သောအခါ ဆရာကြီးက ...

"နီမောင် ... မင်း ဒီဂမုန်းပင်တွေကို စိတ်ဝင်စားနေတယ် မဟုတ်လား"

ဟု မေးလေသည်။

"ဟုတ်ပါတယ် ဆရာကြီး"

"မင်းကိုတော့ ဖွင့်ပြောပြသင့်တဲ့လူမို့ ဒီဂမုန်းပင်တွေအကြောင်းနဲ့ပတ်သက်ပြီး ငါတို့သူငယ်ချင်းသုံးယောက်ရဲ့ဘဝ ပြောင်းလဲခဲ့ရတဲ့အကြောင်းတွေကိုပါ ပြောပြပါ့မယ်၊ ငါတို့သုံးယောက်ဆိုတာ တခြားမဟုတ်ဘူး။ မဟူရာကိုဏ်းခေါင်းဆောင်လုပ်နေတဲ့ ဦးခမ်းလုံဆိုတဲ့ငါ ရယ်၊ သေသွားတဲ့ ဘခံရယ်၊ လူစင်စစ်ကနေ အခုလို ကြောက်စရာကောင်းတဲ့ဘဝမျိုးရောက်သွားရတဲ့ ဘိုးဟာန် ဆိုတဲ့ တို့သုံးယောက်ရဲ့ အကြောင်းတွေပေါ့ကွာ၊ အဖြစ်က ဒီလိုကွ"

ဟု အစချီကာ ၎င်းတို့၏အဖြစ်အပျက်များကို ပြောပြလေသည်။

လွန်ခဲ့သော နှစ်ပေါင်းလေးနှစ်နီးပါးအချိန်ကဖြစ်သည်။

❑ ❑ ❑





အခန်း (၁၄)

## ဂမုန်းဘီလူး၏လှည့်စားမှုကို ခံရသူ

အလယ်ရိုးမတောင်တန်းကြီး၏ အရှေ့ဘက်သို့ ထိုးထွက်နေသော တောင်ဖွယ်တောင်တန်းကြီးတစ်ခုရှိသည်။ ထိုတောင်တန်းကြီး၏ တောင်နှာမောင်းဆုံရာနေရာလောက်တွင် ရွာကြီးတစ်ရွာရှိသည်။

ထိုရွာကြီး၏အမည်မှာ သေလာမဏိရွာဖြစ်သည်။ သေလာမဏိရွာမှာ ရှေးဘုရင်များရှိစဉ်ကတည်းက တည်ထားခဲ့သည့်ရွာကြီးတစ်ရွာဖြစ်ပြီး နေထိုင်ကြသူများမှာလည်း ရှေးရိုးဆန်သူများဖြစ်သည်။

တစ်ခုထူးခြားသည်က မြန်မာနိုင်ငံကို အင်္ဂလိပ်များနယ်ချဲ့များသိမ်းပိုက်ပြီးနောက်ပိုင်းမှာ မြို့ရွာအတော်များများမှာ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့တို့၏ ခြယ်လှယ်အုပ်စိုးရာလက်အောက်သို့ ရောက်ကြရသော်လည်း သေလာမဏိရွာမှာ အင်္ဂလိပ်တို့၏ ဩဇာကိုမနာခံခဲ့ဘဲ သီးခြားနေထိုင်လေသည်။

အင်္ဂလိပ်တို့က ရွာကိုအုပ်ချုပ်ရန် ရွာလူကြီးခန့်အပ်ပေးလျှင်လည်း လက်မခံပေ။ အခြားမှ ရွာလူကြီးလာရောက်ထားလျှင်လည်း ကြာကြာမခံပေ။ ရွာသူရွာသားများ နှစ်သက်သဘောကျသည့် ရွာလူကြီး၏ ဩဇာကိုသာ နာခံပြီး အင်္ဂလိပ်တို့လာရောက်ခန့်အပ်ပေးသည့် ရွာလူကြီးဩဇာကိုတော့ မည်သူမှ မနာခံကြပေ။

၁၉၄၂ ခုနှစ်တွင် အင်္ဂလိပ်တို့ မြန်မာ့မြေပေါ်မှ ဆုတ်ခွာကာနီးအချိန်တွင် အင်္ဂလိပ်စစ်ဗိုလ်နှင့် စစ်သားများ သေလာမဏိရွာသို့ ရောက်လာကြလေသည်။

အင်္ဂလိပ်စစ်တပ်ကို ဦးဆောင်လာသူမှာ လက်ဖ်တင်နင်မစ်ရှယ် ဆိုသူဖြစ်လေသည်။ ၎င်းတို့သည် သေလာမဏိရွာသို့ ချေးတပ်ဖွဲ့ရန် ရောက်လာကြခြင်းဖြစ်သည်။

၎င်းတို့နှင့်အတူပါလာသော ရတနာသေတ္တာ၊ လက်နက်ခဲယမ်းဝည့်ထားသည့်သေတ္တာ၊ စားနပ်ရိက္ခာများ ထည့်ထားသည့် သေတ္တာများကို ထမ်းနိုင်ရန်အတွက် လူများလာရောက်ခေါ်ခြင်းဖြစ်သည်။

သေလာမဏိရွာတွင် ဦးခမ်းလုံ၊ ဦးဘစံနှင့် ဦးဘိုးဟာန်တို့သုံးသာက်ရှိကြရာ ၎င်းတို့အချင်းချင်းတိုင်ပင်ကြလေသည်။





"ဟော့ ... ဘစံနဲ့ဘိုးဟာန်"

"ဘာလဲ"

"အခု မျက်နှာဖြူတွေနဲ့အတူပါလာတဲ့ သေတ္တာကြီးတွေက ဘာသေတ္တာကြီးတွေလို့ မင်းတို့ထင်သလဲ"

"လက်နက်ခဲယမ်းထည့်တာနဲ့ စားနပ်ရိက္ခာတွေထည့်တဲ့ သေတ္တာတွေဖြစ်မှာပေါ့"

"ဒါတင်မကသေးဘူးကွ"

"တခြားဘာတွေရှိသေးလို့လဲ"

"ငါတို့ဆီက မတရားယူသွားတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေပါတယ်၊ ဘုရားဗုဒိုးစေတီတွေကနေ ဖျက်ယူသွားတဲ့ ရွှေငွေရတနာတွေပါတယ်"

"ဟင် ဟုတ်ရဲ့လားကွ"

"သေချာပါတယ်၊ ဒီသတင်းကို ငါ သေသေချာချာစုံစမ်းထားလို့ သိရတာ၊ အခု အင်္ဂလိပ်မျက်နှာဖြူတွေက ငါတို့မြေပေါ်က ပြေးရတော့မယ်လေ၊ ဒီတော့ သူတို့မတရားယူထားတဲ့ ရတနာပစ္စည်းတွေကို တစ်ပါတည်း သယ်ယူသွားဖို့ကြံနေတာ"

"သူတို့က ဘယ်ကိုပြေးမှာလဲ"

"အနောက်ရိုးမကိုဖြတ်ပြီး အိန္ဒိယနယ်ရောက်အောင် ပြေးကြမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ငါတို့ဆီက အဖိုးတန်ပစ္စည်းတွေကို ဒင်းတို့ဆီကိုတော့ ဘယ်နည်းနဲ့မှ အပါခံလို့မဖြစ်ဘူး၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ပြန်ယူမှာပေါ့"

ထိုစကားကြားသောအခါ ဦးဘဇံက ....

"ဖြစ်ပါ့မလား ခမ်းလုံရဲ့၊ သူတို့က လူတွေအများကြီးရယ်၊ နောက်ပြီး သေနတ်တွေကလဲ ပါသေးတယ်"

ဟု မေးလိုက်လေသည်။

"ဒါကတော့ အခြေအနေကြည့်ပြီး ကြံစည်ရမှာပေါ့"

"ဒါဖြင့် မင်းက ဘယ်လိုလုပ်ဖို့ အစီအစဉ်လဲ၊ ငါတို့လဲ ပြောပြပါဦး"

ဟု ဦးဘိုးဟန်က ဝင်မေးလိုက်သည်။

"အခု အင်္ဂလိပ်တပ်တွေ ရွာထဲရောက်နေတယ်၊ ရွာထဲကလူတွေကို ချေးတပ်ဝင်ဆွဲတာပဲ၊ ဒီတော့ ငါတို့သုံးယောက် လိုက်သွားကြရင် မကောင်းဘူးလား"

"ဖြစ်ပါ့မလား၊ ငါ ကြားဖူးတာကတော့ အင်္ဂလိပ်တွေက ချေးတပ်ဆွဲတဲ့လူတွေကို သူတို့လိုချင်တဲ့နေရာရောက်အောင် ခေါ်သွားပြီးရင် သတ်ပစ်တယ်လို့ ပြောသံကြားဖူးတယ်၊ တော်ကြာ အသတ်ခံနေရရင် ဘယ်လိုလုပ်မလဲ"





"သေတာများ ဆန်းသလားကွာ၊ လူတစ်ယောက်မွေးလာတာ သေဖို့အတွက်မွေးလာတာပဲမဟုတ်လား၊ အခိုက်အတန့်ရတဲ့အချိန်လေးမှာ ကိုယ်လုပ်ချင်တာတွေလုပ်ကြပြီး နောက်ဆုံးပန်းတိုင်ကတော့ သေခြင်းပဲမဟုတ်လား၊ ဒီအတိုင်းသေတာနဲ့စာရင် အကျိုးရှိတာတစ်ခုခုလုပ်ပြီး သေတာက ပိုကောင်းတာပေါ့"

"ဒီလိုဆိုရင်လဲ မင်းသဘောပဲကွာ၊ ငါတို့နှစ်ယောက်ကတော့ မင်းခေါ်ရာနောက်ကို လိုက်ကြဖို့ အဆင်သင့်ပဲ"

ဟု ပြောဆိုတိုင်ပင်ကာ အခြားသူများနှင့်အတူ ဦးခမ်းလုံ၊ ဦးဘဇံ၊ ဦးဘိုးဟန်တို့သုံးယောက်လည်း ချေးတပ်သားဘဝနှင့် လိုက်သွားကြလေတော့သည်။

၎င်းတို့သည် ရိုးမတောင်ကြီးကိုဖြတ်ကာ အနောက်ဘက်သို့ ဦးတည်ကာ ခရီးဆက်ခဲ့ကြလေတော့သည်။ ဦးခမ်းလုံတို့မှာလည်း လမ်းတစ်လျှောက်လုံး အခွင့်မသာကြသဖြင့် ဒီအတိုင်း ဟန်မပျက် လိုက်သွားကြရာ ယခု တစ္ဆေမြောင်လိုဏ်ခေါင်းရှိရာသို့ ရောက်သောအခါ လိုဏ်ခေါင်းအတွင်းသို့ ဝင်ကာ ခရီးတစ်ထောက် နားကြလေသည်။

အင်္ဂလိပ်တို့မှာ အချို့နေရာများမှာ ထောက်လှမ်းရေးတပ်သားများနှင့် ဂျပန်တပ်များပေါင်းကာ ၎င်းတို့နောက်မှ တရကြမ်းလိုက်နေကြသောကြောင့် ပေါ်ပေါ်ထင်ထင်မသွားဝံ့ကြဘဲ ယခုကဲ့သို့ ပုန်းလျှိုး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လျှိုး သွားနေကြခြင်းဖြစ်သည်။

တစ္ဆေမြောင်လိုဏ်ခေါင်းအတွင်းသို့ရောက်သောအခါ အစားအသောက်များ ချက်ပြုတ်ရန်တာဝန်ကို ဦးခမ်းလုံတို့သုံးယောက်က တာဝန်ယူကြရသဖြင့် ဂူအတွင်းသို့ဝင်ကာ ရေနှင့်အစားအသောက်များ ဝင်ရှာကြစဉ် တစ်နေရာရောက်သောအခါ စမ်းချောင်းတစ်ခုနံဘေးမှာ ပေါက်နေသော ဂမုန်းပင်အများအပြားကိုတွေ့ကြရသည်။

"ဟန်ကျပြီ"

"ဘယ်လိုဟန်ကျတာလဲ ခမ်းလုံ"

"ဒီမှာ .. ငါတို့အတွက် အသုံးတည့်မယ့်လက်နက်ကောင်းတွေ တွေ့ရပြီ ငါပြောသလိုသာ လုပ်ကြပေတော့"

ဟု ပြောဆိုကာ တစ္ဆေသည်းခြေဟု အမည်ရှိသော ဂမုန်းပင်အချို့နှင့် စားမိလျှင် မူးမေ့စေတတ်သော မေ့ဆေးဂမုန်းပင်အချို့ကို နှုတ်ယူကာ ရေနှင့်အတူ ယူဆောင်လာကြလေသည်။

အစားအသောက်များ စီမံချက်ပြုတ်ရာ၌လည်းကောင်း၊ ရေနွေးကျိုရာ၌သော်လည်းကောင်း၊ မေ့ဆေးဂမုန်းရေများကို ထည့်ပေးလိုက်ရာ စားသောက်မိသူမှန်သမျှ မူးမေ့သွားလေတော့သည်။

အခြားအစားအသောက်များ မစားဘဲ လက်ဖက်ရည်ဖျော်သောက်သည့် အင်္ဂလိပ်များပင် ရေနွေးကြမ်းထဲတွင် ဂမုန်းရေများ ပါသဖြင့် မခံနိုင်တော့ဘဲ အိပ်ပျော်ကြလေသည်။





အားလုံး အိပ်ပျော်သွားသောအခါ ဦးခမ်းလုံတို့သုံးယောက်သည် ရတနာပစ္စည်းထည့်ထားသောသေတ္တာနှင့် လက်နက်ခဲယမ်းများထည့်ထားသော သေတ္တာများကို သယ်ယူပြီး လျှို့ဝှက်သောလိုဏ်ခေါင်းများအတွင်း၌ ဝှက်ထားလိုက်ကြလေသည်။

ပြီးသောအခါမှ ထိုနေရာသို့ တစ်ခေါက်ပြန်လာကြပြီး မီးပုံများအတွင်းသို့ တစ္ဆေသည်းခြေဂမုန်းဥများ ထည့်လိုက်သောအခါ စိမ်းရွှေရွှေအနံ့များ ဂူတစ်ခုလုံး ပြန့်နှံ့လာတော့သည်။

ထိုအနံ့များထွက်လာသည်နှင့် ဦးခမ်းလုံတို့သုံးယောက်မှာ မီးခိုးငွေ့များ မရှုမိစေရန် နှာခေါင်းများပိတ်၍ ဝေးရာသို့ သွားနေကြလေသည်။

ထိုအနံ့များကို ရှုမိသည်နှင့် အင်္ဂလိပ်စစ်သားများမှာ ပုံမှန်မဟုတ်ကြတော့ပေ။ မိမိရှေ့မှ တွေ့သမျှလူများကို မကောင်းဆိုးဝါးတစ်ကောင်လို မြင်လာပြီး သေနတ်နှင့်ပစ်တော့သည်။ ဤသို့ဖြင့် ပစ်ခတ်ကြရာ အတော်များများသေဆုံးသွားလေသည်။ သေဆုံးသူများထဲတွင် လက်ဖ်တင်နင်မစ်ချယ်လည်း ပါဝင်လေသည်။

ကျန်သူများမှာလည်း နှလုံးသွေးပျက်ကာ သွေးရူးသွေးတန်းဖြင့် ထွက်ပြေးသွားကြလေတော့သည်။ ၎င်းတို့မှာလည်း သက်ဆိုးရှည်ကြမည်မဟုတ်ဘဲ မကြာခင်မှာပင် နှလုံးသွေးပျက်ကာ သေကြမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခိုးအငွေ့များ ကင်းစင်သွားသောအခါ ဂူအတွင်းမှာ အသက်ရှင်ကျန်သူဆိုလို့ သူတို့သုံးယောက်သာ ကျန်ခဲ့လေသည်။ ဦးခမ်းလုံတို့သုံးယောက်သည် ရတနာသေတ္တာနှင့် လက်နက်ခဲယမ်းများထည့်ထားသောသေတ္တာများကို လုံခြုံစိတ်ချရသောနေရာများသို့ ရွှေ့ပြောင်းထားလိုက်ကြသည်။

သေနတ်သံများကြောင့် လိုဏ်ဂူအတွင်းသို့ ဂျပန်တပ်များရောက်လာသောအခါ သေဆုံးနေသောအလောင်းများကိုသာ တွေ့ကြရပြီး အခြားဘာမှမတွေ့ရပေ ဘာ့ပေ။

နောက်ပိုင်းမှာလည်း ဂျပန်များရောက်လာပြီး ခေတ်ပျက်ပြန်သဖြင့် ဦးခမ်းလုံတို့သုံးယောက်မှာ နေရပ်သို့မပြန်ကြတော့ဘဲ တစ္ဆေမြောင်လိုဏ်ခေါင်းကြီးအတွင်းမှာ လျှို့ဝှက်စွာ နေထိုင်ကြရင်း သင့်သလို ရှာဖွေစားသောက်ကြရလေသည်။

လအတန်ကြာသောအခါ ဂူအတွင်း၌ အနေဆင်းရဲ၊ အစားဆင်းရဲမှုဒဏ်များကြောင့် ကျန်းမာရေးချို့ယွင်းမှုများဖြစ်လာကြသည်။ သို့သော်လည်း ရတနာပစ္စည်းများ၏ သတင်းရရှိထားသဖြင့် ဂျပန်တပ်များက မကြာခဏ လာရောက်ရှာဖွေကြသောကြောင့် အပြင်လည်း မထွက်ဝံ့ကြတော့ပေ။

တစ်နေ့တော့ ဦးခမ်းလုံနှင့် ဦးဘစံတို့နှစ်ယောက်မှာ ဖျားနာရောဂါရပြီး ဦးဘစံ၏ရောဂါမှာ အတော်သည်းလာလေသည်။ သို့





ကြောင့် ၎င်းတို့နှစ်ဦး၏တာဝန်ကို ဦးဘိုးဟန်တစ်ယောက်တည်းမှ ဒိုင်ခံပြုလုပ်ပေးရလေသည်။ အပြင်မထွက်ရသဖြင့် အစားအသောက်ကလည်း ချို့တဲ့လာသည်။

တစ်နေ့တော့ ဦးခမ်းလုံက ပြောသည်။

"ဘိုးဟန် ...ဒီအတိုင်းဆိုရင် ငါတို့နှစ်ယောက်ကတော့ သက်ဆိုးရှည်ကြတော့မယ်မထင်ဘူး။ ငါတို့တစ်တွေသွားတဲ့ ချောင်းကမ်းပါးမှာ ဂမုန်းနက်ဥတွေရှိတယ်၊ အပင်က ဆိပ်ဖူးပင်နဲ့ သဏ္ဌာန်တူတယ်၊ ဥက နနွင်းတက်နဲ့တူတယ်၊ ဒါပေမယ့် နနွင်းတက်လို အဝါရောင်မဟုတ်ဘူး၊ အနက်ရောင်ရှိတယ်၊ အရသာကလဲ ခါးတယ်၊ အဲဒီဆေးပင်ကိုသာ ရအောင်ရှာပေးပါကွာ၊ အဲဒီဆေးပင်ရမှ ငါတို့နှစ်ယောက် အသက်ရှင်ခွင့်ရတော့မယ် ဘိုးဟန်"

"အေး ... စိတ်ချ ခမ်းလုံ၊ မင်းတို့သာ အားတင်းထားကြ၊ မင်းပြောတဲ့ဆေးပင်ကို မရရအောင် ငါ ရှာယူလာခဲ့မယ်"

ဟု ပြောကာ လိုဏ်ဂူအတွင်းသို့ ဝင်သွားလေသည်။

တကယ်တော့ သူတို့အဖွဲ့ထဲတွင် ဂမုန်းပင်နှင့် ဆေးဝါးကိစ္စများကို ကျွမ်းကျင်သူက ဦးခမ်းလုံပင်ဖြစ်သည်။ ဦးဘစံနှင့် ဦးဘိုးဟန်တို့နှစ်ယောက်က ထိုအကြောင်းများကို သိပ်နားမလည်ကြပေ။

ယခု ဦးခမ်းလုံကိုယ်တိုင်က နေရာမှ မထနိုင်တော့သဖြင့် အခက်တွေ့ကာ ဦးဘိုးဟန်တစ်ယောက်တည်း ဂူအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့ရခြင်းဖြစ်လေသည်။ ဂမုန်းပင်များရှိသောနေရာသို့ မကြာခဏ ရောက်ဖူးနေသဖြင့် အခက်အခဲမရှိ သွားနိုင်ပေသည်။

သူတို့တစ်တွေ ယခုကဲ့သို့ ရောဂါခံစားရသည်မှာ အစာရေစာ ဝလင်အောင် မစားကြရသောကြောင့်ဖြစ်သည်။ ယခုလည်း ဦးဘိုးဟန်တစ်ယောက် ထွက်သာလာရသော်လည်း ဘာမှမစားရသေးသောကြောင့် ဝမ်းဗိုက်က ဆာနေလေသည်။ တစ်ခုခုကို ဝအောင် စားသောက်ရလျှင် ကောင်းမှာပဲဟု တွေးတောလာသည်။

ချောင်းနှင့်မလှမ်းမကမ်းနေရာရောက်သောအခါ အံ့သြဖွယ်ရာ မြင်ကွင်းတစ်ခုကို လှမ်းမြင်ရလေသည်။ အခြားမဟုတ်ပေ၊

ဂမုန်းပင်များပေါက်နေသောနေရာတွင် လူတစ်ယောက်ရှိနေသည်ကို လှမ်းမြင်လိုက်ရသောကြောင့်ဖြစ်သည်။ ဦးဘိုးဟန်သည် ထိုလူကို လှမ်းမြင်ရသဖြင့် အံ့သြခြင်းနှင့်အတူ စိုးရိမ်စိတ်လည်း ဝင်မိလေသည်။

သူတို့ လိုဏ်ဂူအတွင်း ရောက်နေကြသည်မှာ လပေါင်း အတန်ကြာသည့်အထိ ဂျပန်တပ်များ တစ်ခါတစ်ရံ ဝင်ရောက်လာသည်မှလွဲ၍ အခြားလူများ တစ်ယောက်ချင်း နှစ်ယောက်ချင်း လာလေ့မရှိပေ။ ဂမုန်းပင်များရှိသောနေရာကိုလည်း သိကြဟန်မတူပေ၊

ယခုမှ ထူးထူးခြားခြား လူတစ်ယောက်ရောက်နေသဖြင့် အံ့သြသွားခြင်းဖြစ်ပေသည်။ ထိုလူမှာ အသားမည်းမည်း၊ အရုပ်ပုပု





နှင့်ဖြစ်ပြီး ကတုံးက ပြောင်နေသည်။ အပေါ်မှာ အင်္ကျီမရှိဘဲ ခါးမှာတော့ နံ့ငယ်ပိုင်းတစ်ခုပတ်ထားလေသည်။

ထိုလူသည် ဂမုန်းပင်များကြားတွင် ထိုင်နေခြင်းဖြစ်သည်။ ဦးဘိုးဟန်ဝင်လာတော့ တစ်ချက်လှည့်ကြည့်သည်။ မျက်လုံးများမှာ သာမန်နှင့်မတူဘဲ နီနေလေသည်။

ဦးဘိုးဟန်က မြင်သော်လည်း ဘာမှ ထူးထူးခြားခြားဖြစ်ဟန်မရှိဘဲ သူလုပ်နေသည့်အလုပ်ကိုသာ ဆက်လုပ်နေလေသည်။ သူလုပ်နေသည်မှာ အခြားမဟုတ်ပေ။

ရေစိုနေသော သဲမြေကို လက်နှစ်ဖက်နှင့်ယက်ကာ ဂမုန်းဥများကို တူးဖော်၍ စားသောက်နေခြင်းဖြစ်သည်။ ဦးဘိုးဟန်က အနားရောက်အောင် လျှောက်သွားလေသည်။

"ဘာလုပ်နေတာလဲ"

"ဂမုန်းဥတူးနေတာလေ"

"ဘာလုပ်ဖို့လဲ"

"စားဖို့ တူးတာပေါ့၊ ဒီဂမုန်းဥက နတ်ဆေးဂမုန်းလို့ ခေါ်တယ်၊ သူ့ကိုစားရင် အသက်ရှည်တယ်၊ ကျန်းမာတယ်၊ အားရှိတယ်"

ဟု ပြောကာ ဂမုန်းဥတစ်လုံးကို မြှောက်ပြလေသည်။ ဂမုန်းဥမှာ စိမ်းစားဥအရွယ်ခန့်ရှိပြီး နီညိုရောင်သမ်းနေလေသည်။

ထိုသူက စိမ်းစားဥအရွယ် ဂမုန်းဥများကို တရှမ်းရှမ်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အားရ ပါးရ စားနေရာ ဦးဘိုးဟန်လည်း မနေနိုင်တော့ဘဲ ထိုနေရာသို့ လျှောက်သွားကာ ၎င်းကဲ့သို့ ဂမုန်းဥများကို တူးယူကာ တစ်ကိုက် ကိုက်ကြည့်လိုက်သည်။

ဂမုန်းဥ၏အနံ့မှာ သွေးညှီနံ့ကဲ့သို့ အနံ့တစ်မျိုးရှိပြီး အရသာမှာ သားစိမ်းငါးစိမ်းစားရသကဲ့သို့ ချိုမြမြ အေးစက်စက်နှင့်ဖြစ်သည်။ အပင်မှာ အရွက်ဖားဖားရှိပြီး အပေါ်ယံက အစိမ်းရင့်ရောင်ရှိပြီး အောက်ဘက်တွင် ပတ္တမြားဂမုန်းရွက်ကဲ့သို့ နီရဲလျက် ရှိလေသည်။

ထိုဥတစ်လုံးကို စားကြည့်လိုက်တော့ ဗိုက်ထဲမှာ အဆာပြေသွားလေသည်။ သို့ကြောင့် ကျန်နှစ်ယောက်ကိုကျွေးရန်အတွက် ဂမုန်းဥသုံးလေးလုံးကိုလည်း တူးယူလိုက်သေးသည်။ ပြီးမှ ....

"ဂမုန်းနက်ဥက ဘယ်နားမှာရှိနိုင်မလဲ"

ဟု မေးလိုက်ရာ ထိုသူမှာ အထိတ်တလန့်ဖြစ်သွားကာ နေရာမှ ထသွားသဖြင့် ဦးဘိုးဟန်မှာ နားမလည်သလိုဖြစ်သွားမိသည်။ သို့ကြောင့် သူဘာသာလိုက်ရှာရာ ကံအားလျော်စွာ ဂမုန်းနက်ဥ အချို့ကိုရသဖြင့် နေရာသို့ ပြန်သွားလေသည်။

၎င်းတို့နေသောနေရာသို့ ရောက်သောအခါ သူရှာယူလာသော ဂမုန်းဥများကို ဦးခမ်းလုံးအား ပေးလိုက်သည်။ ဦးခမ်းလုံက ဂမုန်းနက်ဥအချို့ကိုသွေး၍ ဆေးအဖြစ်သောက်သည်။ ဦးဘဇံကိုလည်း တိုက်သည်။ ဆေးတစ်ခွက် နှစ်ခွက်သောက်ပြီးသောအခါ အဖျား





ရောဂါသက်သာသွားပြီး အတန်ငယ် နေသာထိုင်သာရှိလာသည်။

ထိုအခါ ဦးဘိုးဟန်က ၎င်းယူလာသော ဂမုန်းဥများကို ပေးပြန်လေသည်။

"ရော့ ..ဒီမှာ၊ မင်းတို့နှစ်ယောက် နေမကောင်းပြီးကာစ အားရှိအောင်စားဖို့ ငါရှာယူလာတာ"

ဦးခမ်းလုံက ဦးဘိုးဟန် ချပေးသော ဂမုန်းဥများကို အသေအချာကြည့်ကာ မျက်လုံးပြူးသွားလေသည်။

"ဘိုးဟန် ... ဒီဂမုန်းဥတွေ ဘာလုပ်ဖို့ ယူလာတာလဲ"

"စားဖို့ ယူလာတာလေ"

"ဒီဂမုန်းဥတွေစားရတယ်လို့ မင်းကို ဘယ်သူပြောလိုက်လို့လဲ"

"ဂူထဲမှာ လူတစ်ယောက်နဲ့ တွေ့လို့ သူပြောလိုက်တာ၊ သူတောင် ထိုင်စားနေသေးတယ်"

"အဲဒီလူက ဘယ်လိုပုံစံမျိုးလဲ"

"အသားမည်းမည်း၊ အရပ်ပုပု၊ ကတုံးနဲ့ မျက်လုံးကတော့ အတော်နီတယ်"

"မင်းတော့ ဂမုန်းဘီလူးနဲ့ တွေ့လာပြီထင်တယ်၊ ဒီဂမုန်းဥတွေကို မင်းစားလိုက်မိသေးလား"

ဦးခမ်းလုံက မိုးရိမ်တကြီး မေးလိုက်သည်။

"အေး တစ်လုံးနှစ်လုံးတော့ စားလိုက်တယ်၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးဟန်က အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။ ထိုစကားကြားသောအခါ ဦးခမ်းလုံမှာ ဟာခနဲ ဖြစ်သွားပြီး ....

"ဖြစ်ရလေ သူငယ်ချင်းရယ်၊ မင်းတော့ ဂမုန်းဘီလူးလှည့်စားတာ ခံလိုက်ရပြီ"

ဟု ရင်မချိသောလေသံဖြင့် ပြောလိုက်လေသည်။ ထို့နောက် ဦးဘိုးဟန်ယူလာသော ဂမုန်းဥများကို ဓားဖြင့် ထက်ပိုင်းပိုင်းလိုက်သောအခါ သွေးရောင်ကဲ့သို့ အစေးများကျလာပြီး အတွင်းသား၌ ဘီလူးခေါင်းရုပ်များ ပေါ်နေသည်ကိုတွေ့ရလေတော့သည်။

ထိုအခါမှ ဦးဘိုးဟန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

"အခုလိုစားမိတော့ ဘာ ... ဘာဖြစ်မှာလဲဟင်၊ အဆိပ်သင့်ပြီး ငါသေမှာလား"

"သေသွားတာကမှ ကောင်းပါသေးတယ်ကွာ"

ဟု ဦးခမ်းလုံက ရေရွတ်လိုက်လေသည်။

နောက်ပိုင်းရက်မှာတော့ ဦးဘိုးဟန်တစ်ယောက် တစ်ကိုယ်လုံးယားယံကာ မနေနိုင်အောင်ဖြစ်လာသည်။ တစ်ကိုယ်လုံး အဖုအပိမ့်လုံးကြီးများထွက်ကာ မနေနိုင်အောင် ဖြစ်လာတော့သည်။ စိတ်မှာလည်း ခါတိုင်းနှင့်မတူတော့ဘဲ ခက်ထန်ကြမ်းတမ်းလာတော့သည်။





သို့သော်လည်း ဦးခမ်းလုံနှင့် ဦးဘဖုံတို့ကိုတော့ ရန်မမူပေ။ သူ စိတ်ကြမ်းဝင်လာလျှင် တစ်နေရာသို့ထွက်သွားကာ အော်ဟစ်နေတတ်သည်။ ကျောက်နံရံများကို ထုရိုက်နေတတ်သည်။

နောက်ပိုင်း အချိန်ကြာလာလေလေ ဦးဘိုးဟန်၏ပုံပန်းသဏ္ဌာန်မှာ တစ်နေ့တခြား ဆိုးဝါးလာကာ အသွင်ပြောင်းလာသည်။ ကြောက်မက်ဖွယ်ရာကောင်းလာတော့သည်။

ဂူအတွင်းမှာ ရှာဖွေရသော သာမန်အစားအသောက်များကို မစားနိုင်တော့ဘဲ ဂူတစ်ဝိုက်သို့ လာသော တောကောင်များကို လိုက်လံဖမ်းဆီးသည်။ ရလာလျှင် အချို့ကို ဦးခမ်းလုံနှင့် ဦးဘဖုံတို့ကို ပေး၍ ကျန်တာကို အစိမ်းလိုက်စားလေတော့သည်။

နောက်ပိုင်းရောက်လာတော့ ဂူပတ်ဝန်းကျင်တစ်ဝိုက်သို့ ရောက်လာသော ကျွဲနွားများကို လိုက်လံဖမ်းဆီးလေသည်။ သူသည် ဂမုန်းဘီလူးများ စားသောက်ပြီးနောက်ပိုင်းတွင် အရုပ်အမောင်းက တဖြည်းဖြည်းမြင့်တက်လာသလို ကိုယ်လုံးကလည်း ကြီးလာလေသည်။ တစ်ကိုယ်လုံး ကြောက်မက်ဖွယ်ကောင်းလောက်အောင် အဖုအပိမ့်ကြီးများထွက်လာပြီး ရုပ်ဆင်းအင်္ဂါကလည်း ကြောက်မက်ဖွယ်အသွင် ပြောင်းလာတော့သည်။

မျက်လုံးများက နီရဲလာပြီး မျက်နှာသွင်ပြင်ကလည်း ဘီလူးတစ်ကောင်၏ မျက်နှာကဲ့သို့ ဖြစ်လာသည်။ ၎င်း၏စိတ်များက



www.burmeseclassic.com

www.burmeseclassic.com



လည်း မူလစိတ်မရှိတော့ဘဲ ခက်ထန်ကြမ်းတမ်းလာသည်။ သို့သော်လည်း ဦးခမ်းလုံနှင့် ဦးဘဖံတို့ကိုတော့ ရန်မပြုပေ။

အကယ်၍ မူလစိတ်ပျောက်ကာ ခက်ထန်ကြမ်းတမ်းလာပြီး မမှတ်မိသောအသွင်မျိုးဖြစ်လာပါက အသံပြုလိုက်လျှင် ချက်ချင်းမှတ်မိသွားသည်။ စိတ်ကောင်းဝင်ပြီး မူလစိတ်မျိုးပြန်ရောက်နေသောအခါ ဦးခမ်းလုံတို့နှင့် စကားစမြည်ပြောနေလေ့ရှိသည်။

"မင်းပြောသလိုပါပဲကွာ၊ ငါ့ဘဝက တစ်ခါတည်းသေသွားတာကမှ ပိုကောင်းပါသေးတယ်၊ အခုတော့ လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းဘဝနဲ့နေရတာ ဒုက္ခများလှပါတယ်"

"ဒီလောက်လဲ စိတ်မလျှော့ပါနဲ့ သူငယ်ချင်းရယ်၊ တစ်နေ့တော့ သင့်တော်တဲ့ဆေးနဲ့တွေ့ပြီး မင်းရောဂါတွေ ပျောက်သွားမှာပါ"

"ရှိပါစေတော့ကွာ၊ ငါ့အတွက်နဲ့တော့ ဒုက္ခမရှာကြပါနဲ့တော့"

နောက်ပိုင်းရက်များမှာလည်း လူ့ဘီလူးဘဝရောက်လာသော ဦးဘိုးဟန်က ၎င်းရှာဖွေရလာသော အမဲသားငါးများကို အချို့လာရောက်ပေးသဖြင့် ဦးခမ်းလုံတို့နှစ်ယောက်မှာ ခါတိုင်းထက်တော့ အစားအသောက်ရကြလေသည်။

ထို့ပြင် ဂူအတွင်း၌ ရတနာများရှိသည်ကိုသိသဖြင့် လာရောက်ရှာဖွေသူများကိုလည်း သုတ်သင်ဖယ်ရှားပစ်လေသည်။ တစ်ခါက





လည်း လိုဏ်ဂူထဲကို ရတနာပစ္စည်းများ ရှာဖွေရန် ဂျပန်တပ်များရောက်လာရာ ဦးခမ်းလုံတို့ကို ကြိုတင်သတင်းပေးနိုင်လေသည်။

ဂူအတွင်း နယ်ကျော်ကာ ရောက်လာသူများကိုလည်း သုတ်သင်ပစ်နိုင်ခဲ့လေသည်။ *နောက်ပိုင်းရောက်သောအခါ ဦးခမ်းလုံက* မိမိနေရပ်သို့ လျှို့ဝှက်ပြန်သွားပြီး ဖက်ဆစ်ဂျပန်များကို တော်လှန်လိုသူများကို ခေါ်ဆောင်လာကာ လိုဏ်ဂူအတွင်း၌ လျှို့ဝှက်စွာ စခန်းချကာ မဟာမိတ်ဆိုကြာ:ကို ဖွဲ့စည်းခဲ့လေသည်။

နောက်ပိုင်းရောက်လာတော့ သစ်တောစခန်းများမှ အလုပ်သမားများပါ ဝင်ရောက်လာကြရာ နီမောင်တို့လို အရည်အချင်းရှိသော လူငယ်လူရွယ်များပါ ပါလာပြီး အင်အားကြီးမားလာလေတော့သည်။

ထို့ပြင် ရန်သူများထံမှ လက်နက်များကိုရကြပြန်ရာ လက်နက်အင်အားကလည်း တောင့်တင်းလာလေသည်။ နောက်ပိုင်းကာလများမှာတော့ ငှက်ဖျားရောဂါအခံရှိသော ဦးဘဖံ တစ်ယောက်သေဆုံးသွားလေတော့သည်။ ဦးခမ်းလုံက ဦးဘဖံ အလောင်းကို ကျွန်းသေတ္တာကြီးအတွင်း၌ထည့်ကာ လိုဏ်ခေါင်းတစ်နေရာ၌ ကောင်းမွန်စွာ ထားလေသည်။

နောက်ပိုင်းကာလကြာသောအခါ ဦးခမ်းလုံ၏ သားချင်းတော်သူများပါ ရောက်လာကြရာ ထိုအထဲတွင် မြဆင့်ဝေတို့လို အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



များပါလာလေသည်။ မြဆင့်ဝေသည် ဦးခမ်းလုံ၏ တူမတော်စပ်သူဖြစ်လေသည်။

ယခုအခါမှာတော့ ဦးခမ်းလုံဦးဆောင်သော မဟုရာကိုဏ်းမှာ နီမောင်တို့လို အားကိုးရသည့် လူငယ်လူရွယ်များ တဖြည်းဖြည်းများလာပြီးနောက် အင်အားကြီးမားလာကာ ဖက်ဆစ်ဂျပန်များကို ယှဉ်နိုင်သောအနေအထားသို့ ရောက်ခဲ့လေပြီဖြစ်တော့သည်။

အထက်ပါအကြောင်းများမှာ ဦးခမ်းလုံပြောပြသော အကြောင်းများပင်ဖြစ်ပေတော့သည်။

❑ ❑ ❑





အခန်း (၁၅)

<u>အချစ်သည် လောက၏အလှကို ဖန်ဆင်းလေသည်</u>

မြူနှင်းများကို ထိုးဖောက်ဆင်းလာသော လရောင်သည် တစ္ဆေမြောင်လိုဏ်ဂူတစ်ဝိုက်သို့ ဖြာဆင်းကျနေသည်။ မှုန်ပျပျ လရောင်အောက်တွင် ဝိုးတဝါးမျှသာ လှမ်းမြင်ရသော ရိုးမတောင်တန်းကြီးများနှင့် မှိုင်းညို့ညို့သစ်တောကြီးများမှာ မြူခိုးငွေ့များ ဝေ့ဆိုင်းနေသောကြောင့် လှမ်းကြည့်လျှင် လွမ်းချင်စရာအသွင် ရှိနေတော့သည်။

တစ္ဆေမြောင်ဂူကြီးတစ်ဝိုက်မှာ တိတ်ဆိတ်ခြင်းက မင်းမူနေသော်လည်း အဝေးဆီမှ တောခွေးများအူသံကို ပျပျလေး ကြားနေရသည်။

မြောက်ပြန်လေနှင့်အတူပါလာသော နှင်းစက်များကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အအေးဓာတ်များက ပတ်ဝန်းကျင်တစ်ဝိုက်ကို လွှမ်းခြုံထားလေသည်။ တစ္ဆေမြောင်လိုဏ်ဂူကြီး၏ အပေါ်ပိုင်းတစ်နေရာမှာ လူနှစ်ယောက်ထိုင်နေကြသည်။ အခြားမဟုတ်ပေ။

နီမောင်နှင့် မြဆင့်ဝေတို့နှစ်ယောက် ဖြစ်သည်။

"ကိုနီမောင်က အခုလို တော်လှန်ရေးအလုပ်ထဲမှာပဲ စိတ်ရောကိုယ်ပါနှစ်ပြီးလုပ်နေတော့ ကျန်ခဲ့တဲ့လူတွေအတွက် စိတ်မပူရဘူးလားဟင်"

"ကျွန်တော့်မှာ မိဘနှစ်ပါးပဲရှိပါတယ်၊ ကျွန်တော့်အဖေကလဲ အင်္ဂလိပ်တော်လှန်ရေးသမားတစ်ယောက်ပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီအလုပ်တွေကို လုပ်တဲ့နေရာမှာ နောက်ဆံတင်းစရာမရှိပါဘူး"

"ကောင်းတာပေါ့ ကိုနီမောင်ရယ်၊ ဒါထက် ဖက်ဆစ်ဂျပန်တွေကို တိုက်ထုတ်ပြီးရင်ရော ကိုနီမောင်က ဘာဆက်လုပ်မှာလဲ"

"တော်လှန်ရေးကာလတစ်လျှောက်မှာ ကံကောင်းထောက်မလို့ အသက်မသေဘဲကျန်ခဲ့ရင်တော့ ကျွန်တော်ဝါသနာပါတဲ့ သစ်တောလုပ်ငန်းတွေကိုပဲ ပြန်လုပ်မယ်လို့ စိတ်ကူးထားပါတယ်၊ ဒါထက် ကျွန်တော့်အကြောင်းကိုပဲ မေးနေတယ်၊ မြဆင့်ဝေအကြောင်းကိုလဲ ပြောပြဦးလေ"

"ကျွန်မအကြောင်းက ထွေထွေထူးထူးပြောစရာ မရှိလှပါဘူး





ကိုနီမောင်ရယ်၊ ကျွန်မတို့က ရှမ်းပြည်နယ်ဘက်ကပါ၊ ကျွန်မမှာ အဖေမရှိတော့လို့ အမေပဲရှိပါတယ်၊ ကျွန်မတို့သားအမိကို ဘကြီးထွေးက စောင့်ရှောက်ပေးထားတာပေါ့၊ အခု ဘထွေးက ဒီနေရာရောက်နေတော့ ကျွန်မလဲလိုက်လာပြီး တတ်နိုင်သမျှ အကူအညီပေးနေရတာပေါ့"

"မြဆင့်ဝေရဲ့ စိတ်ဓာတ်ကိုလေးစားပါတယ်၊ တောထဲတောင်ထဲမှာ အပင်ပန်းအဆင်းရဲခံနိုင်တဲ့ ဖွဲ့ကိုလဲ ချီးကျူးမိပါတယ်"

မြဆင့်ဝေက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"တကယ်တော့ ကျွန်မတို့ အန္တရာယ်ရှိတယ်ဆိုတာ ရှေ့တန်းမှာ လုပ်နေတဲ့ ကိုနီမောင်တို့ကို မမီပါဘူး၊ ရှေ့က အသက်ကိုစတေးပြီးလုပ်နေတဲ့ လူတွေအတွက် နောက်က ပါရမီဖြည့်ပေးနေတဲ့ အဆင့်လောက်ပဲရှိပါတယ်"

ဘယ်လောက်ပဲအပြေးမြန်တဲ့ မြင်းတစ်ကောင်ဖြစ်ပါစေ၊ ခြေထောက်မှာတပ်ထားတဲ့ သံခွာကလေးတစ်ခု အထောက်အကူမရှိနိုင်ဘဲ ခရီးဝေးသွားဖို့ မရနိုင်သလို စက်သဘောကြီးတွေ ဘယ်လောက်မြန်အောင် မောင်းနိုင်တယ်ဆိုပေမယ့် နောက်ဘက်က တက်မပြားလေးရဲ့ အထောက်အကူမပါဘဲနဲ့ ပင်လယ်ပြင်ကိုဖြတ်လို့မရနိုင်ပါဘူး၊ ဒီလိုပါပဲ၊ လူတွေမှာလဲ နောက်က ပါရမီဖြည့်ပေးမယ့်သူ၊ အထောက်အကူပြုပေးမယ့်သူမပါရင် ရည်ရွယ်တဲ့နေရာရောက်အောင် သွားဖို့

www.burmeseclassic.com



မလှူယ်ပါဘူး။ ဒါကြောင့် မြဆင့်ဝေတို့လို နောက်က အထောက်အကူ ပေးမယ့်လူမျိုးကသာ လိုအပ်ပါတယ်"

"ဘယ်လို လိုအပ်တာလဲ ကိုနီမောင်ရဲ့"

"ဘဝတစ်သက်တာအတွက် ပါရမီဖြည့်ပေးနိုင်မယ့် အဖော်ကောင်းတစ်ယောက်လိုတယ်လို့ ပြောတာပါ"

"ကိုနီမောင်လို လူမျိုးတစ်ယောက်ဆီမှာ ဒီလိုစိတ်ကူးမျိုးရှိနေတာတော့ အံ့ဩစရာပဲ"

"မြဆင့်ဝေက ကျွန်တော့်ကို ဘယ်လိုများမြင်နေလို့လဲ"

"ကျွန်မက ကိုနီမောင်ကို အလုပ်တာဝန်တွေကိုပဲ ဦးစားပေးနေတဲ့လူတစ်ယောက်ဖြစ်မယ်လို့ ထင်ခဲ့မိတာ"

"အသည်းနှလုံးကပေးတဲ့တာဝန်နဲ့ ဦးနှောက်ကပေးတဲ့တာဝန်နှစ်ခုကိုတော့ ရောထွေးမထားတတ်ပါဘူး။ တော်လှန်ရေးကိစ္စတွေလုပ်နေတယ်ဆိုတာ ဦးနှောက်ကပေးတဲ့အသိတရားပါ။ ဘဝအတွက် ပါရမီဖြည့်ဖက်လိုတယ်လို့ပြောတာက အသည်းနှလုံးကတောင်းဆိုတဲ့ ကိစ္စပါ။ ဒီနှစ်ခုကိုတော့ တစ်ခုမဟုတ် တစ်ခုလုပ်နေရမှာပဲ"

နီမောင်စကားကြားသောအခါ မြဆင့်ဝေက ပြုံးပြန်လေသည်။

"ကိုနီမောင်ကလဲ စိတ်ကြွမ်းလူကြမ်းနေတယ်ဆိုပေမယ့် ကဗျာဆန်တဲ့စကားတွေကိုလဲ ပြောတတ်သားပဲ။ ဒါထက် မေးရဦးမယ်၊ အဲသည်လို အလှည့်ကျလုပ်နေရတော့ ကိုနီမောင်အနေနဲ့





သပ်တော်ပေးထားတဲ့ စက်ရုပ်တစ်ရုပ်နဲ့ တူမနေဘူးလား"

"လူဆိုတာ အရာတစ်ခုထဲကို အချိန်အကြာကြီးမှ မလုပ်နိုင်ဘ ။ တာဝန်ချိန်မှာ တာဝန်ကြေအောင်လုပ်ပြီး ခံစားရမယ့်အချိန်မှာ ခံစားလိုက်မှ သဘာဝကျမှာပေါ့"

"ထားပါတော့လေ၊ အခုဆိုရင် ကိုနီမောင်ပြောတဲ့အတိုင်း တော်လှန်ရေးကာလထဲမှာ လှုပ်ရှားနေရတာဆိုတော့ ဦးနှောက်ကပေးတဲ့တာဝန်ကို ထမ်းဆောင်နေရတဲ့အချိန်ပဲ ဖြစ်မှာပေါ့နော်"

"မှန်ပါတယ်၊ ကာလအနေနဲ့ တွက်မယ်ဆိုရင် တော်လှန်ရေးကာလဆိုတော့ ဦးနှောက်ကပေးတဲ့တာဝန်တွေကို ထမ်းဆောင်နေရတဲ့ကာလဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အချိန်အနေနဲ့ တွက်မယ်ဆိုရင် အခုအချိန်က ကျွန်တော့်ရဲ့ကိုယ်ပိုင်အချိန်ဖြစ်နေတယ်လေ"

"ဒီတော့ ......."

"ဒီတော့ ဒီအချိန်ကလေးမှာ အသည်းနှလုံးကပေးတဲ့တာဝန်ကို ထမ်းဆောင်ဖို့ အခွင့်အရေးရှိနေတယ်ဆိုပါတော့"

နီမောင်စကားကြားသောအခါ မြဆင့်ဝေက ခေါင်းကလေးငုံ့သွားလေသည်။ ပြီးလျှင် မှုန်ပျပျလှမ်းမြင်နေသော အဝေးမှမြင်ကွင်းများကို လှမ်းကြည့်နေသည်။

"ခံစားချက်ဆိုတာ တစ်ယောက်တည်းခံစားနေရတာနဲ့စာရင် အဖော်တစ်ယောက်ကိုပြောပြီး မျှဝေခံစားရတာ ပိုကောင်းတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးပါတယ်၊ အခွင့်သင့်တုန်း ကျွန်တော့်ရင်ထဲမှာရှိတဲ့ ခံစားချက်တွေကို နားထောင်မယ့်သူရှိတုန်း အေးအေးဆေးဆေး ပြောပြရရင်ကောင်းမလားလို့ စဉ်းစားနေတာ”

“အို ... ကိုနီမောင်ကလဲ”

မြဆင့်ဝေက ကတုန်ကယင်ဖြင့် ပြန်ပြောလိုက်သည်။ နီမောင်ကပြုံး၍ မြဆင့်ဝေကို အကဲခတ်သလို တစ်ချက်ကြည့်သည်။

“ကျွန်တော့်သဘောကို အခုလောက်ဆိုရင် မြဆင့်ဝေ သဘောပေါက်လောက်ရောပေါ့နော်၊ ကျွန်တော် မြဆင့်ဝေကို မေတ္တာရှိနေတာကြာပါပြီ”

“ဟင် ... ကိုနီမောင်နဲ့ ကျွန်မနဲ့ တွေ့ကြတာတောင် မကြာသေးဘဲ ဘယ်အချိန်ကတည်းက မေတ္တာရှိနေခဲ့တာလဲ”

“စတွေ့ကတည်းကဆိုပါတော့”

“ဒါကတော့ ပိုပြီ”

“မပိုပါဘူး တကယ်ပြောတာပါ။ ကျွန်တော်အမှန်အတိုင်း ပြောရရင် မြဆင့်ဝေကို စတွေ့ကတည်းက စိတ်ဝင်စားခဲ့တာပါ၊ တော်လှန်ရေးစိတ်ဓာတ်ရှိတာရော၊ တောထဲတောင်ထဲမှာ ယောက်ျားတွေနဲ့ ရင်ပေါင်တန်းပြီး ဇွဲရှိရှိနဲ့ လုပ်နိုင်ကိုင်နိုင်တာရော သဘောကျနေတာပါ၊ ကျွန်တော် သွယ်သွယ်ဝိုက်ဝိုက်မပြောတတ်တာကိုတော့ ခွင့်လွှတ်ပါ”





မြဆင့်ဝေထံမှ သက်ပြင်းချသံတစ်ချက် ပေါ်ထွက်လာသည်။

“ကျွန်မတို့နှစ်ယောက် ဆုံစည်းရတဲ့အချိန်က တကယ့်ကိုကြမ်းတမ်းလှတဲ့အချိန်ပါပဲ၊ ကိုနီမောင်မေတ္တာကို ကျွန်မ အသိအမှတ်ပြုပါ့မယ်၊ တကယ်လို့ အရေးတော်ပုံအောင်ပြီးတဲ့အခါ နှစ်ယောက်စလုံး မသေမပျောက်ရှိကြတယ်ဆိုရင်တော့ ကျွန်မ ကိုနီမောင်ရဲ့မေတ္တာကို လက်ခံပါ့မယ်”

ဟု အဖြေပေးသည်။

“လက်ခံမယ်ဆိုရင်လဲ အခုပဲ လက်ခံပေးပါလား မြဆင့်ဝေရယ်၊ ဒါမှ တကယ်လို့ သေသွားခဲ့ရင်တောင် စိတ်ဖြောင့်ဖြောင့်သေသွားရတာပေါ့”

“အို ... ကိုနီမောင်ကလဲ”

“အမှန်ပြောတာပါ၊ အချစ်ဟာ ခွန်အားတစ်ခုကို ဖြစ်စေတယ်ဆိုတော့ တကယ်လို့ တိုက်ပွဲတွေနဲ့ရင်ဆိုင်ရလဲ အင်အားသစ်တစ်ခုရတာပေါ့”

“ကျွန်မအနေနဲ့ အခုချက်ချင်းလက်မခံချင်သေးတာက ကျွန်မအတွက် နှောင့်နှေးမှုဖြစ်နေမှာစိုးလို့ပါ”

“ဘယ်လိုနှောင့်နှေးမှုမျိုးလဲဟင်”

“ကိုနီမောင်နဲ့ကျွန်မနဲ့ ချစ်သူဘဝရောက်သွားရင် တစ်ယောက်နဲ့တစ်ယောက်သက်တဲ့မှန်သမျှ ကျွန်တဲ့တစ်ယောက်က ဂရုစိုက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အချိန်တွေပေးရတော့မယ်၊ ဒီလိုဆိုရင် ကိုနီမောင်တို့ဆောင်ရွက်နေတဲ့အလုပ်တွေမှာ နှောင့်နှေးမှုဖြစ်မှာစိုးလို့ပါ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ ကျွန်တော့်အမေနဲ့ အရေးကြီးတဲ့ ဝတ္တရားနဲ့ နှလုံးသားရေးရာကိစ္စတွေကို မရောထွေးအောင် ဆင်ခြင်နိုင်ပါတယ်၊ မြဆင့်ဝေ ကျွန်တော့်မေတ္တာကိုလက်ခံပြီမဟုတ်လား"

"ကျွန်မ ကိုနီမောင်ရဲ့မေတ္တာကို လက်ခံပါ့မယ်၊ ဒါပေမယ့် ကျွန်မတို့ရဲ့ အဓိကရည်ရွယ်ချက်တွေ ပြည့်မြောက်အောင်မြင်မှပဲ လက်ထပ်ကြမယ်နော်"

"ဒါကတော့ ဝေရဲ့သဘောပါ၊ ကိုယ်ကတော့ ကိုယ့်မေတ္တာကို လက်ခံထားတယ်ဆိုရုံနဲ့တင် ကျေနပ်လှပါပြီ"

ဟု ပြောကာ မြဆင့်ဝေလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရာ မြဆင့်ဝေကလည်း ပြန်ဆုပ်ကိုင်ထားလေသည်။

ထို့နောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြလေသည်။ သူတို့အပြုံးများသည် အချစ်၏အငွေ့အသက်များ ရိုက်ခတ်ထားပြီဖြစ်သဖြင့် လန်းဆန်းတက်ကြွလျက် ရှိနေချေပြီ။

ယခုတော့ လောကတစ်ခုလုံး ကြည်လေရာ မြင်လေရာ လှပနေတော့သည်။





အခန်း (၁၆)

## ဦးဘိုးဟန်နှင့် နောက်ဆုံးတိုက်ပွဲ

တစ်ပတ်ခန့်ကြာသောအခါ ဂျပန်တပ်များ တစ္ဆေမြောင်လိုဏ်ဂူရှိရာသို့ ချီတက်လာပြီဟူသော သတင်းများကို ကြိုတင်လွှတ်ထားသော အထောက်တော်များထံမှ ကြိုတင်သိကြရလေသည်။

ထိုအခါ ပထမထောင်ချောက်များတွင် တာဝန်ယူလျက် ကျန်ရစ်ခဲ့သော ကျော်ဝေ၊ ကြီးရွှေ တို့ခေါင်းဆောင်သောအဖွဲ့သားများ၊ တစ္ဆေမြောင်ရွာသားအချို့တို့မှာ လက်နက်များကို အဆင်သင့်ပြင်ကာ စောင့်ဆိုင်းနေလေသည်။

ဂျပန်စစ်တပ်သည် ဦးစွာ တစ္ဆေမြောင်ရွာသို့ အရင်ဝင်ကြလေသည်။ ထိုခရီးကို လမ်းပြပေးသူမှာ ဦးမင်းဒင်ဖြစ်လေသည်။ တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



မြောင်ရွာသို့ရောက်သောအခါ လူမရှိသော တဲအိမ်များကိုသာတွေ့ရသဖြင့် အားလုံး မီးရှို့ဖျက်ဆီးလိုက်ကြလေသည်။

"သူတို့က တစ္ဆေမြောင်လိုဏ်ဂူထဲမှာ သွားပုန်းနေကြတာပါ မာစတာ"

"တစ္ဆေမြောင်ဂူထဲမှာ ဘာတွေရှိသလဲ"

"အင်္ဂလိပ်တွေကျန်ခဲ့တဲ့ ရတနာပစ္စည်းတွေရှိပါတယ်၊ မာစတာတို့ကို ပုန်ကန်နေတဲ့ တော်လှန်ရေးတပ်သားတွေလဲ ပုန်းနေကြပါတယ်"

"ဒါဖြင့် အဲဒီကိုသွားမယ်၊ အနီးဆုံးလမ်းကိုပြပါ"

ဟု ပြောသဖြင့် ဦးမင်းဒင်က ရှေ့မှ လမ်းပြခေါ်သွားလေသည်။ သူသည် ထိုဖြတ်လမ်းကို တစ်ကြိမ်မကရောက်ဖူးနေသောကြောင့် ကောင်းစွာမှတ်မိနေသည်။

သူသည် ဂျပန်များကို လျှိုကြားလမ်းရှိရာသို့ ခေါ်ဆောင်သွားလေသည်။ ထိုအချိန်တွင် လျှိုတစ်ဝိုက်မှာ လျှို့ဝှက်စွာစောင့်နေကြသူများမှာလည်း ဂျပန်တပ်များအလာကို စောင့်ဆိုင်းနေကြရင်းမှ လက်တပြင်ပြင်ဖြစ်နေကြလေသည်။

အသံကိုနားထောင်ရာတွင် ကျွမ်းကျင်သောကြီးရွှေက မြေပြင်ကို နားကပ်ထောင်နေရင်းမှ အဖွဲ့သားများကို လျှို့ဝှက်စွာ အချက်ပြလိုက်လေသည်။

"သူတို့ လာနေကြပြီ"





ထိုအခါ သစ်ပင်တက်ကျွမ်းကျင်သော မဲအောင်က မြင့်မားလှသော သစ်ပင်ကြီးတစ်ပင်ပေါ်သို့ မျောက်တစ်ကောင်အလား လျှင်မြန်စွာ ဖက်တက်သွားကာ အခြေအနေကိုကြည့်ပြီး ဂျပန်တပ်များလာနေသောဘက်သို့ လက်ညှိုးထိုးပြသည်။ ထို့နောက် ပြန်ဆင်းလာသည်။

"ဂျပန်စစ်သားတွေ မနည်းလှဘူး။ သူတို့ တောင်ကြားလမ်းကဖြတ်ဖို့ လာနေကြပြီ၊ ပြောထားတဲ့အတိုင်း ပြောက်ကျားစနစ်ကိုသုံးပြီး လျှို့ဝှက်တိုက်မယ်၊ အချို့က တစ္ဆေမြောင်ဂူထဲမှာ စခန်းချနေတဲ့ အဖွဲ့တွေကို အမြန်သွားပြီး သတင်းပို့ပေဟ့"

ဟု မှာကြားကာ အားလုံးခြေရာဖျောက်လိုက်ကြသည်။

ကျောက်တောင်စွန်း ချောက်ကမ်းပါးတစ်ဖက်တစ်ချက်တွင် ကျောက်တုံးအကြီးအသေးများ စီတင်ထားသည်။ ကျောက်တုံးများနောက်ဘက်တွင် တန်းခံကာ နွယ်ကြိုးများဖြင့် ချည်ထားသည်။

နွယ်ကြိုးများထိပ်တွင် ကျောက်လုံးကြီးတစ်လုံးစီနှင့် ချည်ထားပြီး ထိုနေရာတွင် လူနှစ်ယောက်တို့က ကော်ချရန် ကုပ်ချောင်းများကို အဆင်သင့်ကိုင်ကာ စောင့်နေကြလေသည်။

အတန်ကြာသောအခါ ဂျပန်တပ်များ လျှိုထိပ်သို့ ရောက်လာကြလေသည်။ ထိုအချိန်မှာ တစ်နေရာဆီမှ ငှက်တွန်သံကဲ့သို့ စူးစူးဝါးဝါးအသံတစ်သံ ပေါ်ထွက်လာသည်။

www.burmeseclassic.com



"ကျီ ...ကျီ ...ကျီ ..."

ထိုအသံက ကမ်းပါးလမ်းတစ်လျှောက် ပြန့်နှံ့သွားသည်။ ဂျပန်တပ်များက လှိုဏ်အတွင်းသို့ဝင်ကာနီးတွင် အခြေအနေကို ရပ်တန့်ကာ ကြည့်ကြသေးသည်။

"တခြားသွားစရာလမ်း ရှိသေးလား"

ဂျပန်စစ်ဗိုလ်က မေးလိုက်သည်။ ထိုအခါ ဦးမင်းဒင်က ....

"တခြားလမ်းကသွားရင် အချိန်သိပ်ကြာပြီး ပင်ပန်းကြမယ်မာစတာ၊ ဒီလမ်းကသွားတာ အမြန်ဆုံးပဲ"

ဟု ပြောရာ ထိုလမ်းကပင်ဖြတ်သွားရန် အမိန့်ပေးလိုက်လေသည်။ ဂျပန်စစ်သားများ လှိုဏ်လမ်းအတွင်းဝင်၍ အတော်အတန်ရောက်သည်နှင့် အပေါ်မှာစောင့်နေသော နှစ်ယောက်က ကျောက်တုံးနှစ်လုံးကို ကုတ်ဖြင့်ကော်ကာ တွန်းချလိုက်လေသည်။

ကျောက်တုံးကြီးနှစ်တုံး ပြိုင်တူချလိုက်သည်နှင့် နွယ်ကြိုးနှစ်ချောင်းနှင့် ဆက်ထားသော သစ်သားတန်းက ကမ်းပါးစပ်၌ ပုံထားသော ကျောက်လုံးများကို တွန်းချလိုက်သလိုဖြစ်ကာ တဝေါဝေါနှင့် ပြုတ်ကျသွားလေတော့သည်။

"ဝုန်း ... ဝုန်း ...ဝုန်း ...."

ချောက်ကမ်းပါးတစ်ဖက်တစ်ချက်စီတွင် အစီအရီတင်ထားသော ကျောက်တုံးများက အောက်ဘက်ရောက်နေသော ဂျပန်စစ်





သားများအပေါ်သို့ကျသွားရာ မရှုမလှ ခံကြရလေတော့သည်။

ဂျပန်စစ်သားအချို့ကလည်း ချောက်ကမ်းပါးပေါ်သို့ သေနတ်များဖြင့် ပစ်ကြသည်။

"ဒိုင်း ....ဒိုင်း ... ဒိုင်း ..."

သေနတ်သံများက ကမ်းပါးယံတစ်ဝိုက် ပဲ့တင်ထပ်ကာ ဆူညံသွားလေတော့သည်။ ကျောက်တုံးများအောက်ရောက်သွားသော ဂျပန်စစ်သားများမှာ စေ့စေ့ညက်ညက်ကြေကာ အသက်ပျောက်သွားကြပြီး အချို့ကလည်း သွေးရူးသွေးတန်းဖြင့် ရှေ့ဆက်ပြေးကြသည်။ အပေါ်တက်ရာလမ်းရောက်သောအခါ အပေါ်မှကျလာသော သစ်လုံးထောင်ချောက်များ၊ မြေပြင်ပေါ်မှ လျှို့ဝှက်စွာ တန်းထားသော နွယ်ကြိုးများကို ထိမိ တိုက်မိသည်နှင့် လျှို့ဝှက်စွာ တပ်ဆင်ထားသော ဝါးချွန်များ၊ အဆိပ်လူးမြားများထွက်လာပြီး ထိမှန်သဖြင့် အတုံးအရုံး လဲကျသေဆုံးသွားကြလေသည်။

ဂျပန်စစ်သာများကတော့ ရန်သူကိုမမြင်ရဘဲ လျှို့ဝှက်ထောင်ချောက်များကြောင့် စစ်သားအတော်များများ သေဆုံးကြရသဖြင့် ဒေါပွကာ မည်းမည်းမြင်ရာ စိတ်ထင်ရာနေရာများကို သေနတ်များဖြင့် တရကြမ်းပစ်ခတ်ကြလေရာ သေနတ်သံများ ဆူညံနေတော့သည်။

"ဒိုင်း ...ဒိုင်း ...ဒိုင်း ..."

သို့သော်လည်း ရန်သူတစ်ယောက်မှ မတွေ့ရဘဲ လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချောက်များဖြင့် တစ်သုတ်ပြီးတစ်သုတ် သေဆုံးကြရသည်။ နောက်ဆုံးတော့ ဂျပန်စစ်သားအတော်များများ သေဆုံးသွားကြပြီးမှ ချောက်အတွင်းမှ အပေါ်ရောက်အောင်တက်နိုင်ကာ ကမ်းပါးထိပ်သို့ ရောက်သွားကြလေတော့သည်။

ကမ်းပါးပေါ်သို့ ရောက်သွားကြပြီးနောက်ပိုင်းမှာပင် တောတွင်းမှပစ်လိုက်သော အဆိပ်လူးမြားတံများ ထွက်လာကာ ထိမှန်ကြပြန်လေသည်။ ဂျပန်စစ်သားများက ထိုနေရာဘက်တွင် ရန်သူရှိမည်အထင်နှင့် သေနတ်များဖြင့် တရကြမ်းပစ်ကာ အတွင်းသို့ တိုးဝင်သွားကြလေရာ ရွာသူရွာသားများ၊ မုဆိုးများ ထောင်ထားသောသုတ်ကိုင်းများ၊ သစ်လုံးထောင်ချောက်များ၊ ညှောင့်ကျင်းများအတွင်းသို့ကျကာ သေဆုံးကြရပြန်သည်။

အဆိုးဆုံးက အပေါ်ယံမှာ သစ်ရွက်ခြောက်များခင်းထားပြီး မြေမှုန်များ ဖြူးထားသဖြင့် အမှတ်တမဲ့မသိနိုင်ဘဲ အစုလိုက် အပြုံလိုက် တက်နင်းလိုက်မှ အတွင်းဘက်ပြုတ်ကျသွားကာ အဆိပ်လူးထားသော ဝါးချွန်ထောင်ချောက်များပေါ်သို့ ကျကာ မရှုမလှ သေဆုံးကြရလေသည်။

ဂျပန်များ ပစ်ခတ်သော သေနတ်သံများကို အတိုင်းသားကြားရသဖြင့် တစ္ဆေမြောင်လိုဏ်ဂူအတွင်းမှာ နေရာယူနေကြသော နှမောင်တို့တစ်တွေမှာလည်း ရန်သူများ ဝင်လာလျှင် တိုက်ခိုက်ရန်





ကြိုတင်ပြင်ဆင်နေကြလေသည်။

၎င်းတို့သည် ရန်သူများကို တစ္ဆေမြောင်လိုဏ်ဂူအတွင်းသို့ ရောက်အောင် မျှားခေါ်ပြီးမှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ရန် စီမံထားလေသည်။

တစ္ဆေမြောင်လျှိုအတွင်း၌ မမြင်ရသောလျှို့ဝှက်ရန်သူများ၏ တိုက်ခိုက်မှုကြောင့် ဂျပန်စစ်သားအတော်များများ သေဆုံးခဲ့ကြပြီးနောက် ကျန်စစ်သားများမှာ တစ္ဆေမြောင်လိုဏ်ဂူရှိရာသို့ ချီတက်နိုင်ခဲ့ကြလေသည်။

တစ္ဆေမြောင်လိုဏ်ဂူအပေါက်ဝရောက်သောအခါ ညနေပိုင်းအချိန်သို့ ရောက်နေလေပြီ။ ထိုအခါ ဦးမင်းဒင်က ပြောသည်။

"ဂူက အတွင်းမှာ အကျယ်ကြီးရှိတယ် မာစတာ၊ အတွင်းမှာ ကြောက်စရာကောင်းတဲ့ သတ္တဝါကြီးလဲရှိတယ်၊ မဟာရာကိုဏ်းသားတွေလဲရှိတာ သေချာတယ်၊ ဒါပေမယ့် အခုလို မှောင်နေတဲ့အချိန်မှာ ဝင်လို့ကတော့ အန္တရာယ်များနိုင်ပါတယ်"

"ဘာကြောင့်လဲ"

"လိုဏ်ခေါင်းပေါက်ထဲမှာ ဂူပေါက်တွေအများကြီးရှိတယ်၊ သူတို့ ဘယ်အပေါက်ထဲမှာ ဝင်နေတယ်ဆိုတာ သိဖို့မလွယ်နိုင်ဘူး၊ အမှောင်ထဲက ထွက်တိုက်ရင် ခံရနိုင်ပါတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂူက တခြားဝင်ပေါက်မရှိပါဘူး၊ ဒီတစ်ပေါက်ကပဲ ဝင်ပေါက် ထွက်ပေါက်ရှိတယ်၊ ညဘက်ရောက်လာရင် ဒီဂူပေါက်ဝက ပိတ် စောင့်နေရင် သူတို့ အပြင်ထွက်လို့မရနိုင်ပါဘူး။ မနက်လင်းပြီး အလင်း ရောင်ရတော့မှ အလုံးအရင်းနဲ့ဝင်တိုက်ရင် အားလုံးရနိုင်ပါတယ်"

"အင်္ဂလိပ်တွေကျန်ခဲ့တဲ့ ရတနာတွေရှိတယ်ဆိုတာ ဒီလိုဏ်ဂူ ပဲမဟုတ်လား"

"မှန်ပါတယ်၊ ဒီဂူထဲမှာရှိတာ သေချာပါတယ်"

ဟု ဦးမင်းဒင်ကပြောသဖြင့် ဂျပန်စစ်သားများကို ဂူပေါက်ဝမှာ စောင့်ခိုင်းထားပြီး တစ္ဆေမြောင်လိုဏ်ဂူပေါက်ဝနှင့် မနီးမဝေးမှာ စခန်းချနေကြတော့သည်။

တဖြည်းဖြည်းနှင့် အမှောင်ထုများကလည်း ပတ်ဝန်းကျင်တစ် ခုလုံး မှောင်မည်းစွာ ဖုံးအုပ်လာလေတော့သည်။ မြူနှင်းများကလည်း တဖြောက်ဖြောက် ကျဆင်းလာတော့သည်။

ဂျပန်စစ်သားများသည် ဂူပေါက်ဝနှင့်မနီးမဝေးမှာ မီးပုံကြီးများ ဖိုထားကြလေသည်။ မီးတောက်ကြီးများက တဟုန်းဟုန်း တောက်လောင် နေပြီး အပူငွေ့နှင့် အလင်းရောင်များ ကောင်းစွာရနေလေသည်။

ညဥ့်နက်ပိုင်းရောက်တော့ ဂူအတွင်းပိုင်းဆီမှ ကျယ်လောင် သောအော်သံကြီး ပေါ်ထွက်လာသည်။

"အဲဒါ ရတနာတွေကို စောင့်နေတဲ့ သတ္တဝါကြီးရဲ့အော်သံပဲ





မာစတာ၊ သိပ်ကြောက်ဖို့ကောင်းတဲ့ သတ္တဝါကြီးပဲ"

"ဘယ်လိုသတ္တဝါမျိုးလဲ၊ ဘယ်လောက်ကြီးတဲ့အကောင်မျိုး မို့လဲ၊ သေနတ်နဲ့ပစ်ရင် ဘယ်သတ္တဝါမျိုးမှ မခံနိုင်ဘူး"

ဟု ပြောနေစဉ် ဂူအတွင်းမှ တဒုန်းဒုန်းနှင့် ထွက်လာသော ခြေသံကြီးကိုပါ ကြားလာရသည်။ သို့ကြောင့် ဂျပန်စစ်သားများက သေနတ်များကို အဆင်သင့်ပြင်ကာ ဂူအတွင်းပိုင်းသို့ ချိန်ထားကြ လေသည်။ သို့သော်လည်း ခြေသံက နီးလာလိုက်၊ ဝေးလာလိုက် နှင့် ကြားနေရပြီး သတ္တဝါကြီးကိုတော့ မမြင်ရပေ။

ဦးမင်းဒင်ကတော့ ထိုသတ္တဝါကြီးကို တွေ့မြင်ဖူးထားသဖြင့် ခြေသံကြားရသည်နှင့် များစွာ ကြောက်ရွံ့လျက်ရှိနေလေသည်။

"ဘာသံကြီးလဲ"

"အဲဒါ ဂူထဲမှာနေတဲ့သတ္တဝါကြီးရဲ့ ခြေသံပဲ၊ ဂူထဲမှာ သူရှိနေသရွေ့ အတွင်းကိုဝင်လို့မရဘူး၊ ဂူထဲကိုဝင်ရင် သူ့ကိုအရင်သတ်မှရမယ်"

"အခုဝင်ရင် ဘယ်လိုဖြစ်မလဲ"

"အန္တရာယ်များလှပါတယ် မာစတာ၊ မနက်လင်းမှ ဝင်ကြရင် ပိုကောင်းပါတယ်၊ သူတို့ ဂူထဲကနေ ထွက်လို့မရကြတော့ပါဘူး"

ဟု ဦးမင်းဒင်ကပြောသဖြင့် ဂူထဲမဝင်ဖြစ်တော့ဘဲ ဂူပေါက်ဝ မှာသာ စောင့်သိုင်းနေကြလေသည်။ မီးပုံကြီးနှစ်ပုံကိုလည်းဖိုထားရာ တစ်ဖိုက ဂူပေါက်ဝနှင့် နီးပြီး ကျန်တစ်ဖိုက လေကွယ်သော ဂူနံရံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် နီးသောနေရာမှာ ရှိလေသည်။

အတန်ကြာသောအခါ ဂူအတွင်းပိုင်းမှကြားနေရသော အော်သံနှင့်ခြေသံများ မကြားကြရတော့ပေ။ ထိုအသံများ တိတ်ဆိတ်သွားသောအခါ ပတ်ဝန်းကျင်မှာလည်း သာမန်အသံများသာရှိတော့ပြီး ငြိမ်သက်သွားလေတော့သည်။

ဂျပန်စစ်သားများ၊ ကင်းစောင့်သူများက သတိနှင့် စောင့်နေကြပြီး ကျန်လူများက တိုက်ပွဲဝင်ရန်အတွက် အားယူနေသည့်သဘောဖြင့် နားနေကြသည်။

ဂျပန်စစ်ဗိုလ်နှင့် ဦးမင်းဒင်တို့နှစ်ယောက်လည်း မီးဖိုအနီးမှာထိုင်ရင်း ဂူအတွင်းမှ အခြေအနေများကို ပြောဆိုနေကြလေသည်။

ထိုအခိုက်မှာပင် ဂူပေါက်ဝ၌ ဖိုထားသော မီးပုံအပေါ်သို့ လေးလံသောအရာဝတ္ထုကြီးတစ်ခု ပြုတ်ကျလာတော့သည်။

"ဝုန်း ........"

ထိုအသံကြီးကြောင့် အားလုံးလန့်သွားကြသည်။ ကြည့်လိုက်သောအခါ မီးပုံပေါ်မှာ ကန့်လန့်ကြီးတင်နေသော လူသေအလောင်းတစ်လောင်းကို တွေ့ကြရသည်။ ထိုအလောင်းကြီးကျလာရာသို့ မော့ကြည့်လိုက်သောအခါ ဂူအမိုးပေါ်မှာ မားမားကြီးရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ကြရသည်။

"ဟို ... ဟိုမှာ ..."





"မိ ... မိစ္ဆာကောင်ကြီး"

"ပစ် .. ပစ်ကြ .."

ဂျပန်စစ်ဗိုလ်က အမိန့်ပေးလိုက်သောအခါ စစ်သားများက သေနတ်များဖြင့်ချိန်လိုက်သောအခါ ထိုသဏ္ဌာန်ကြီးမှာ အရှယ်နှင့်မမျှအောင် လျင်မြန်စွာဖြင့် အမှောင်ရိပ်အတွင်းသို့ ဝင်ရောက်ပျောက် ကွယ်သွားတော့သည်။

ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ဂူအမိုးပေါ်ရောက်အောင် တက်ဖို့မလွယ်ကြောင်း တွေ့ရလေသည်။ နေရာအတော်များများမှာ မတ်စောက်သော တောင်နံရံများဖြင့် ဆီးတားထားကြလေသည်။ အမှောင်ရိပ်များကလည်း ရှိနေသောကြောင့် အပေါ်သို့ တက်မလိုက်ကြတော့ဘဲ အောက်မှပဲ နောက်တစ်ကြိမ်ပေါ်လာလျှင် ပစ်ခတ်ရန် အသင့်ပြင်ကာ စောင့်ကြတော့သည်။

နောက်တစ်ကြိမ်ပေါ်လာနိုးဖြင့် စောင့်ကြသော်လည်း သတ္တဝါကြီး၏ အရိပ်အယောင်ကိုမှ နောက်ထပ်မတွေ့ရတော့ချေ။

ဤသို့ဖြင့် နံနက်အရုဏ်တက်လာသည်အထိ နောက်ထပ်ထူးထူးခြားခြား ဘာမှမတွေ့ကြရတော့သဖြင့် စခန်းသိမ်းကာ ဂူအတွင်းသို့ ဝင်ကြရန် ပြင်ဆင်ကြလေတော့သည်။

နံနက်ပိုင်းအလင်းရောင်ရလာသည်နှင့် သေနတ်များ၊ ဓားတာ လက်ပစ်ဗုံးများကို အဆင်သင့်ပြင်ကာ ဂူအတွင်းအခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ဖြင့် ထိုးကြည့်ကြသည်။ မီးရောင်တဆုံး လှမ်းမြင်နေရသော ဂူလမ်းတစ်လျှောက်မှာတော့ ထူးထူးခြားခြား ဘာမှ မတွေ့ရပေ။

လိုဏ်ဂူ၏အတွင်းပိုင်း မီးရောင်မရောက်နိုင်သော ကျောက်တုံး၊ ကျောက်ချပ်များအကွယ်မှာတော့ နီမောင် ဦးဆောင်သော မဟာရာဂိုဏ်းသားအချို့ ရှိနေကြသည်။

လူအင်အားချင်းရော၊ လက်နက်ချင်းယှဉ်လျှင် ဂျပန်တပ်များက မဟာရာဂိုဏ်းသားများထက် နှစ်ဆခန့် များနေသေးသည်။ ၎င်းတို့တွင် အဝေးပစ်လက်နက်များရော၊ စက်သေနတ်များနှင့် အခြားလက်နက်ကောင်းများ ပါလာကြလေသည်။

ထိုအချိန်မှာ ဂျပန်တပ်သားများက ဂူပေါက်ဝမှ စတင်ဝင်ရောက်လာကြသည်။ အတွင်းပိုင်းရောက်သည်နှင့် မြေပေါ်မှာ ထောင်ထားသော မိုင်းများ ထပေါက်ကာ ရှေ့မှဝင်လာသော ဂျပန်တပ်သားအချို့ အတုံးအရုံး လဲကျသွားကြသည်။

ပေါက်ကွဲသံကြီးများနှင့်အတူ မီးခိုးလုံး၊ ဖုန်လုံးကြီးများ တက်လာသဖြင့် မှောင်မည်းသွားလေသည်။ ထိုအခွင့်ကောင်းကိုယူကာ မဟာရာဂိုဏ်းသားများက စတင်ပစ်ခတ်ကြလေသည်။ ထိုအခါ ဂျပန်စစ်တပ်ကလည်း သေနတ်များဖြင့် ပြန်လည်ပစ်ခတ်ရုံမက အဝေးပစ် လက်နက်ကြီးများအသုံးပြုကာ တိုက်ခိုက်ကြလေသည်။

တိုက်ပွဲက ပြင်းထန်လှသည်။ မဟာရာဂိုဏ်းသားများက လက်





နက်အင်အားရော၊ လူအင်အားပါ ဂျပန်တပ်များနှင့် မယှဉ်သာသော်လည်း နေရာကောင်းနှင့် အသာစီးရနေသဖြင့် ကြံ့ကြံ့ခံကာ ပြန်လည်တိုက်ခိုက်ကြလေသည်။ ဂျပန်များမှာ အစုလိုက်အပြုံလိုက် သေဆုံးသော်လည်း ခါချဉ်ကောင်များပမာ တစ်လောင်းသေလျှင် နှစ်ယောက်တက်လာသည်။ နှစ်ယောက်သေလျှင် နောက်ထပ်လေးယောက် တက်ကာ လက်နက်ကြီးများအသုံးပြုကာ တိုက်ခိုက်ကြသဖြင့် ပြောက်ကျားစနစ်ကိုအသုံးပြု၍ တိုက်ခိုက်ကြသော မဟာရာဂိုဏ်းသားများမှာ ဂူအတွင်းပိုင်းသို့ ဆုတ်ပေးကြရလေသည်။

၎င်းတို့သည် နေရာကျွမ်းကျင်သူများမို့ ဂျပန်တပ်များကို အတွင်းသို့ရောက်ရန် မျှားခေါ်၍တိုက်ကြလေသည်။ ဂျပန်များမှာ ဂူအတွင်းမှာ လှုိဏ်များမြင်သည်နှင့် လူအင်အား လက်နက်အင်အားသုံးကာ တရကြမ်းဝင်လိုက်သွားသည်နှင့် ထိုလူများမှာ ပျောက်ချင်းခလှ ပျောက်သွားလေတော့သည်။

ထိုသို့မတွေ့ရသဖြင့် အတွင်းသို့ ဝင်လိုက်သည်နှင့် ထောင်ချောက်ဆင်ထားသော မိုင်းများ ပေါက်ကွဲကာ သေကြပြန်လေသည်။ ဂျပန်တပ်များဘက်မှ အတော်များများ သေဆုံးကြရသလို နီမောင်တို့ဘက်မှလည်း သေဆုံးသူများ ရှိလာလေသည်။

ထိုအချိန်တွင် လျှိုနေရာတွင် တာဝန်ယူ၍ တိုက်ခိုက်ကြသော ငမဲအောင်၊ ကြီးရွှေ၊ ကျော်ဝတို့ ခေါင်းဆောင်သော ပြောက်ကျား



www.burmeseclassic.com

www.burmeseclassic.com



တပ်များသည်လည်း တစ္ဆေမြောင်လိုဏ်ဂူရှိရာသို့ ရောက်လာကာ အဝပိုင်း၌ ကျန်ခဲ့သော ဂျပန်တပ်သားအချို့ကို ဝင်ရောက်တိုက်ခိုက်ကြလေရာ ဂျပန်တပ်များမှာ ညှပ်ပူးညှပ်ပိတ် ဖြစ်နေတော့သည်။

ဂူအတွင်းရောက်နေသော နီမောင်တို့မှာ ဂျပန်များကို အတွင်းရောက်အောင် မျှားခေါ်သွားပြီး ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ကြရင်းမှ ဂူအတွင်း၌ထောင်ထားသော မိုင်းအချို့ ပေါက်ကာ ထွက်ပေါက်အချို့ ပိတ်ကာ ရှောင်တိမ်း၍မရသော အခြေအနေသို့ ရောက်နေတော့သည်။

သူတို့ထွက်စရာ ဂူပေါက်ဆိုလို့ တစ်ပေါက်တည်းသာကျန်နေရာ ထိုဂူပေါက်မှာလည်း အတော်ဝေးသောနေရာမှာ ရှိနေပြန်သည်။ ထိုဂူပေါက်သို့ရောက်အောင် အခန်းကျယ်ကြီးတစ်ခုကို ဖြတ်သွားမှ ရောက်နိုင်ပေသည်။

ထိုအခန်းကျယ်ကို ဖြတ်ရန်လည်း မလွယ်ကူလှပေ။ တစ်ဖက်နေရာတွင်ရောက်နေသော ဂျပန်တပ်များက ခေါင်းမထွက်ဝံ့အောင် စက်သေနတ်များဖြင့် တရစပ် ပစ်ခတ်နေကြလေသည်။

စက်သေနတ်သံ၊ သေနတ်သံများမှာ ဆူညံနေလေတော့သည်။

"ထွက်ပေါက်တွေပိတ်သွားပြီဘယ်လိုလုပ်မလဲမောင်နီမောင်"

အမှတ် (၁)ခေါင်းဆောင်ဖြစ်သော ဦးခမ်းလုံက မေးလိုက်သည်။

"ရအောင်တော့ ဖြတ်ရမှာပဲ ဆရာကြီး၊ ဂျပန်တွေကတော့





တံရကြမ်းတက်လာမှာ သေချာတယ်၊ အခုဆိုရင် အပြင်ဘက်မှာ ငမဲအောင်တို့ ရောက်နေလောက်ပေမယ့် အတွင်းရောက်အောင် ဖောက်ဝင်လာဖို့ကတော့ မလွယ်ဘူးထင်တယ်"

"ဟုတ်တယ်၊ ဘယ်လိုလုပ်မလဲ"

"အခုကက စက်သေနတ်ကွေ ပစ်ခွင့်မရရင် ဖြတ်လို့ရမယ် ဆရာကြီး၊ နောက်ဆုံး ဘေတ်သာတဲ့အဆုံး ကျွန်တော်တို့က ဒီဘက်က ခံပစ်ပေးမယ်၊ ဆရာကြီးတို့က ဟိုဘက်ဂူပေါက်ရောက်အောင်သာ သွားကြပါ"

"ဒီလိုတော့ ဘယ်နည်းနဲ့မှမသွားဘူးကွ၊ ငါတို့တစ်တွေက သစ္စာဆိုထားတဲ့ ရဲဘော်တွေပဲ၊ သေအတူရှင်မကွဲ တိုက်ကြရုံပဲရှိတယ်"

ထိုစကားကြားသောအခါ မြဆင့်ဝေကပါ ဝင်ပြောသည်။

"ဟုတ်တယ်၊ ကျွန်မတော့ ကိုနီမောင်တို့နဲ့ အတူတူပဲရှိနေမယ်၊ သေအတူရှင်မကွာပဲ၊ တိုက်ခိုက်ရင်းနဲ့ သေချင်သေပစေ"

ထိုစကားကြားသောအခါ နီမောင်မှာ အခက်တွေ့သွားတော့သည်။ သူတို့ဘက်မှာ အခြေအနေမလှမှန်းရိပ်မိလျှင် မကြာခင်မှာ ဂျပန်တွေက ဖြတ်လာကြဖို့ သေချာနေသည်။ သူတို့မလာခင် ဂူပေါက်ရောက်အောင် ဖြတ်ပြေးဖို့ကလည်း စက်သေနတ်သမားက အဆက်မပြတ် ပစ်ခတ်နေလေသည်။

ထိုသို့ အကျပ်အတည်းဖြစ်နေကြစဉ်မှာ မမျှော်လင့်သော မြင်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းတစ်ခုကို လှမ်းမြင်လိုက်ရလေသည်။ လှဘီလူးကြီးဘဝရောက်နေသော ဦးဘိုးဟန်သည် ဝှအမိုးကျောက်ချပ်များကြားမှ ဂျပန်တပ်များရှိနေရာသို့ သွားနေလေသည်။

ဦးဘိုးဟန်သည် ထိုနေရာသို့ ရောက်သောအခါ အဆက်မပြတ်ပစ်ခတ်နေသော စက်သေနတ်သမားများအပေါ်သို့ ဝုန်းခနဲ ခုန်ချကာ သေနတ်သမားများကို တရကြမ်းတိုက်ခိုက်လေတော့သည်။

သေနတ်သမားများမှာ မမျှော်လင့်သော အန္တရာယ်ကြောင့် ခေတ္တမျှ ကြောက်လန့်တကြားဖြစ်သွားစဉ် ဦးဘိုးဟန်က စက်သေနတ်သမားများကို ကိုင်မြှောက်၍ ပေါက်သတ်ခြင်း၊ စက်သေနတ်များကို ရိုက်ချိုးခြင်းများဖြင့် တရကြမ်းတိုက်ခိုက်ရာ အခိုက်အတန့်အားဖြင့် သေနတ်သံများ ရပ်သွားလေသည်။

ထိုအခွင့်အရေးကို အခွင့်ကောင်းယူကာ နီမောင်တို့အဖွဲ့သားများမှာ တဖက်ဝှပေါက်ရောက်အောင် ပြေးနိုင်ကြလေသည်။ အတန်ကြာသော် ဂျပန်တပ်များက သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြသဖြင့် လှမိစ္ဆာသတ္တဝါတစ်ပိုင်းဖြစ်နေသော ဦးဘိုးဟန်မှာ ထိုနေရာမှာပင် တအိအိလဲကျသွားလေတော့သည်။





အခန်း (၁၇)

## အချစ်ဖြင့်တည်ဆောက်သော ဘဝလမ်း

ဦးဘိုးဟန် လဲကျသေဆုံးသွားသောအချိန်တွင် နီမောင်တို့အဖွဲ့သားများမှာ တစ်ဖက်ဝှပေါက်အတွင်းသို့ အားလုံးရောက်သွားကြချေပြီ။ ထိုအခါ ဂျပန်တပ်များက လူအင်အား လက်နက်အင်အားသုံး၍ ၎င်းတို့နောက်သို့လိုက်ကြရန် ပြင်ဆင်နေကြလေသည်။

"ကဲ .. ရန်သူတွေ ဆက်လိုက်လာတော့မယ်၊ ဆရာကြီးနဲ့ မြဆင့်ဝေတို့က လူအချို့ကိုခေါ်ပြီး လှိုဏ်ဂူထွက်ပေါက်ကို ရောက်အောင်သွားနှင့်ကြပါ၊ ကျွန်တော်တို့က ရန်သူတွေ ဝင်လိုက်လာမယ့်လမ်းမှာ မိုင်းတွေထောင်ခဲ့ပြီးတာနဲ့ လိုက်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပုံမလား ကိုနီမောင်၊ ဝေလဲ နေခဲ့လို့မရဘူးလား"

"ဝေက ဆရာကြီးကိုစောင့်ရှောက်ပြီးသာ ခေါ်သွားပါ၊ ကိုယ်တို့အတွက်တော့ ဘာမှစိတ်မပူပါနဲ့"

ဟု ပြောမှ ဆရာကြီးနှင့် မြဆင့်ဝေတို့က လူအချို့ကိုခေါ်ပြီး လှို့ဂူက်ထွက်ပေါက်ရှိရာသို့ သွားကြလေသည်။ ထိုအခါမှ နီမောင်က ဦးဗန်ကောင်း၊ ဦးမွန်ထော်၊ စောထီး၊ ခွန်သာ အပါအဝင် လက်ရွေးစင်များကို ခေါ်ကာ အတွင်းပိုင်းသို့ ဝင်လာကြသည်။

အတွင်းပိုင်းရောက်သောအခါ အလင်းရောင်သိပ်မရှိပေ။ အတန်ကြာသောအခါ ၎င်းတို့ရောက်နေသော ဂူပေါက်ဝနေရာသို့ တဝုန်းဝုန်းတဒိုင်းဒိုင်းဖြင့် ကျည်ဆန်များ၊ လောင်ချာကျည်များ၊ လက်ပစ်ဗုံးဆံများက လာရောက်ထိမှန်သံများကို ကြားကြရလေသည်။

ထိုအသံများကြောင့် ဂူကြီးတစ်ခုလုံးမှာလည်း သိမ့်သိမ့်တုန်နေလေတော့သည်။ နီမောင်တို့က အဝင်ဝတစ်ဝိုက်တွင် မိုင်းများထောင်ခဲ့ပြီး နောက်ပိုင်းသို့ တဖြည်းဖြည်းဆုတ်သွားကြသည်။

အတွင်းရောက်တော့ ဆပ်မံ၍ မိုင်းများချထားခဲ့ပြန်သည်။ အတန်ကြာသောအခါ ဂူပေါက်ဝဘက်မှ တဝုန်းဝုန်းတဒိုင်းဒိုင်းဖြင့် မိုင်းကွဲသံ၊ အော်ဟစ်ညည်းညူသံများကို ကြားကြရလေသည်။

နီမောင်တို့တစ်တွေကတော့ လှို့ဂူက်လမ်းများမှတစ်ဆင့် အတွင်းပိုင်းသို့ ဆက်ဝင်ခဲ့ကြသည်။ အတွင်းပိုင်းရောက်လေ မှောင်





လာလေလေဖြစ်ရာ လက်နှိပ်မီးအသေးစားလေးများကို ခပ်အုပ်အုပ်အသုံးပြုသွားရသည်။

အတန်ငယ်တက်လာသောအခါ ခန်းမကျယ်တစ်ခုအတွင်းသို့ ရောက်သွားပြီး ပြန့်ကျဲနေသော အရိုးစုများကို တွေ့ရလေသည်။ ထိုနေရာတစ်ဝိုက်သည် လှေဘီလူးကြီးဘဝဖြင့် ဦးဘိုးဟန် နေခဲ့သော နေရာဖြစ်သည်။

နီမောင်သည် နောက်ဘက်သို့ထွက်သော ဂူပေါက်အတွင်းသို့ ဝင်သွားသောအခါ ကျောက်တုံးများဖြင့်ပိတ်ထားသော နေရာတစ်ခုကိုတွေ့ရသဖြင့် ထိုကျောက်တုံးများကို လူအင်အားသုံး၍ အလျင်အမြန်တွန်းရွှေ့ကြရလေသည်။

ကျောက်တုံးများဖယ်လိုက်သောအခါ အခန်းသဖွယ်ဖြစ်နေသော ဂူပေါက်ဝကို တွေ့ရသည်။ ထိုဂူအတွင်းမှာတော့ ဖုန်များ ခုတက်နေသော သေတ္တာတစ်လုံး ရှိနေလေသည်။ နီမောင်က ၎င်းအဖွဲ့သားများအား ထိုသေတ္တာကို အပြင်ရောက်အောင်ထုတ်ခိုင်းကာ ထိုနေရာတွင် မိုင်းများ ဆင်ပြန်လေသည်။

ထိုနေရာတွင် ဒိုင်းနမိုက်ထုပ်ကြီးကို ဂူပေါက်ဝတစ်ဝိုက်၌ ချကာ ရုတ်တရက်မမြင်သာအောင် မြှုပ်နှံလိုက်သည်။ ထို့နောက် လက်ပစ်ဗုံးများကို စနက်တံတစ်ချောင်းဖြင့် တွဲချိကာ ဒိုင်းနမိုက်ကြိုးများဖြင့် တွဲချည်လိုက်လေသည်။ ထိုသို့ ပြုလုပ်နေစဉ် နောက်ဘက်မှ လိုက်

www.burmeseclassic.com



လာသော ဆူညံသံများကို ကြားရသည်။

"လာကြပစေ၊ ဒီကနေ့တော့ မင်းတို့အတွက် နောက်ဆုံးနေ့ပဲပေါ့ကွာ"

ဟုလည်း ရေရွတ်လိုက်သေးသည်။ ထို့နောက် မလှမ်းမကမ်း နေရာရောက်အောင် ဆုတ်သွားပြီး ကျောက်တုံးများအကွယ်တွင် နေရာယူထားလိုက်သည်။

"ဒီတစ်ပွဲတော့ သူသေကိုယ်သေ စွန့်ရတော့မှာပဲ၊ တကယ်လို့ ဒိုင်းနမိုက်တွေကွဲလို့ ဂူကြီးပြိုကျလာရင်တော့ ငါတို့လဲ လွတ်ချင်မှလွတ်ကြမယ်၊ မင်းတို့ ထွက်ချင်ထွက်နိုင်ကြပါလား"

"မထွက်ပါဘူးကွာ၊ သေအတူရှင်မကွာပေါ့၊ သေသွားတော့လဲ ဘာဖြစ်သလဲ၊ ဂျပန်စစ်တပ်တစ်တပ်လုံး မျိုးဖြုတ်ပြီးမှ ငါတို့သေရင်လဲ မြတ်ပါတယ်'

ဟုပြောကာ အတူတူစောင့်ဆိုင်းနေကြလေသည်။

ထိုအခိုက်မှာပင် ဂျပန်တပ်များက စောစောက ရတနာသေတ္တာထုတ်ယူရာ ဂူပေါက်ဝသို့ ရောက်လာကြသည်။ နီမောင်က ကျောက်တုံးတစ်တုံးပေါ်၌ ရိုင်ဖယ်သေနတ်ကိုတင်ကာ လက်ပစ် ဗုံးများရှိရာသို့ ချိန်သည်။

ဂျပန်များ အစုလိုက်ရောက်လာတော့မှ စိတ်ကို တည်ငြိမ်အောင်ထားကာ သေနက်မောင်းကို ဖြုတ်ချလိုက်သည်။





"ဒိုင်း ....."

သေနတ်သံနှင့် မရှေးမနှောင်းမှာ လက်ပစ်ဗုံးများ ပေါက်ကွဲသံကြီး ပေါ်ထွက်လာကာ စက္ကန့်ပိုင်းအတွင်းမှာပင် ဒိုင်းနမိုက်များဆက်ကာ ဆက်ကာပေါက်ကွဲသံများ ပေါ်လာလေရာ အသံများကနားကွဲမတတ် ဆူညံသွားရာ နီမောင်တို့တစ်တွေမှာ နားနှစ်ဖက်ကိုလက်ဖြင့်ပိတ်ကာ ကျောက်တုံးများနောက်ဝယ်တွင် ဝပ်နေကြရလေသည်။

ပြင်းထန်သောပေါက်ကွဲသံကြီးများနှင့်အတူ ကျောက်တုံး၊ ကျောက်စများက တဝေါဝေါနှင့် ဖြတ်သန်းလွင့်စင်လာလေတော့သည်။

အချို့ကလည်း အနီးတစ်ဝိုက်မှာ လာကျလေသည်။

မရှေးမနှောင်းမှာပင် ကျောက်ဂူအမိုးရှိ ကျောက်ချပ်ကြီးများက အလွှားလိုက်ကွာကျလာရုံမက ဂူကြီးတစ်ခုလုံး သိမ့်သိမ့်တုန်လာတော့သည်။

ထိုအခြေအနေမှာပင် နီမောင်တို့တစ်တွေမှာ ရတနာသေတ္တာကိုပင် တစ်ပါတည်းသယ်ဆောင်ကာ လွတ်အောင် ပြေးကြရလေသည်။ သူတို့ထပြေး၍ မရှေးမနှောင်းမှာပင် အပေါ်မှ ပြုတ်ကျလာသော ကျောက်ချပ်ကြီးများ၊ ကျောက်တုံးကြီးများကြောင့် ဂူပေါက်များမှာ ပိတ်ဆို့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချပ်ကြီးများမှာ အလွှားလိုက် ဖိထပ်ထားသော ကြောင့် ဖယ်၍မရနိုင်တော့ပေ။ နီမောင်တို့မှာ လှိုဏ်ဂူလမ်းအတိုင်း သွားကြရာ နောက်ဆုံး ချောင်းဖယ်တစ်ခုရှိရာသို့ ရောက်သွားကြသည်။ ထိုချောင်းအတိုင်း လိုက်သွားကြရာ နောက်ဆုံး အပြင်ထွက်သော အပေါက်ရှိရာသို့ ရောက်သွားကြလေတော့သည်။

ထိုနေရာတွင် ဦးခမ်းလုံတို့တစ်တွေနှင့် ပြန်ဆုံတွေ့ရသည်။

"မသေကောင်း မပျောက်ကောင်းနဲ့ အားလုံးပြန်ရောက်လာကြပြီပေါ့"

ထိုစကားကြောင့် အားလုံး ဝမ်းသာကြလေသည်။ အပျော်ရွှင်ဆုံးကတော့ မြဆင့်ဝေပင်ဖြစ်သည်။

"ဂျပန်တပ်တွေတော့ လိုဏ်ဂူထဲမှာပဲ ပိတ်မိသွားကြလောက်ပြီ ဆရာကြီး"

"ကောင်းတာပေါ့ကွာ၊ သူတို့ရဲ့သချိုင်းက ဒီနေရာမှာရှိလို့ ဒီနေရာမှာလာပြီး အစုလိုက်အပြုံလိုက် သေကြရတာပေါ့၊ ဒါထက် ရတနာသေတ္တာရော တစ်ပါတည်း သယ်လာနိုင်ကြရဲ့လား"

"သယ်လာပါတယ် ဆရာကြီး"

"ဒီလိုဆိုတော့ ငါတို့ရဲ့ အဓိကရည်ရွယ်ချက်တွေ အောင်မြင်တာပေါ့ကွာ၊ ဒါပေမယ့် ငါတို့အားလုံးအတွက် အသက်စွန့်ပြီး တိုက်ခိုက်ပေးသွားခဲ့တဲ့ ဘိုးဟန်အတွက်တော့ စိတ်မကောင်းစရာဘဲ"





ထိုသို့ ပြောနေရင်း ဦးခမ်းလုံ၏ မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။

"ဒါပေမယ့် တစ်ဖက်ကတွေးပြန်တော့လဲ သူ့အတွက် ဝမ်းသာတယ် ဆိုရမှာပဲ၊ ဒီရောဂါဆိုးကြီးနဲ့ အသက်ရှင်နေရတာနဲ့စာရင် အခုလိုသေသွားတာကမှ ကောင်းပါသေးတယ်၊ ငါသူငယ်ချင်းနှစ်ယောက်အတွက် ရတနာပစ္စည်းတွေနဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်ပြီးမှပဲ အမျှအတန်းဝေရတော့မှာပဲ"

ဟု ဆို့နင့်သောအသံကြီးဖြင့် ပြောလိုက်လေသည်။

ထိုသို့ပြောနေကြစဉ် တစ်ဖက်ဂူပေါက်ဝမှ ဝင်တိုက်ကြသော ငမဲအောင်တို့တစ်တွေလည်း ရောက်လာကြသည်။

"အခြေအနေ ဘယ်လိုလဲ ငမဲအောင်"

"ငါတို့ဘက်ကတော့ အထိအခိုက်သိပ်မများပါဘူး၊ လှိုဏ်ဝိုက်မှာလည်း ဂျပန်အတော်များများကို သုတ်သင်နိုင်ခဲ့တယ်၊ ကျန်တဲ့ငပုတွေကတော့ မင်းတို့နောက်ကို သဲကြီးမဲကြီး ဝင်လိုက်သွားကြတာ မိုင်းတွေပေါက်ပြီး ဂူတွေပြိုကျလာလိုက်တာ ထွက်ပေါက်တွေအားလုံးပိတ်သွားကြပြီ၊ ငါတို့တောင် နောက်ကြောင်းကို ပြန်လှည့်ပြေးနိုင်လို့ လွတ်လာကြတာ"

ဟု ငမဲအောင်က ပြောပြလေသည်။

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့ကွာ၊ သူ့စရိုက်နဲ့သူ ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားတာပေါ့။ ဒါထက် ကျွန်တော်တို့ ဘယ်လိုဆက်ပြီး စီစဉ်ကြမလဲ ဆရာကြီး”

နီမောင်က မေးလိုက်သည်။

“တို့အဖွဲ့သားတွေက နောက်ထပ်နေရာကောင်းကောင်းတစ်ခု ရွေးပြီး စခန်းချကြမယ်၊ ဒီရတနာတွေကိုလဲ လျှို့ဝှက်ထားကြရမယ်၊ ပြီးရင် ဟန်မပျက် ကိုယ့်နေရာကိုယ် ပြန်နေကြမယ်”

“တော်လှန်ရေးကိစ္စတွေကရော ဘယ်လိုဆက်လုပ်မလဲ ဆရာကြီး”

“ဒါကတော့ ငါတို့မြေပေါ်မှာ ကျူးကျော်သူတွေရှိနေသရွေ့ တော်လှန်ရေးတွေကတော့ ဆက်လုပ်နေကြရမှာပဲပေါ့။ ဒါပေမယ့် အခုလောလောဆယ်တော့ လူစုခွဲပြီး ခြေရာဖျောက်နေကြမယ်၊ အရေးရှိမှ ပြန်စုကြတာပေါ့။ မကောင်းဘူးလား”

“ကောင်းပါတယ် ဆရာကြီး”

ဟု ပြောဆိုတိုင်ပင်ကာ နောက်ထပ်နေရာသစ်တစ်ခု ရှာဖွေရန် တစ္ဆေမြောင်လိုဏ်ဂူမှ ထွက်ခွာခဲ့ကြလေတော့သည်။

လမ်းခရီးတစ်ထောက်နားကြသောအချိန်ဝယ် နီမောင်နှင့် မြဆင့်ဝေတို့မှာ ရှေ့ဘဝခရီးအတွက် ဆွေးနွေးတိုင်ပင်ကြရလေသည်။

“ကိုနီမောင် .... ကိစ္စတွေပြီးရင် ဘယ်ပြန်မှာလဲဟင်”

“ကိုယ်ကတော့ ရိုးမစခန်းကို ပြန်ရမှာပေါ့၊ ဝေကရော ... ဘယ်လိုစီစဉ်ထားသလဲ”





“ကျွန်မကတော့ ဘထွေးနဲ့ပဲ နေရမှာပေါ့”

“ကိုယ်ကတော့ ဝေနဲ့ အကြာကြီးခွဲမနေချင်ဘူး၊ မပြန်ခင် ဆရာကြီးကို အကြောင်းစုံ ဖွင့်ပြောခွင့်ပန်ပြီး ဝေ့ကိုပါ တစ်ခါတည်း ခေါ်သွားချင်တယ်၊ ဝေ့သဘောကရော .. ဘယ်လိုလဲဟင်”

“အဲဒီလိုခေါ်သွားတော့ ကျွန်မအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်မနေပေဘူးလား”

“ချစ်သူချင်းတွေအတွက် ဘယ်လောက်ကြီးတဲ့တာဝန်ပဲဖြစ်ဖြစ် ဝန်ထုပ်ဝန်ပိုးဖြစ်တယ်ဆိုတာ မရှိပါဘူး။ လွမ်းဆွတ်ခံစားနေရတာနဲ့စာရင် ကျန်တာတွေက ဘာမှမပြောပလောက်ပါဘူး”

ထိုစကားကြားသောအခါ မြဆင့်ဝေက ပြုံးလိုက်လေသည်။

“ကိုယ်က ဝေ့ကို တကယ်ပဲခေါ်သွားချင်လို့လား”

“ခေါ်သွားချင်တာပေါ့၊ ဝေ တစ်ခါက ပြောဖူးသလိုပေါ့။ ကိုယ့်အတွက် ပါရမီဖြည့်ဖက်တစ်ယောက် လိုနေတာတော့ အမှန်ပဲ၊ ဒါကြောင့် ဝေ သဘောတူရင် ဆရာကြီးဆီမှာ ခွင့်တောင်းလိုက်တော့မယ်နော်”

“ဝေကလဲ ချစ်သူတစ်ယောက်အနေနဲ့ ပါရမီဖြည့်ပေးချင်ပါတယ်၊ ကိုသဘောကျသလိုသာ စီစဉ်ပါတော့”

ဟု ကြည်ကြည်ဖြူဖြူနှင့် ခွင့်ပေးလေရာ ကျွန်ုပ်၏ဖော်လိုက်ကျော်ကြီးနီမောင်မှာ နှလုံးသားပီတိ ဝမ်းဆီထိသည်ပမာ အပျော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပျော်သွားပြီးနောက် နှစ်နှစ်ခြိုက်ခြိုက်ပြုံးကာ ချစ်သူလက်ကလေးကို ဆုပ်ကိုင်ထားလိုက်လေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (တစ္ဆေမြောင်ဝူမှ အရိပ်ဝိညာဉ်) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

*အနီယော ဟောတု သုခီအတ္တာနံ ပရိဟာရန္တု။*

ကြိုးစကြာ

စာပြီးချိန် ။ ။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်၊
အင်္ဂါနေ့။
ည ၁၁း၃၀ နာရီ (သတင်းကျွတ်လပြည့်နေ့ည)

BURMESE CLASSIC .com



www.burmeseclassic.com